# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် ကဆုန်လပြည့်ကျော် ၁၀ ရက် အင်္ဂါနေ့ 31, Tuesday May 2016 (၈၅၇၈)


**နှောင်တတစ်ဖန် မပူပန်ရ**

မကောင်းမှုကို မပြုခြင်းသည် မြတ်၏။ မကောင်းမှုသည် နောင်အခါ ပူပန်စေတတ်၏။ ကောင်းမှုကို ပြုခြင်းသည်ကား မြတ်၏။ ယင်းကောင်းမှုကို ပြုခြင်းကြောင့် နောင်တတစ်ဖန်မပူပန်ရ။

ခုဒ္ဒကနိကာယ်(ဓမ္မပဒ-၃၁၄)



နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ဖီဂျီသမ္မတနိုင်ငံသံအမတ်ကြီးနှင့် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့ ခန့်အပ်လွှာများပေးအပ်

စာမျက်နှာ - ၃

## ပြည်သူ့အတွက် ပထမ ရက် ၁၀၀

တိုင်းရင်းသားလူမျိုးများ၏အရေး ကာကွယ်စောင့်ရှောက်ရန် အသစ်ဖွဲ့စည်းလိုက်သည့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၏ ရက် ၁၀၀

စာမျက်နှာ ၁၆ ၁၇



# ရွှေဂုံတိုင်ခုံးကျော်တံတားတည်ဆောက်မှုတွင် ဒေသစံနှုန်းနှင့် တွက်ချက်မှုများယွင်းခြင်း၊ ဝင်ငွေခွန်ပေးဆောင်ရန် လိုအပ်ခြင်းတို့အတွက် နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းငွေ ကျပ် ၂၂ သိန်းကျော်ရှိ

သတင်း-ဆုနင်းလှဲ၊ ဓာတ်ပုံ-ဇေယျာလင်း

ရန်ကုန်မြို့ ရွှေဂုံတိုင်ခုံးကျော်တံတား တည်ဆောက်ခဲ့မှုတွင် စစ်ဆေးတွေ့ရှိချက်များအရ ဒေသစံနှုန်းနှင့် တွက်ချက်မှု မှားယွင်းခြင်းများရှိခဲ့ခြင်းနှင့် ဝင်ငွေခွန်ပေးဆောင်ရန် လိုအပ်ခြင်းတို့ကြောင့် စီမံကိန်း ခွင့်ပြုငွေစုစုပေါင်းမှ နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းငွေ ကျပ် ၂၂ သိန်းကျော်ရှိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်၏ ပြောကြားချက်အရ သိရသည်။

ရွှေဂုံတိုင် ခုံးကျော်တံတားကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းအသုံးစရိတ်များထဲမှ ခွင့်ပြုငွေကျပ်သန်းပေါင်း ၁၇၄၄၁ သန်းဖြင့် Capital Development ကုမ္ပဏီက တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ထိုသို့တည်ဆောက်ခဲ့ရာတွင် စစ်ဆေးတွေ့ရှိချက်များနှင့် နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းငွေကို သိရှိလိုကြောင်း ရန်ကုန်တိုင်းဒေသကြီး ဆိတ်ကြီးခနောင်တိုမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းက ဒုတိယအကြိမ်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



ရွှေဂုံတိုင်ခုံးကျော်တံတား ညမြင်ကွင်းကို ဝေဟင်မှ တွေ့ရစဉ်။




# ရေဝတီတိုင်းဒေသကြီးအတွင်း လယ်ယာနှင့် သားငါးထုတ်လုပ်မှုပိုမိုဖွံ့ဖြိုးရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကွင်းဆင်းဆွေးနွေး

**နေပြည်တော် မေ ၃၀**

လယ်ယာကဏ္ဍနှင့် သားငါးကဏ္ဍတို့မှ ထုတ်လုပ်မှုများသည် စားနပ်ရိက္ခာဖူလုံပိုလျှံရေးသာမက အာဟာရပြည့်ဝသော စားသောက်မှုစနစ်သစ် ထူထောင်နိုင်ရေးအတွက် အလွန်အရေးပါသော ကဏ္ဍကြီးဖြစ်ကြောင်း၊ နိုင်ငံတကာ စံချိန်စံညွှန်းမီ ဈေးကွက်ဝင်သော ထုတ်ကုန်များအဖြစ် ရေရှည်တည်တံ့သော လုပ်ငန်းစဉ်များဖြစ်ပေါ်လာရေးနှင့် ကဏ္ဍပေါင်းစုံမှ တစ်ပြိုင်တည်းဖွံ့ဖြိုးတိုးတက်လာရေးတို့အတွက် ပညာရှင်များ၊ လုပ်ငန်းရှင်များနှင့် တောင်သူများ ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း လယ်ယာနှင့် သားငါးထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးရေးဆိုင်ရာများ ကွင်းဆင်းဆောင်ရွက်စဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆွေးနွေးပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် မေ ၂၉ ရက် နံနက် ၁၀ နာရီတွင် ဖျာပုံမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနရုံး ဇင်းဘောင်ရိပ်သာခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေပေးမြောင်း၊ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်ရေး၊ ရေတံခါးများနှင့် ရေဘေးကာကွယ်ရေး တာတမံများကို မိုးမကျမီ ပြုပြင်မှုများပြီးစီးရေးနှင့် ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များကျရောက်လာပါက ဒေသအတွက် ထိခိုက်မှုအနည်းဆုံးအခြေအနေဖြင့် ရင်ဆိုင်ကျော်လွှားနိုင်ရေးအစီအမံများ ဆောင်ရွက်ထားရှိရေး၊ နိုင်ငံတော်၏ ရက် ၁၀၀ စီမံချက်ကို အကောင်အထည်ဖော်ရာတွင် ဦးစားပေးလုပ်ငန်းများအလိုက် ဆောင်ရွက်ကြရမည် ဖြစ်သကဲ့သို့ စီမံချက် ကာလအတွက်သာမက နောင်ရေရှည် အကျိုးဖြစ်ထွန်းရေးအတွက်ပါ မျှော်မှန်းဆောင်ရွက်ကြစေလိုကြောင်း၊ ကာလအပိုင်းအခြားတစ်ခု သတ်မှတ်ပေးခြင်းသည် လုပ်ငန်းများ အရှိန်အဟုန် ကောင်းကောင်းဖြင့် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် တွန်းအားတစ်ခုအဖြစ် ခံယူဆောင်ရွက်ကြစေလိုပါကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့မှတစ်ဆင့် ဘိုကလေးမြို့နယ် သက်ဝကျေးရွာ တောင်သူပညာပေးစခန်း၌ ဒေသနေတောင်သူလယ်သမားများနှင့် ခင်မင်ရင်းနှီးစွာ တွေ့ဆုံပြီး လယ်ယာနှင့် သားငါး ထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် တောင်သူလယ်သမားများက လယ်ယာကဏ္ဍလုပ်ငန်းများအတွက် လိုအပ်ချက်များ၊ အခက်အခဲများနှင့် အကြံပြုချက်များ တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးရာ စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးရာတွင် မိမိတို့နိုင်ငံ၏ အဓိကသီးနှံဖြစ်သော ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကို ဦးစားပေးဆောင်ရွက်ခဲ့ရသကဲ့သို့ ပြည်ထောင်စုရန်ပုံငွေမူဘောင်အတွင်းမှလည်း ထည့်သွင်းစဉ်းစားခဲ့ကြောင်း၊ အခြားသီးနှံများအတွက် စိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေးနိုင်ရေးကိုလည်း တာဝန်ရှိသူများအနေဖြင့် ချင့်ချိန်တွက်ဆလျက်ရှိနေကြောင်း၊ နိုင်ငံတော်အပိုင်းမှ စိုက်ပျိုးစရိတ်ထုတ်ချေးပေးနိုင်ရေးသာမက နည်းပညာပံ့ပိုးရေး၊ ဒေသရေမြေ၊ ရာသီဥတုနှင့် ကိုက်ညီသော သီးနှံပုံစံများချမှတ်ပေးခြင်း၊ လယ်ယာလုပ်ငန်းသုံး စက်ကိရိယာများကို တောင်သူတိုင်း လက်လှမ်းတမီ သုံးစွဲနိုင်ရေး၊ စနစ်ကျလယ်ယာမြေများ ဖော်ထုတ်ပေးရေး၊ ထွက်ကုန်များကို စားသုံးသူ ဈေးကွက်အရောက် တိုက်ရိုက်တင်ပို့ရောင်းချနိုင်ရေး အပါအဝင် လယ်ယာကဏ္ဍဖွံ့ဖြိုးပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေး အစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ တောင်သူလယ်သမားများအနေဖြင့် ပူးပေါင်းပါဝင်ကြိုးပမ်းပေးကြစေလိုကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တောင်သူပိုင် လယ်ယာသုံးစက်ကိရိယာများ ကျေးရွာအရောက်ကွင်းဆင်းပြုပြင်

**နေပြည်တော် မေ ၃၀**

နေပြည်တော် ကောင်စီနယ်မြေ စက်မှုလယ်ယာဦးစီးဌာန တိုင်းဦးစီးမှူး၏လမ်းညွှန်မှုဖြင့် ပျဉ်းမနားမြို့ အမှတ်(၈၄) စက်မှုလယ်ယာစခန်းမှ မြို့နယ်ဦးစီးမှူးနှင့် စက်ပြင်ဝန်ထမ်းများက တောင်သူများလယ်ယာလုပ်ငန်းခွင်သို့ အချိန်မီဝင်ရောက်နိုင်ရန် မြို့နယ်အတွင်းရှိ တောင်သူပိုင် လယ်ယာသုံးစက်ကိရိယာများ ကြံ့ခိုင်ရေးနှင့် စက်စွမ်းအားပြည့် အသုံးပြုနိုင်ရေးအတွက် ကျေးရွာအရောက် ကွင်းဆင်းပြုပြင် ဆောင်ရွက်ခြင်းကို မေ ၂၈ ရက်နှင့် ၂၉ ရက်တို့ တွင် ပုရွက်ဆိတ်ကုန်း၊ ဇီးဖြူပင်နှင့် လဲလူးအိုင်ကျေးရွာတို့၌ စက်များပြင်ဆင် ဆောင်ရွက်ပေးခဲ့သည်။ အမှတ် (၈၄) စက်မှုလယ်ယာစခန်းအနေဖြင့် မြို့နယ်အတွင်း တောင်သူအကျိုးပြု စက်မှုလယ်ယာလုပ်ငန်းများကိုလည်း ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(၅၈၆)**



ကြေးမုံ

## အားလုံးအတွက် စနစ်တကျပူးပေါင်း

မြန်မာနိုင်ငံတွင် လူဦးရေအထူထပ်ဆုံးမြို့တော်၊ စီးပွားရေးအကောင်းဆုံးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့တွင် နေထိုင်ကြသည့် မြို့နေပြည်သူများ၏ လိုအပ်ချက်များ၊ စိန်ခေါ်မှုများမှာ များပြားလှသည်။ နေထိုင်ရေး၊ သွားလာရေး၊ သန့်ရှင်းရေး၊ လျှပ်စစ်မီး၊ သောက်သုံးရေ စသည်ဖြင့် မြို့နေလူထု၏ နေ့စဉ်လူမှုဘဝလိုအပ်ချက်များကို လက်တွေ့ဖြည့်ဆည်းပေးနိုင်ရန်မှာ လွယ်ကူသောအလုပ်မဟုတ်ချေ။

ထိုလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ရန်ကုန်မြို့ရှိ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးတို့က ခေတ်ကာလအပြောင်းအလဲအလိုက် တတ်နိုင်သလောက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ကြသော်လည်း ဆင့်ပါးစပ် နှမ်းပက်သကဲ့သို့ လိုအပ်ချက်များမှာ ပြည့်သည်ဟူ၍ မရှိချေ။ လူဦးရေထူထပ်သည့် မြို့တော်ကြီးတွင် စည်းကမ်းလိုက်နာမှု အားနည်းခြင်း၊ လုပ်နည်းကိုင်နည်းမမှန်ခြင်းတို့ကြောင့် လုပ်သလောက် အရာမရောက်ဖြစ်ခဲ့ရသည်ဟုလည်း ဆိုနိုင်သည်။

သို့သော် ပြောင်းလဲချိန်တန်ပြီဟု ကြွေးကြော်ထားသော အရပ်သားအစိုးရစတင်တာဝန်ယူချိန်တွင် ဖြေရှင်းရခက်ခဲသော ရန်ကုန်မြို့လူထုလိုအပ်ချက်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းနိုင်ခဲ့သည်ဟု ဆိုနိုင်သည်။ အိုးပိုင်အိမ်ပိုင်မရှိသော အခြေခံလူတန်းစားများအတွက် တန်ဖိုးနည်းအိမ်ရာစီမံကိန်းကို စတင်အကောင်အထည်ဖော်နေသည်။ ရေရရှိရေး၊ လျှပ်စစ်မီးလုံလောက်အောင်ရရှိရေးတို့ကို ကြိုးပမ်းဆောင်ရွက်နေဆဲဖြစ်သည်။

အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်ကြသော မြို့နေလူထု နိစ္စဓူဝလိုအပ်လျက်ရှိသော သယ်ယူပို့ဆောင်ရေးနှင့် အမှိုက်စွန့်ပစ်ရေးလုပ်ငန်းများကို စီမံဆောင်ရွက်နေပြီဖြစ်ရာ မည်သည့်အခါမှ မဖြေရှင်းနိုင်သော ပြဿနာကို မည်သို့ဖြေရှင်းမည်ကို စောင့်ကြည့်ရဦးမည်ဖြစ်သည်။ ရန်ကုန်မြို့တွင်းပြေးဆွဲနေသော ခရီးသည်တင်ယာဉ်လိုင်း ၃၀၀ ကျော်ရှိနေသော်လည်း ခရီးသည်အရေအတွက်နှင့် ပြေးဆွဲသောယာဉ်စီးရေကို တွက်ချက်ဆောင်ရွက်ခြင်းမရှိသဖြင့် ခရီးသွားများအဆင်မပြေခဲ့ချေ။ ယခုယာဉ်လိုင်း ၅၀ ဖြင့် စနစ်တကျပြေးဆွဲခြင်းဖြင့် ယာဉ်များစောင့်ဆိုင်းရခြင်း၊ ကျပ်တည်းစွာစီးနင်းရခြင်းတို့ လျော့ပါးသွားမည်ဟု ဆိုထားသည်။

ယခင်က ရန်ကုန်မြို့တွင် ယာဉ်စည်းကမ်းလိုက်နာမှုအားနည်းသောကြောင့် အဓိကလမ်းမကြီးများတွင် လမ်းလယ်တုံးများချထားခဲ့ရာ ယာဉ်စည်းကမ်းမလျော့နည်းသည့်အပြင် ယာဉ်တိုက်မှုများပါ ပိုတိုးလာသဖြင့် ယခုအခါ အဆိုပါလမ်းလယ်တုံးများအနက် ဖယ်ရှားသင့်သောလမ်းလယ်တုံးများကို ဖယ်ရှားတော့မည်ဟု ဆိုထားသည်။ ယခင်က အမှန်တကယ်အကျိုးသက်ရောက်မှု ရှိ၊ မရှိ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုမရှိဘဲ လမ်းလယ်တုံးများ ပြုလုပ်ဆောင်ရွက်ခဲ့သောကြောင့် ပြည်သူ့ဘဏ္ဍာငွေများ မကုန်ဆုံးသင့်ဘဲ ကုန်ဆုံးခဲ့ရသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရာတွင် ရန်ကုန်မြို့တွင်း နေ့စဉ်ပြေးဆွဲနေသော ယာဉ်စီးရေ ထောင်သောင်းမကတို့ကို ရှိသည့်ယာဉ်ထိန်းရဲများနှင့် ထိန်းသိမ်းနိုင်ရန်မှာ မဖြစ်နိုင်ချေ။ ယာဉ်ထိန်းရဲများနှင့်အတူ ယာဉ်ထူထပ်ရာနေရာများ၌ စေတနာ့ဝန်ထမ်း(Volunteer)များဖြင့် အခြားနိုင်ငံများတွင် ပူးပေါင်း ဆောင်ရွက်လေ့ရှိသည်။ ယခုမြန်မာနိုင်ငံတွင် ယာဉ်ထိန်းရဲများနှင့်အတူ မော်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များပါ ပူးပေါင်းဆောင်ရွက်မည်ဟုဆိုထားရာ ယခင်ကလည်းဆောင်ရွက်ခဲ့ဖူးသဖြင့် အားနည်းချက်များကို ရှောင်ရှား၍ ရည်ရွယ်ချက်အောင်မြင်အောင် အလေးထားဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်သည်။

နောက်ဖြေရှင်းမနိုင်သည့်ပြဿနာတစ်ခုမှာ ရန်ကုန်အမှိုက်ဖြစ်သည်။ အမှိုက်များကို စည်းကမ်းတကျ မစွန့်ပစ်သောကြောင့် ယခုကဲ့သို့မိုးရာသီကာလတွင် မိုးရွာတိုင်း ရန်ကုန်မြို့ပေါ်တွင် ရေလျှံမှုအမြဲဖြစ်ကာ သွားလာရေးအခက်အခဲဖြစ်ရသည်။ ရန်ကုန်မြို့တွင် နေ့စဉ်ထွက်ရှိသော အမှိုက်တန်ချိန် ၂၀၀၀ ကျော်ကို စည်ပင်သာယာရေးမှ သိမ်းဆည်းရသည်။ စည်ပင်သာယာမှ ယာဉ်၊ ပုံး၊ ကန်စသည်တို့ဖြင့် စနစ်တကျသိမ်းဆည်းနေသော်လည်း စည်းကမ်းလိုက်နာမှုအားနည်းသူများကြောင့် အမှိုက်ပြဿနာမှာ ဖြေရှင်းမရသောပြဿနာအဖြစ် ရှိနေသေးသည်။

မည်သို့ပင်ဖြစ်စေ ယခုအရပ်သားအစိုးရအနေဖြင့် ရန်ကုန်မြို့တော်ကို စည်းကမ်းတကျဖြစ်စေရေးအတွက် မဖြစ်မနေပြောင်းလဲဆောင်ရွက်နေပြီဖြစ်ရာ အဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းညှိနှိုင်းအဖြေရှာဆောင်နေကြသလို ပြည်သူများအနေဖြင့်လည်း မိမိတို့၏ မြို့တော်ကြီးတွင် အဆင်ပြေချောမွေ့စွာ သွားလာနေထိုင်နိုင်ရေးအတွက် မိမိတို့၏အဓိကလိုအပ်ချက်ဖြစ်သည့် စည်းကမ်းတကျ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးကို အလေးထား ပြောင်းလဲဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။ ။

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝင်းစိုး၊ ဒေါ်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှိုင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၈၃၃၅၀

ပြည်တွင်းရေးရာ

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ဖိဂျီသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့ ခန့်အပ်လွှာများပေးအပ်

**နေပြည်တော် မေ ၃၀**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ မြန်မာနိုင်ငံဆိုင်ရာ ဖိဂျီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာဖိလီမုန်းကူးသည် ယနေ့နံနက် ၁၀ နာရီတွင် လည်းကောင်း၊ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဂျုံဟိုဘွန်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင်လည်းကောင်း နေပြည်တော်ရှိ သမ္မတအိမ်တော်၌ သံအမတ်ခန့်အပ်လွှာများ ပေးအပ်ကြသည်။

သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဂျုံဟိုဘွန်အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

**❖ ရွှေဂုံတိုင်ခုံးကျော်တံတားမှ**
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(ပဉ္စမနေ့)တွင် မေးမြန်းခဲ့သည်။

"၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ရွှေဂုံတိုင် ခုံးကျော်တံတားအား စစ်ဆေးတွေ့ရှိချက်များအရ စံနှုန်းတွက်ချက်မှုများ မှားယွင်းခဲ့မှုများ ရှိခဲ့ပါသလား။ ထပ်တိုးဆောင်ရွက်သည့် လုပ်ငန်းများအပေါ်မှာ နိုင်ငံတော်ကို ပြန်လည်ပေးသွင်းရမည့် ငွေကို စစ်ဆေးတွေ့ရှိခဲ့ပါသလား။ စစ်ဆေးတွေ့ရှိခဲ့လျှင် နိုင်ငံတော်ကို ပေးသွင်းရမည့်ငွေ မည်မျှဖြစ်ကြောင်းနှင့် မည်သည့်နေ့က ငွေစာရင်းချလန်အမှတ်နှင့် ပေးသွင်းခြင်း ရှိ၊ မရှိကို သိရှိလိုပါကြောင်း" ဒေါ်စန္ဒာမင်းက မေးမြန်းခဲ့သည်။

အဆိုပါမေးမြန်းချက်ကို ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်က ပြန်လည်ဖြေကြားပေးခဲ့ခြင်းဖြစ်ပြီး ရွှေဂုံတိုင်ခုံးကျော်တံတားစီမံကိန်း ခွင့်ပြုငွေစုစုပေါင်း ၂၀ ဒသမ ၈၇ ဘီလီယံမှ စံနှုန်းကွာခြားခြင်း၊ ဒေသစံနှုန်းကွာခြားခြင်းနှင့် တွက်ချက်မှုမှားယွင်းခြင်း၊ ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ပေးသွင်းရန် လိုအပ်ခြင်းတို့အပါအဝင် နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရမည့် ငွေမှာ ကျပ် ၂၂ သန်းကျော်ဖြစ်ပြီး အဆိုပါငွေများအားလုံး ပြန်လည်ပေးသွင်းခဲ့ပြီးဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

"ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးကြပ်ဆောင်ရွက်သော ရွှေဂုံတိုင်ခုံးကျော်တံတား တည်ဆောက်ရေးလုပ်ငန်းများကိုလည်း စစ်ဆေးခဲ့ပြီး စစ်ဆေးတဲ့အစီရင်ခံစာကိုလည်း ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ရွှေဂုံတိုင်ခုံးကျော်တံတားသည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးကြပ်ဆောင်ရွက်သော တံတားဖြစ်ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၃ ဒသမ ၀၈၁ ဘီလီယံနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၄ ဒသမ ၃၆ ဘီလီယံ စုစုပေါင်း ခွင့်ပြုငွေကျပ် ၁၇ ဒသမ ၄၄၁ ဘီလီယံဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီက ၂၁-၁-၂၀၁၆ ရက်စွဲပါစာဖြင့် စီမံကိန်းလုပ်ငန်း တန်ဖိုးကျပ် ၁၇ ဒသမ ၄၄၁ ဘီလီယံနှင့် ထပ်တိုးလုပ်ငန်းများအတွက် လုပ်ငန်းခန့်မှန်းခြေစာရင်း တန်ဖိုးကျပ် ၃ ဒသမ ၄၃ ဘီလီယံ စုစုပေါင်းလုပ်ငန်း တန်ဖိုးကျပ် ၂၀ ဒသမ ၈၇ ဘီလီယံဖြင့် ခွင့်ပြုခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဒေါ်ခင်သန်းလှက ပြန်လည်ဖြေကြားရာတွင် ထည့်သွင်းပြောကြားသွားခဲ့ပြီး အဆိုပါတည်ဆောက်ရေးစီမံကိန်း ခွင့်ပြုငွေစုစုပေါင်းမှ နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရမည့်ငွေ စုစုပေါင်း ၂၂ သန်းကျော်နှင့် နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းခဲ့ပြီးဖြစ်ကြောင်း ချလန်အမှတ်များဖြင့် ပြန်လည်ဖြေကြားသွားခဲ့သည်။

ပြီးခဲ့သည့် အစိုးရလက်ထက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်ကြောပိတ်ဆို့မှုဖြေရှင်းရန်အလို့ငှာ ခုံးကျော်တံတားစီမံကိန်းများကို ကျပ်ဘီလီယံ ၁၀၀ ကျော် အသုံးပြုတည်ဆောက်ခဲ့သော်လည်း ယာဉ်ကြောပိတ်ဆို့နေမှုများ အမှန်တကယ်ဖြေရှင်းနိုင်ခြင်းမရှိဘဲ တံတားအဆင်းနှင့် လမ်းဆုံများ၊ လမ်းသွယ်များတွင်ပါ ယာဉ်ကြောပိတ်ဆို့နေမှုများကို ကြုံတွေ့လာရသည်ဟု သိရသည်။ ယင်းကြောင့် ယခုဘဏ္ဍာရေးနှစ်တွင် ယခင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီး အထူးစီမံကိန်းအဖြစ် ဆောင်ရွက်မည့် တင်ပြထားခဲ့သော ခုံးကျော်တံတား နှစ်စင်းတည်ဆောက်ရန် လျာထားငွေ ၃၂ ဒသမ ၂၂ ဘီလီယံကို ယခုအစိုးရအနေဖြင့် တံတားနှစ်စင်း တည်ဆောက်ခြင်းအစား ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်ပြင်ပ မြို့နယ်များ၊ ကျေးရွာများ ဖွံ့ဖြိုးရေးလုပ်ငန်းများကို တည်ဆောက်မည့် ဘတ်ဂျက်ငွေနည်းပါးလွန်းသောကြောင့် အဆိုပါလုပ်ငန်းများတွင် တံတားတည်ဆောက်မည့်ငွေကြေးကို အသုံးပြုဆောင်ရွက်သွားမည်ဟု သိရသည်။ ယင်းအပြင် ရန်ကုန်မြို့တော် ယာဉ်ကြောရှင်းလင်းရေးလုပ်ငန်းများကို မီးပွိုင့်ထိန်းချုပ်စနစ်ဆောင်ရွက်ခြင်း၊ ယာဉ်လိုင်းစနစ်များပြုပြင်ခြင်း၊ အများပိုင်ဘတ်စ်ကား လိုင်းတိုးချဲ့ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြပ်မတ်ခြင်းတို့ကို ဆောင်ရွက်သွားမည်ဟု သိရသည်။ ■

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန်/ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်းအား ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် မေ ၃၀**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် Memory Cinema မှ Co-Managing Director Ms.Severine Wemaere နှင့် အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် Memory International Heritage Film Festival ကျင်းပမည့် ကိစ္စရပ်များနှင့် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။
**(သတင်းစဉ်)**



# ဝန်ထမ်းများစိတ်ဓာတ်ခွန်အားများတိုးပွားစေရန် ဟောပြောပွဲကျင်းပ

**နေပြည်တော် မေ ၃၀**
ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းလက်အောက်ရှိ ဝန်ထမ်းများ စဉ်ဆက်မပြတ် ပညာဆည်းပူးလေ့လာစေရန်နှင့် စိတ်ဓာတ်ခွန်အားများ ရရှိစေရန် ရည်ရွယ်၍ မေ ၃၀ ရက်က နေပြည်တော် ဇေယျာသီရိမြို့နယ် ကြေးမုံသတင်းစာတိုက်ရှိ ဘိုးဝဇီရခန်းမ၌ ဟောပြောပွဲကျင်းပသည်။ **(ဝဲပုံ)**

အဆိုပါဟောပြောပွဲကို မန္တလေးမြို့ရှိ စည်သူရောင်းဝယ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်မြင့်ထွန်းနှင့် Lucky Home Group of Company မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်သီတာစန်းတို့က မိမိတို့စီးပွားရေးလုပ်ငန်းတွင် ဖြတ်သန်းလာခဲ့သည့် ဘဝစိန်ခေါ်မှုအမျိုးမျိုး၊ တွေ့ကြုံခဲ့ရသည့်အခက်အခဲ အကျပ်အတည်းများ၊ စိတ်ဓာတ်ခွန်အားခိုင်ကြည်ရန် ကျင့်ကြံအားထုတ်မှုများ၊ စီးပွားရေးအတွေးအမြင်များ၊ ဝန်ထမ်းများအတွက် စိတ်စွမ်းရည်တိုးတက်ဖွယ်ရာများကို ဟောပြောဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ မြန်မာ့အလင်း၊ ကြေးမုံနှင့် နေပြည်တော်သတင်းစာတိုက်တို့မှ ဝန်ထမ်းများ တက်ရောက်ကြပြီး ဟောပြောချက်များအပေါ် မိမိတို့သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ၎င်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်း-သိမ့်သိမ့်မိုး**
**ဓာတ်ပုံ-ငွေကြယ်**

# တောင်ကိုရီးယားသမ္မတရာထူးအတွက် ဘန်ကီမွန်း ဝင်ရောက်ယှဉ်ပြိုင်ဖွယ်ရှိ



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း

**ဆိုးလ် မေ ၃၀**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းသည် လာမည့်နှစ်တွင် ၎င်း၏မိခင်နိုင်ငံဖြစ်သည့် တောင်ကိုရီးယားတွင်ကျင်းပမည့် ရွေးကောက်ပွဲတွင် သမ္မတရာထူးအတွက် ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံသွားဖွယ်ရှိသည်ဟု သိရသည်။

ဘန်ကီမွန်းသည် မေ ၂၉ ရက်တွင် ဂျီဆောင်းမင်းဆက်လက်ထက်ကတည်းက အိမ်များကို ထိန်းသိမ်းထားသည့် တောင်ကိုရီးယားရွာတစ်ရွာသို့ သွားရောက်ခဲ့ပြီး ရိုးရာယဉ်ကျေးမှုများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပတ်သက်၍ ဒေသခံပြည်သူများနှင့် ဆွေးနွေးညှိနှိုင်းခဲ့သည်။ ဘန်ကီမွန်းသည် ဂျပန်နိုင်ငံတွင် ကျင်းပသည့် ဂျီ ၇ ထိပ်သီးဆွေးနွေးပွဲမှတစ်ဆင့် မေ ၂၇ ရက်တွင် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံ၏ အစိုးရပါတီက လာမည့်နှစ် ဒီဇင်ဘာလတွင် ကျင်းပမည့်ရွေးကောက်ပွဲတွင် ဘန်ကီမွန်း သမ္မတလောင်းအဖြစ် ဝင်ရောက်အရွေးချယ်ခံ ယှဉ်ပြိုင်မည်ဟူသော ကောလာဟလများကို ပျံ့နှံ့စေလိုသည်။ သို့သော်လည်း ဘန်ကီမွန်းကိုယ်တိုင်က ၎င်း၏ ရည်ရွယ်ချက်ကို ပြတ်ပြတ်သားသားချမှတ်နိုင်ခြင်း မရှိသေးသကဲ့သို့ ၎င်း၏ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးသက်တမ်း တာဝန်မှာလည်း ယခုနှစ်ကုန်တွင်မှ ပြီးဆုံးမည်ဖြစ်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တာဝန်များ ဒီဇင်ဘာလကုန်တွင်ပြီးဆုံးသည့်အခါ တောင်ကိုရီးယားနိုင်ငံသားတစ်ဦးအနေဖြင့် ၎င်း၏အနာဂတ်ကို စဉ်းစားဆုံးဖြတ်သွားမည်ဟု ဘန်ကီမွန်းက တောင်ကိုရီးယားမီဒီယာများကို ပြောကြားသည်။ ဘန်ကီမွန်းသည် တောင်ကိုရီးယားသို့ ပြန်လည်ရောက်ရှိနေစဉ်ကာလအတွင်း ဝန်ကြီးချုပ်ဟောင်းများအပါအဝင် ဝါရင့်နိုင်ငံရေးသမားများနှင့် တွေ့ဆုံခဲ့သည်ဟု ဆိုသည်။

**အင်န်အိတ်ချ်ကေ**

# ဆင်မကြီး ဟာနာကို သေဆုံးမှုအတွက် ထိုင်းလူမျိုးများ ဝမ်းနည်းပူဆွေး

**ဘန်ကောက် မေ ၃၀**

ထိုင်းနိုင်ငံတွင် မွေးဖွားခဲ့သည့် ဂျပန်နိုင်ငံ၏ အသက်အကြီးဆုံးဆင်ကြီး သေဆုံးသွားသည့်အတွက် ထိုင်းလူမျိုးများ ဝမ်းနည်းပူဆွေးလျက်ရှိကြသည်။

ဟာနာကိုဟု အမည်ပေးထားသည့် အာရှဆင်မကြီးသည် မေ ၂၆ ရက်က ဂျပန်နိုင်ငံရှိ တိုကျိုတိရစ္ဆာန်ရုံတစ်ရုံ၌ အသက် (၆၉)နှစ်အရွယ်တွင် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံက အဆိုပါဆင်မကြီး ၁၉၄၉ ခုနှစ်တွင် ဂျပန်နိုင်ငံသို့ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အမှတ်လက္ခဏာအဖြစ် ပေးပို့ခဲ့ခြင်းဖြစ်သည်။



ထိုင်းလူမျိုးများက မေ ၂၉ ရက်တွင် အယုဒ္ဓယမြို့ရှိ ကမ္ဘာ့လှည့်ခရီးသွားများအတွက် ဝန်ဆောင်မှုပေးသည့် ဆင်စခန်းတွင် ဆင်မကြီးဟာနာကိုအတွက် သတိရအောက်မေ့ဖွယ်အခမ်းအနားကျင်းပခဲ့သည်။ ဆင်မကြီး၏ ဓာတ်ပုံတစ်ပုံနှင့် ဆင်မကြီး ကောင်းရာမွန်ရာဘဝရောက်ပါစေဟု ဆန္ဒပြုဖော်ပြထားသည့် စာတမ်းတစ်ခုကိုလည်း ချိတ်ဆွဲထားခဲ့သည်။

အခမ်းအနားကျင်းပရေး တာဝန်ရှိသူတစ်ဦးက ဆင်မကြီးဟာနာကိုသည် ထိုင်း-ဂျပန်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၏ သင်္ကေတဖြစ်သကဲ့သို့ ဆင်မကြီးကြောင့်ပင် ဂျပန်ခရီးသွားမြောက်မြားစွာတို့က ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ကြသည်ဟု ပြောကြားသည်။

ဗုဒ္ဓဘာသာဘုန်းတော်ကြီးတစ်ပါးက တရားဒေသနာများဟောကြားပေးပြီး လူ ၄၀ ခန့်က ဆင်မကြီးအတွက် ဆုတောင်းမေတ္တာများ ပို့သကြသည်။ ဆင်မကြီး ဟာနာကိုသည် ဂျပန်ကလေးငယ်များ၏ ချစ်ခင်နှစ်သက်မှုကို ရရှိသကဲ့သို့ နှစ်နိုင်ငံအပြန်အလှန်ချစ်ကြည်ရင်းနှီးမှု၏ တံတားတစ်စင်းလည်းဖြစ်သည်ဟု အမျိုးသမီးတစ်ဦးက ပြောသည်။ ထိုင်းသတင်းမီဒီယာများကလည်း ဆင်မကြီး ဟာနာကို သေဆုံးမှုသတင်းကို ကျယ်ကျယ်ပြန့်ပြန့် ရေးသားဖော်ပြကြသည်။

**အင်န်အိတ်ချ်ကေ**

# ပလူတိုဂြိုဟ် မျက်နှာပြင်အား အနီးကပ်တွေ့မြင်ရသည့်ပုံများကို ပေးပို့ပြီ


**ဝါရှင်တန် မေ ၃၀**

အမေရိကန် အာကာသအေဂျင်စီ (နာဆာ)၏ အာကာသစူးစမ်းလေ့လာရေးယာဉ်သည် ပလူတိုဂြိုဟ် မျက်နှာပြင်အား အနီးကပ်ရိုက်ကူးထားသော ဓာတ်ပုံများကို ရိုက်ကူးကာ ကမ္ဘာမြေပြင်သို့ ပြန်လည်ပေးပို့နိုင်ပြီဖြစ်ကြောင်း ကော်လိုရာဒိုပြည်နယ်ရှိ အနောက်တောင်ဒေသ သုတေသနသိပ္ပံမှ စူးစမ်းလေ့လာရေးမှူး အလန်စတန်းက မေ ၃၀ ရက်တွင် ပြောကြားသည်။

ပလူတိုဂြိုဟ်၏ မြေမျက်နှာပြင်ကို အသေးစိတ်အကျဆုံး မြင်ကွင်းပုံရိပ်များဖြင့် လေ့လာနိုင်ပြီဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

နာဆာ၏ နယူးဟော်ရိုက်ဇင် အမည်ရှိ အာကာသစူးစမ်းလေ့လာရေးယာဉ်သည် လွန်ခဲ့သည့် ရှစ်လက ပလူတိုဂြိုဟ်အနီးအပါးသို့ ရောက်ရှိခဲ့သည်။ ယင်းယာဉ်ပေါ်ရှိ အဆင့်မြင့်နည်းပညာသုံးကင်မရာက အနုစိတ်ပုံရိပ်များအား ဖော်ပြနိုင်သော ဓာတ်ပုံများကို ရိုက်ကူးကာ ပြန်လည်ပေးပို့လျက်ရှိသည်။

**ပီတီအိုင်**




# မြောက်ကိုရီးယားက ဒုံးကျည်ပစ်လွှတ်ဖွယ်ရှိသဖြင့် ဂျပန်တွင် စစ်ရေးအရ တပ်လှန့်ထား

**တိုကျို မေ ၃၀**

မြောက်ကိုရီးယားနိုင်ငံက ပဲ့ထိန်းဒုံးကျည် ပစ်လွှတ်ဖွယ်ရှိနေခြင်းကြောင့် ဂျပန်နိုင်ငံတွင် စစ်ရေးအရ တပ်လှန့်ထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂျပန်နိုင်ငံဘက်သို့ ဦးတည်လာသော မည်သည့်ဒုံးကျည်ကိုမဆို ပစ်ချနိုင်ရေးအတွက် အသင့်ပြင်ဆင်ထားရန် ရေတပ်ဖျက်သင်္ဘောများနှင့် ပဲ့ထိန်းဒုံးကျည်ခွင်းပက်ထရီယော့ ဒုံးကျည်ကာကွယ်ရေးတပ်ဖွဲ့များကို ညွှန်ကြားထားကြောင်း အမည်မဖော်သူ အစိုးရအဖွဲ့တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။

ဂျပန်နိုင်ငံ၏ ပဲ့ထိန်းဒုံးကျည်တိုက်ဖျက်ရေးတပ်ဖွဲ့သည် ယခုနှစ်အတွင်း စစ်ရေးအရ တပ်လှန့်ရမှု နှစ်ကြိမ်ထက်မနည်းရှိခဲ့ကြောင်း၊ မြောက်ကိုရီးယားနိုင်ငံက ဒုံးကျည်ပစ်ခတ်မည့်လက္ခဏာများကို စုံစမ်းဖော်ထုတ်တွေ့ရှိရပါက စစ်ရေးအရ တပ်လှန့်မှုပြုလုပ်ရလေ့ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံသည် ဇန်နဝါရီလတွင် စတုတ္ထမြောက် နျူကလီးယားစမ်းသပ်မှုပြုလုပ်ခဲ့ပြီး ဒုံးကျည်အမျိုးမျိုးကိုလည်း ပစ်ခတ်စမ်းသပ်ခဲ့သည်။

ဂျပန်နိုင်ငံသည် ဂျပန်ပင်လယ်အတွင်း ပဲ့ထိန်း ဒုံးကျည်ကာကွယ်ရေးစနစ်တပ်ဆင်ထားသော စစ်ရေယာဉ်များ ဖြန့်ကြက်ထားသည်။ ပဲ့ထိန်းဒုံးကျည်များ၏ ထိပ်ဖူးများကို အာကာသအတွင်းမှာပင် ဖြိုခွင်းပစ်ချနိုင်စွမ်းရှိသော အက်စ်အမ်-၃ ဒုံးကျည်များကို ယင်းစစ်ရေယာဉ်များတွင် တပ်ဆင်ထားသည်။

**ရိုက်တာ**



# မက္ကဆီကိုမြောက်ပိုင်း၌ ပြန်ပေးဆွဲခံရသော ဘောလုံးအကျော်အမော်တစ်ဦးကို ကယ်တင်ပေးနိုင်

**မက္ကဆီကိုစီးတီး မေ ၃၀**

မက္ကဆီကိုလူမျိုး ဘောလုံးအကျော်အမော်တစ်ဦးဖြစ်သူ အလန်ပူလီဒိုသည် ၎င်း၏ ဇာတိမြို့၌ ပြန်ပေးဆွဲခံခဲ့ရပြီး တစ်ရက်အကြာတွင် တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ၎င်းကို ကယ်တင်ပေးနိုင်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ဂရိဘောလုံးအသင်းဖြစ်သော အိုလံပီယာကော့စ်အသင်း၏ တိုက်စစ်မှူးတစ်ဦးဖြစ်သူ ပူလီဒိုသည် မက္ကဆီကို နိုင်ငံမြောက်ပိုင်း တာမူလီပတ်ပြည်နယ်ရှိ ၎င်း၏နေအိမ်မှ မေ ၂၈ ရက်တွင် ပြန်ပေးဆွဲခံခဲ့ရသည်။

အသက်(၂၅)နှစ်ရှိ ပူလီဒိုသည် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် မက္ကဆီကိုအမျိုးသားလက်ရွေးစင်အသင်း၏ ဘောလုံးသမားတစ်ဦးဖြစ်ပြီး ၎င်း၏ ဇာတိမြေ ဆီယူဒက်ဗစ်တိုးရီးယားမြို့ရှိ နေအိမ်မှ ပြန်ပေးဆွဲခံခဲ့ရသည်။ မေ ၂၈ ရက် အရုဏ်တက်ချိန်တွင် လက်နက်ကိုင်ဆောင်ထားသော အမျိုးသားခြောက်ဦးက ပူလီဒိုကို ပြန်ပေးဆွဲခေါ်ဆောင်သွားခဲ့သည်ဟု ၎င်း၏ မိသားစုက အာဏာပိုင်များထံ အကြောင်းကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စု၏ တက္ကဆက်ပြည်နယ်နှင့် နယ်စပ်ချင်း ထိစပ်နေသော တာမူလီပတ်ပြည်နယ်သည် တရားဥပဒေစိုးမိုးမှုအားနည်းနေသောဒေသဖြစ်ပြီး ပြန်ပေးဆွဲခံရသူ ဘောလုံးသမားကို တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ ကြည်းကြောင်းနှင့် လေကြောင်းတို့မှ ရှာဖွေမှုများ ပြုလုပ်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပူလီဒိုကို ဘေးမသီရန်မခ ကယ်တင်ပေးနိုင်ခဲ့သည်။

**ရိုက်တာ**

# ပင်လယ်ကမ်းခြေဒေသများရှိ ပြည်သူများ၏ သဘာဝဘေးအန္တရာယ်လုံခြုံရေးနှင့်ဂေဟစနစ်များ မပျက်သုဉ်းစေရေးအတွက် ဒီရေတောများဖွံ့ စည်းသင့်

**နေပြည်တော် မေ ၃၀**
ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်အတွင်းရှိပင်လယ်ကမ်းခြေတွင် ဒီရေတောများဖွံ့စည်းပေးရန်အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့သည်။

ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညိုက ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် တင်သွင်းခဲ့ခြင်းဖြစ်ပြီး ကမ်းရိုးတန်းဒေသများ၊ ပင်လယ်ကမ်းခြေဒေသများရှိပြည်သူများ၏ သဘာဝဘေးအန္တရာယ်လုံခြုံရေးနှင့် ဂေဟစနစ်များ မပျက်သုဉ်းစေရေးအတွက် ဒီရေတောများဖွံ့စည်းသင့်ကြောင်းကို ထောက်ပြထားသည်။

ထို့ပြင် အစည်းအဝေးတွင် ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက်၏ ကျောက်တံတားမြို့နယ်အတွင်း၌ မဲစာရင်းများ မှားယွင်းနေမှုအပေါ် ရွေးကောက်ပွဲကော်မရှင်အနေဖြင့် နောင်လာမည့်ရွေးကောက်ပွဲကာလ၌ မဲစာရင်းမှန်ကန်နိုင်စေရန် မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို သိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးလှတင့်က နောင်လာမည့်ရွေးကောက်ပွဲများတွင် မဲစာရင်းမှန်ကန်စေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပြုစုခဲ့သောမဲဆန္ဒရှင်များအားအခြေခံ၍ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး အိမ်တိုင်ရာရောက် မဲဆန္ဒရှင်စာရင်းကောက်ယူပြီး ပိုမိုပြည့်စုံတိကျမှန်ကန်စေရေး ဆောင်ရွက်သွားရန် စီစဉ်ထားရှိပါကြောင်း၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ မဲဆန္ဒရှင်ပြည်သူများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း၏ ကချင်ပြည်နယ် မံစီမြို့နယ်တွင် ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောတွင်း ကျရောက်လျက်ရှိသော ကျေးရွာများ၊ ကျေးရွာမြေများအား သစ်တောဧရိယာမှ ပယ်ဖျက်ပေးရန်


ပြည်ထောင်စုဝန်ကြီး
ဦးအုန်းဝင်း


ဒေးဒရဲမဲဆန္ဒနယ်မှ
ဒေါက်တာဒေါ်ခင်ညို

အစီအစဉ်ရှိ၊ မရှိနှင့် လူဦးရေတိုးတက်လာသည်နှင့်အမျှ လူနေအိမ်များ တိုးချဲ့လုပ်ဆောင်နိုင်ရန်နှင့် စိုက်ပျိုးမြေများ တိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် ကြိုးပြင်ကာကွယ်တောဧရိယာများလျှော့ချပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ရှိမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်၊ မရှိပါက အဘယ်ကြောင့်မရှိသည်တို့ကို သိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ်တွင် သစ်တောကြိုးဝိုင်း ၁၁ ခု၊(ဧရိယာ တစ်သိန်းကျော်)၊ ကြိုးပြင်ကာကွယ်တော ကိုးခု၊ (ဧရိယာ သုံးသိန်းကျော်) စုစုပေါင်း သစ်တောမြေ လေးသိန်းငါးသောင်းကျော်ရှိပြီး နယ်မြေလုံခြုံရေးကောင်းမွန်မှုမရှိသဖြင့် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီနှင့် မတ်လများတွင် သစ်တောမြေအတွင်း ကျူးကျော်မှုစာရင်းအား မြို့နယ်အတွင်းနေရာအားလုံးတွင် ကောက်ယူနိုင်ခြင်း မရှိခဲ့ပါကြောင်း။

မံစီမြို့နယ်အတွင်း စာရင်းကောက်ယူရရှိသည့် လုံဂျာကြိုးဝိုင်း၏ တစ်စိတ်တစ်ဒေသဖြစ်သော ကောင်ရာရပ်ကွက်မြေ (၂ ဒသမ ၇၁) ဧက၊ ပြင်ဦးလွင်ရပ်ကွက်မြေ (၇ ဒသမ ၁၅)ဧကနှင့် သာသနာ/အများပိုင်မြေ (၁၈ ဒသမ ၀၄)ဧက စုစုပေါင်း (၂၇ ဒသမ ၉)ဧကအား သစ်တောမြေမှ ပယ်ဖျက်ပေးပြီးဖြစ်ပါကြောင်း၊ နယ်မြေလုံခြုံရေးအခြေအနေကောင်းမွန်ပါက ဌာနစုံပါဝင်သော စုပေါင်းအဖွဲ့ဖြင့် စာရင်းကောက်ယူ၍ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများအတွင်း နှစ်အတန်ကြာ ကျူးကျော်နေထိုင်လုပ်ကိုင်လျက်ရှိသော ကျေးရွာများမှ လယ်၊ ရွာမြေ၊ သာသနာ/အများပိုင်မြေများအား သစ်တောမြေအဖြစ်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပယ်ဖျက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ကရင်ပြည်နယ် ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၏ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ကျေးရွာများမှ ပြည်သူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ရာတွင် မိုးပွင့်စီမံချက်များအတိုင်း မြန်ဆန်စွာသတ်မှတ်နှုန်းထားအတိုင်း သက်သာသောစရိတ်နှုန်းထားဖြင့် နိုင်ငံသားတိုင်းအပေါ် တစ်ပြေးညီဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ကရင်ပြည်နယ်အတွင်း မြို့နယ် ကိုးမြို့နယ်၌ NRC ၏ပံ့ပိုးမှုဖြင့် တစ်လလျှင် အနည်းဆုံး တစ်ကြိမ်နှုန်းဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏အစီအစဉ်ဖြင့်လည်းကောင်း၊ ကျေးရွာတာဝန်ရှိသူများ၏ ဖိတ်ခေါ်မှုအရလည်းကောင်း၊ ကျေးရွာအရောက်လုပ်ငန်းများ အခမဲ့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဘားအံမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်း ၂၃၀၀ စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို ၉၆၇၈ ဦးအား ဆောင်ရွက်ထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။ **(သတင်းစဉ်)**

# ဖလမ်းမြို့သစ်(လုံပီး)မြို့ပြစီမံကိန်းအတွက် တိုးချဲ့ရပ်ကွက်ရေိယာအတွင်းပါဝင်မည့် ကျေးရွာများ၏ရေိယာများကို ပြန်လည်တိုင်းတာပြီး တည်ဆောက်ရန်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၃၀**
ဖလမ်းမြို့ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းသို့ ပြောင်းရွှေ့လိုသူများအား လူမှုအဆောက်အအုံဇုန် Proposed Location for Sport Complex နှင့် အထက်တန်းကျောင်း ဆောက်ရန်လျာထားသည့်နေရာတွင် ကျူးကျော်ပြောင်းရွှေ့ခွင့်မပြုဘဲ လူနေဇုန်လျာထားသည့် နေရာများတွင်သာ ပြောင်းရွှေ့ခွင့်ပြုရန် အစီအစဉ် ရှိ၊ မရှိနှင့် အစိုးရသက်တမ်းကုန်ဆုံးမည့်အချိန်တွင် မြို့ပြစီမံကိန်း မည်သည့်အဆင့်ရောက်ရှိနေသည်ကို သိရှိလိုကြောင်း ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးဇုန်လှယ်ထန်းက ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေးတွင် မေးမြန်းသည်။

ယင်းမေးခွန်းအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဖလမ်းမြို့နယ်အတွင်းရှိ လိုင်ဇိုးအုပ်စု ထန်နီှရ်(မြောက်)ကျေးရွာ၊ ထန်နီှရ်


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာဝင်းမြတ်အေး

(တောင်)ကျေးရွာ၊ ဘိုင်လာကျေးရွာနှင့် ကာလ်ရောန်ကျေးရွာတို့သည် ၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုကွဲအက်မှုများဖြစ်ပွားခဲ့ကြောင်း၊ ၎င်းကျေးရွာများ ပြောင်းရွှေ့မည့်နေရာသည် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲလျာထားသည့် လူမှုအဆောက်အအုံများဇုန် Proposed Location for Sport Complex ၁၆ ဧကနှင့် အထက်တန်းကျောင်းဆောက်ရန်လျာထားသည့် ၂၅ ဧကနေရာများကို ကျူးကျော်ခြင်းမရှိဘဲ လူနေဇုန်လျာထားသည့် နေရာများတွင်သာ ပြောင်းရွှေ့မည်ဖြစ်ကြောင်း။

ဖလမ်းမြို့သစ်(လုံပီး)မြို့ပြစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဖလမ်းမြို့နယ်ကော်မတီ (၃) ရပ်၏ အစည်းအဝေးဆုံးဖြတ်ချက်အရ တိုးချဲ့ရပ်ကွက် ဧရိယာအတွင်း ပါဝင်မည့် ကျေးရွာများ၏ဧရိယာများကိုပြန်လည်တိုင်းတာပြီး အမှုတွဲအသစ်တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့သည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် တိုင်း


ချင်းပြည်နယ် မဲဆန္ဒနယ်
အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း

ဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း ထားရှိရန် အမျိုးသားလွှတ်တော်က သဘောတူအတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

✻

# ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးဆက်လက်ကျင်းပ

**ရန်ကုန် မေ ၃၀**
ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီး လွှတ်တော်ရုံးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ် ၁၁၆ ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြထားသော မေးခွန်း(၁၂)ခုကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းကြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ပြန်လည်ဖြေကြားကြသည်။

ထို့နောက် သဃ်န်းကျွန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးကျော်(ခ)ဦးနေဘုန်းလတ်က “အများပြည်သူပိုင်နေရာများကို အများပြည်သူများပြန်လည်ပိုင်ဆိုင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်းအဆို”ကို လွှတ်တော်သို့တင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး(ရန်ကုန်မြို့တော်ဝန်)ဦးမောင်မောင်စိုးက ပြန်လည်ရှင်းလင်းတင်ပြခြင်းများဆောင်ရွက်ကြပြီး မြို့တော်ဝန်၏သဘောဆန္ဒအရ လွှတ်တော်တွင် ဆွေးနွေးရန် သဘောတူကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ယင်းနောက် ဆိပ်ကြီးခနောင်တိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်း၏ “ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် မြို့နယ်အလိုက် မြေအသုံးချမှုဇုန်များသတ်မှတ်ခြင်းနှင့် အထပ်မြင့်အဆောက်အအုံ ကန့်သတ်ခြင်းဆိုင်ရာ မူဝါဒအသစ်များ၊ ပြန်လည်သတ်မှတ်ခြင်းအတွက် တိကျသောဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အမိန့်များ ထုတ်ပြန်ပေးရန် တိုက်တွန်းကြောင်းအဆို”ကို လွှတ်တော်သို့ တင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး(ရန်ကုန်မြို့တော်ဝန်)က သဘောထားမှတ်ချက် ပြန်လည်ရှင်းလင်းတင်ပြခြင်းများ ဆောင်ရွက်ကြပြီး အဆိုရှင်၏ဆန္ဒအရ အဆိုကို မှတ်တမ်းတင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အာသီယံငွေရေးကြေးရေးပေါင်းစည်းရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၃၀**
မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်အား Bank for Investment and Development of Vietnam., JSC (BIDV)မှ ဥက္ကဋ္ဌ Mr. Tran Bac Ha ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၁၀ နာရီ၌ နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ကော်ခန်းမ၌ တွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် BIDV ဘဏ်ခွဲဖွင့်လှစ်မည့်အခြေအနေ၊ အာသီယံငွေရေးကြေးရေးပေါင်းစည်းရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ-ဗီယက်နမ်-ကမ္ဘောဒီးယား-လာအို(CLMV) နိုင်ငံများအကြား စီးပွားရေးနှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကျင်းပရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဗီယက်နမ်နိုင်ငံဗဟိုဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယဥက္ကဋ္ဌများဖြစ်သော ဦးဆက်အောင်၊ ဒေါ်ခင်စောဦးနှင့် ဥက္ကဋ္ဌရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# တစ်ရံတစ်ခါဆီက ဘဝများ

မြေကြေးမောင်

လွန်ခဲ့သော နှစ် ၅၀ ကျော်ကာလဆီကဖြစ်ပါသည်။ စာရေးသူတို့သည် တောမြို့လေးတစ်မြို့တွင် နေထိုင်ခဲ့ဖူးပါသည်။

အဆိုပါ တောမြို့လေးတွင် စက်ရုံတစ်ရုံရှိရာ မိဘနှစ်ပါးက ထိုစက်ရုံဝန်ထမ်းများဖြစ်၍ ဝန်ထမ်းသားသမီးအဖြစ် ဘဝကိုဖြတ်သန်းခဲ့ရပါသည်။ မိမိတို့ငယ်စဉ်ဘဝသည် လွန်စွာ တမ်းတမက်မောဖွယ်ရာကောင်းလှပါသည်။ စက်ရုံရှေ့ စက်ကုန်းတွင် နေထိုင်ခဲ့ရသောကြောင့် မိမိနောက်ဖေးခပ်လှမ်းလှမ်းတွင် မြစ်ကြီးတစ်စင်းကို အစဉ်အမြဲတွေ့မြင်ခဲ့ရပါသည်။ မိမိစာကြည့်စားပွဲမှ လှမ်းကြည့်လျှင် ဒေးခင်တောင်ကို တွေ့မြင်နိုင်ပါသည်။ မိုးရာသီ၌ မိုးရွာသွန်းပြီး တောင်ခိုးများဝေနေသော ဒေးခင်တောင်ကြီး၏ ရှုမငြီးသောရှုခင်းမှာလွန်စွာလှပပါသည်။ မြစ်ရေဖွေးဖွေးတွင် သွားလာလှော်ခတ်နေသော လှေများ၊ တံငါလှေများ၊ ရွက်လှေများသည်လည်း ပန်းချီကားတစ်ချပ်သဖွယ် ဖြစ်ပါသည်။ မြစ်ဘေးတွင် သဘာဝအလျောက် ပေါက်ရောက်နေသော ဆီးပင်တောတန်းကြီးရှိပါသည်။ ကျောင်းပိတ်ရက်များတွင် အဆိုပါ ဆီးတောထဲသွား၍ ဆီးသီးစားခြင်း၊ ငါးဖမ်း၊ ပုစွန်ဖမ်းသည်များကို ကြည့်ရှုခြင်း၊ ရွံ့ခွာ၍ လောက်စာလုံးလုံးခြင်းများကို မိမိနှင့် သူငယ်ချင်းများက ပြုလုပ်တတ်လေ့ရှိပါသည်။

ထိုစဉ်က ဝန်ထမ်းများ၏ ဘဝသည်လည်း လွန်စွာနှစ်သက်စရာဖြစ်ပါသည်။ ဝန်ထမ်းတစ်ဦး၏ လစာသည် ရွှေတစ်ကျပ်သားဝယ်နိုင်ပြီး ဝန်ထမ်းတစ်ဦး၏ လုပ်ခလစာဖြင့် တစ်မိသားစုလုံး ဖူလုံလောက်ငစွာ စားသောက်နိုင်ပါသည်။ မိမိ၏ မိခင်ဖခင်နှစ်ဦးလုံးဝန်ထမ်းဖြစ်၍ ငယ်စဉ်ကလေးဘဝသည် ချောင်ချောင်လည်လည် ပြည့်ပြည့်စုံစုံ ဖြတ်သန်းခဲ့ရပါသည်။

မိမိတို့သည် ဝန်ထမ်းအိမ်တွင်နေထိုင်ရသော်လည်း အိမ်ဘေး၌တဲအိမ်ကြီးတစ်လုံး ဆောက်လုပ်ထားပါသည်။ ထိုတဲအိမ်ကြီး၌ ဝန်ထမ်းအများ ညပိုင်းတွင် နေ့စဉ်တွေ့ဆုံကာ တီးမှုတ်ကခုန်မှု ပြုလေ့ရှိပါသည်။ တယောဆရာသည်၎င်း၏ တယောကိုလည်းကောင်း၊ ဒုံမင်းဆရာသည် ၎င်း၏ဒုံမင်းတူရိယာကိုလည်းကောင်း၊ မယ်ဒလင်ဆရာ၊ ဘင်ဂျိုဆရာများသည် ၎င်းတို့၏ တူရိယာများကိုလည်းကောင်း အဆိုပါတဲအိမ်တွင်အမြဲတမ်းထားလေ့ရှိပါသည်။

စာရေးသူ၏ မိခင်သည်ပတ္တလား၊ ဖခင်သည် မြန်မာဂီတတီးသူများဖြစ်၍ မိမိတို့အိမ်တွင် တူရိယာမျိုးစုံရှိနေပါသည်။ စည်းနှင့်ဝါးသာမက မဟာဂီတသီချင်းစာအုပ်၊ ကာလပေါ်သီချင်းစာအုပ်များလည်း ထားရှိပါသေးသည်။ ထိုခေတ်က ရှားပါးပစ္စည်းဖြစ်သော ရေဒီယိုတစ်လုံးလည်း အဆင်သင့်ထားရှိကာ အများစုစည်းနားထောင်လေ့ရှိပါသည်။ "သိုင်းနယ်မှ ကျားသောင်းကျန်း"၊ "ကိုးပွင့်ဖူးစာ" စသော အသံလွှင့်ဇာတ်လမ်းများသည်လည်း အများ၏ ဘဝင်အကြိုက်ဖြစ်ခဲ့ပါသည်။

စနေ၊ တနင်္ဂနွေ ရုံးအားရက်တွင် တစ်နေကုန်တပျော်တပါးစုစည်း၍ သီဆိုတီးမှုတ်ခြင်း၊ အကဝါသနာပါသူများက ကခုန်ခြင်းပြုလုပ်ကြပြီး မိမိတို့အိမ်မှ လာသမျှသူ အားလုံးအား ထမင်းချိန်ထမင်း၊ ကြားချိန်တွင် လက်ဖက်သုပ်၊ အမဲခြောက်ဆီဆမ်း၊ ငါးခြောက်ဖုတ်ဆီဆမ်း၊ အခြားမုန့်ပဲသရေစာများဖြင့် အလျှံပယ်ကျွေးမွေးဧည့်ခံလေ့ရှိပါသည်။ ရံဖန်ရံခါ နံကင်ပြုလုပ်ခြင်း၊ အသားကြော်၍ ကျွေးခြင်း စသည်တို့ကိုလည်း အထူးပြုလုပ်ကျွေးမွေးလေ့ရှိပါသည်။ အမဲခြောက်၊ ငါးခြောက်ဖုတ် စသည်တို့သည် ဧည့်သည်လာလျှင် ကျွေးမွေးဧည့်ခံစရာဖြစ်၍ ယခုခေတ်ကာလကဲ့သို့ ထမင်းနှင့်တွဲကာ ဟင်းအဖြစ်စားလေ့မရှိသော အချိန်လည်း ဖြစ်ပါသည်။

ပုံမှန်ရုံးဖွင့်ရက်များတွင် နံနက် ၈ နာရီခွဲ စက်ရုံဥသြဆွဲလျှင် ရုံးတက်ရောက်ရပြီး ညနေ ၄ နာရီ စက်ရုံဥသြဆွဲလျှင် ပုံမှန်ရုံးဆင်းရလေ့ရှိပါသည်။ ညနေရုံးဆင်းချိန်ရောက်လျှင် ဝန်ထမ်းများသည် ဘောလုံးကန်ခြင်း၊ တင်းနစ်ရိုက်ခြင်း၊ ကြက်တောင်ရိုက်ခြင်းများ ပြုလုပ်လေ့ရှိပါသည်။ တင်းနစ်ကွင်း၊ ကြက်တောင်ကွင်းတို့ကို မိမိတို့အိမ်ရှေ့မှ ဖြတ်သန်းသွားရကာ အိမ်နှင့်များစွာမဝေးကွာလှပါ။ ဘောလုံးကွင်းကမူ မိမိတို့အိမ်ရှေ့မှ ဖြတ်သန်းသွားလာနိုင်သော်လည်း ပို၍ခပ်လှမ်းလှမ်း၌ရှိပါသည်။ သို့သော် မိမိတို့သည် အိမ်ရှေ့မှ သွားသမျှလူအားလုံးကို ကျွေးမွေးနိုင်အောင် သံပရာသီးဆားဖြင့်နယ်ထားသော သံပရာသီးသနပ်၊ မရန်းသီးဆားရေစိမ်၊ သရက်သီး ဆားရေစိမ်များကို ပုလင်းကြီးများဖြင့်ထည့်ကာ ဇွန်းအရိုးရှည်တပ်လျက်ထားရှိပေးပါသည်။ ကစားမည့်သူများ၊ ကစားပြီးပြန်လာသူများသည် ထိုပုလင်းများထဲက စိတ်တိုင်းကျ နှိုက်ယူစားသုံးလေ့ရှိပါသည်။ ဝန်ထမ်းများသည် ရုံးဆင်းလျှင် မိမိတို့အိမ်ခြံဥယျာဉ်ရှိ သစ်သီးသစ်ပင်များ ရေလောင်းသူကလောင်း၊ စိုက်သူကစိုက်၍ အတော်များများသည် အားကစားကွင်း၌ ပျော်ပျော်ပါးပါးကစားပြီး အချိန်ကုန်လေ့ရှိပါသည်။ မိမိတို့ကလေးများကလည်း လူကြီးမိဘများနှင့်အတူ လိုက်ပါကာ ကလေးအချင်းချင်း ကစားလေ့ရှိပါသည်။

မြန်မာ့အားကစားဂုဏ်ဆောင် ကျွန်းဆွယ်အပြေးချန်ပီယံ အမျိုးသမီးတစ်ဦးသည်လည်း ငယ်စဉ်ကပင် အိမ်နီးချင်းဖြစ်၍ ၎င်းနှင့်အတူ လိုက်ပါပြေးလွှားလေ့ရှိခဲ့ရသည်ကို မှတ်မိပါသည်။

ထိုစဉ်ကာလဆီက ဝန်ထမ်းများ၏ဘဝသည် ဘာဖိစီးမှုမှမရှိခဲ့ကြပါ။ လွတ်လပ်ပျော်ရွှင်တာဝန်ကျေပွန်ခဲ့ကြပါသည်။ ဝင်ငွေ၊ထွက်ငွေ လုံလောက်ကြသည့်အတွက် အစားအသောက်လည်း ပေါလှပါသည်။ ထမင်းချိန်မည်သူလာလာအဆင်သင့်ကျွေးနိုင်သည့်သူများ၊ ကျွေးမွေးဧည့်ခံချင်သည့်လူများသာ ဖြစ်ခဲ့ကြပါသည်။

ငွေကြေးအကြံအဖန်၊ ဘေးပေါက်၊ လာဘ်ပေးလာဘ်ယူကိစ္စဆိုသည်မှာ လွန်စွာရှက်စရာကောင်း၍ ထိုသို့ရံဖန်ရံခါ လုပ်တတ်သူများကိုလည်း အသိုင်းအဝိုင်းမှ ဝိုင်းကြဉ်ကြလေ့ရှိပါသည်။ ထို့ကြောင့် အကြံအဖန်လုပ်၍ ရရှိသော ငွေကြေးနှင့် ရှက်စရာဖြစ်ရမည့်ဘဝကို မလဲကြသည့်သူများသာ များပါသည်။ သို့သော် ယခုအချိန်တွင်မူ အကြံအဖန် မလုပ်တတ်သည့်သူများ၊ ဘေးပေါက်မရှာတတ်သူများသည် အရည်အချင်းမပြည့်မီသူများဖြစ်၍ ဟုတ်တာမှလွဲ၍ မဟုတ်တာအကုန်လုပ်ပြီး ချမ်းသာကြွယ်ဝနေသော သူများသည် အောင်မြင်မှုသရဖူဆောင်းနေသည့်လူများ ဖြစ်နေကြပါသည်။ လာဘ်ပေးလာဘ်ယူမလုပ်တတ်၍ ဆင်းရဲသော ဝန်ထမ်းများကို အသိုင်းအဝိုင်းမှ ဝိုင်းကြဉ်ကြလေ့ရှိနေပါသည်။ အခြေအနေချင်း ပြောင်းပြန်ဖြစ်နေသည်ဟု တွေးမြင်မိပါသည်။

ထို့ပြင် မိမိတို့ငယ်စဉ်က ဝန်ထမ်းအချင်းချင်း မသင့်မတင့်ဖြစ်မှုအလွန်ရှားပြီး မိသားစုအလွန်ဆန်လေ့ရှိပါသည်။ ဆန်တစ်ပြည် ပြား ၅၀၊ ပြား ၆၀ ရှိနေရာမှ ဆန်တစ်ပြည် ငါးကျပ်ခေတ် ရှားပါးကာလများတွင်လည်း အိမ်တိုင်းအိမ်တိုင်း မိမိတို့၏ဆန်အပိုအလျှံများကို ပေးလှူကြသည်ကိုလည်း မှတ်မိနေပါသေးသည်။ မည်သည့်အိမ် အခက်အခဲရှိရှိ တပျော်တပါးဝိုင်း၍ ကူညီပေးတတ်ကြပါသည်။

ငယ်စဉ်ကာလ၌ မိမိတို့စက်ရုံသို့ ပါတီဥက္ကဋ္ဌကြီး တစ်ကြိမ်လာရောက်ခဲ့ပါသည်။ နှစ်ကြိမ်လာရန် ချိန်းဆိုခဲ့သော်လည်း တစ်ကြိမ်သာလာရောက်ဖြစ်ခဲ့ပါသည်။ ပါတီဥက္ကဋ္ဌကြီး လာမည်ဆို၍ တပ်မတော်သားများသည် မိမိတို့၏ အိမ်နားတွင် လုံခြုံရေးရယူခဲ့သည့် အကြောင်းကိုလည်း မှတ်မိနေပါသေးသည်။ အိမ်နားတွင် လုံခြုံရေးတာဝန်ကျနေသော တပ်မတော်သားကြီးက မိမိနှင့်မိမိ၏ ညီငယ်အားသူ့ထံမှာပါလာသည့် သကြားလုံးများထုတ်၍ ကျွေးမွေးပါသည်။ ကလေးဖြစ်၍ သကြားလုံးစားရသောကြောင့် လွန်စွာပျော်ရွှင်ခဲ့မိပါသည်။ မိမိတို့၏ မိခင်ဖခင်များသာမက ကျန်အိမ်ထောင်စုများကလည်း တာဝန်ကျတပ်မတော်သားများကို စားစရာများထုတ်ကျွေးခြင်း၊ ထမင်းကျွေးခြင်း၊ ရေတိုက်ခြင်းစသည်တို့ဖြင့် တတ်နိုင်သမျှ တုံ့ပြန်ကြပါသည်။ ၎င်းတို့နှင့်ပတ်သက်၍ နှစ်ပေါင်းများစွာ ကြာသည့်တိုင်အောင်အမှတ်တရနှင့် ပြန်ပြောမိတတ်သည်ကို မှတ်မိပါသည်။ တပ်မတော်နှင့် ပြည်သူသည်တစ်သားတည်းဖြစ်ခဲ့သည်ဟု ခံစားမိပါသည်။

ထို့ပြင် မိမိတို့အိမ်နားတွင် မူလတန်းကျောင်းရှိ၍ ကျောင်းအားရက်များတွင် ခေတ္တလာရောက်ကာ လုံခြုံရေးယူပေးရသော မိမိတို့အခေါ် "ကယားတပ်" ဆိုသည်လည်း ရှိပါသေးသည်။ လုံခြုံရေးအရ အမည်းရောင်ဒေသဖြစ်၍ မကြာခဏ တိုက်ပွဲဖြစ်လေ့ရှိသည့်အချိန်ဖြစ်ပါသည်။ ကယားတပ်ရောက်ရှိချိန်တွင် မိမိတို့ဝန်ထမ်းများသည် အလိုလိုအားရှိနေတတ်ပါသည်။ ညအိပ်ရာဝင်ချိန်တွင်လည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ရလေ့ရှိပါသည်။

ကယားတပ်မှ တပ်ကြပ်ကြီးတစ်ဦးသည် မြန်မာဂီတာအတီးတော်၍ အိမ်သို့ အစဉ်အမြဲ အဝင်၊ အထွက်ရှိပါသည်။ သူလာလျှင် မိမိအတွက် ကစားစရာ "ဂျင်" များခုတ်ယူလာပေးခြင်း၊ ဂုံညင်းဒိုးများ ခူးလာပေးခြင်း၊ အဖေတို့အမေတို့အတွက် သစ်ခွပန်းပင်များ ယူဆောင်လာပေးခြင်းများကို မှတ်မိပါသေးသည်။ မိခင်ဖခင်တို့သည် ကယားတပ်ရှိချိန်တွင် ထမနဲထိုး၍ စက်ကုန်းတစ်ခုလုံးဝေငှခြင်း၊ သီတင်းကျွတ်အခါများတွင် ဆီမီးထွန်းပွဲ၊ ဝက်ပါပွဲများ ပြုလုပ်လေ့ရှိပါသည်။ အိမ်မှစားစရာများကိုလည်း ၎င်းတို့ရောက်ပြီဆိုလျှင် ပေးပို့လေ့ရှိပါသည်။ တပ်နှင့်ပြည်သူသည် တကယ့်တစ်သားတည်းဖြစ်ခဲ့ပါသည်။ ပြည်သူသည် တပ်မတော်ကိုချစ်၍ တပ်မတော်ကလည်း ပြည်သူကိုချစ်ကြပါသည်။ ၎င်းတပ်ကြပ်ကြီးသည် ရွှေရောင်ပြတိုက်ပွဲ၌ ကျဆုံးသွားကြောင်းကြားသိခဲ့ရချိန်တွင် တစ်မိသားစုလုံး လွန်စွာစိတ်မကောင်း ဖြစ်ကြရပါသည်။ အချိန်ရထားကြီးသည် တဖြည်းဖြည်းနှင့် နှစ်ကာလဘူတာများစွာကို ဆိုက်ရောက်၊ ထွက်ခွာဖြတ်သန်းခဲ့ပါပြီ။

အထက်၌ တင်ပြခဲ့သော အချက်များမှာ ထိုစဉ်က ဝန်ထမ်းများ၏ဘဝသည် အနှောင်အဖွဲ့ကင်းမဲ့၍ လွတ်လပ်ပေါ့ပါးသော ဘဝများဖြစ်ကြောင်း တွေ့နိုင်ပါသည်။ ရုံးဆင်းချိန်နှင့်ရုံးအားရက်များတွက် မိမိဝါသနာပါရာလုပ်ငန်းနှင့် အားကစားလုပ်ငန်းကို ဇောက်ချလုပ်ကိုင်နိုင်ကြောင်းတွေ့ရှိ၍ ကျန်းမာသောဘဝများကို ပိုင်ဆိုင်နိုင်ကြောင်းလည်း တွေ့ရှိရပါသည်။ ဘေးပေါက်ပိုက်ဆံ၊ အကြံအဖန်၊ လာဘ်ပေးလာဘ်ယူလုပ်ငန်းကို စိတ်ဝင်စားမှုမရှိဘဲ ထိုသို့လုပ်ကိုင်လေ့ရှိသော သူများကိုလည်း ဝိုင်းကြဉ်ကြကြောင်း တွေ့ရှိနိုင်ပါသည်။ မိသားစုဝင်ငွေလုံလောက်ရုံသာမက ပိုလျှံသောကြောင့် စုဆောင်းနိုင်ကြကာ မိသားစုဘဝကို တန်ဖိုးထားလျက် အချိန်ကိုတန်ဖိုးရှိစွာ ကုန်လွန်ကြကြောင်းလည်း တွေ့ရှိနိုင်ပါသည်။ သားသမီးပညာရေးကိုလည်း ပိုမိုအားစိုက် ကူညီပေးနိုင်သည်ကိုလည်း တွေ့ရှိရပါသည်။

အကျိုးဆက်အားဖြင့် ရုံးချိန်အတွင်း ကျန်းမာပျော်ရွှင်သောဘဝပိုင်ရှင်များပီပီ လုပ်အားကို အပြည့်အဝ ပေးဆပ်နိုင်ပါသည်။ ထိုစဉ်က အားကစားသည် အဆင့်မြင့်မားခဲ့ကာ မြန်မာတို့ဂုဏ်ယူရသော နာမည်ကျော်ဘောလုံးသမား အများအပြားပေါ်ထွန်းခဲ့ပြီး ပြေးခုန်ပစ်အားကစားကဏ္ဍတွင်လည်း ရွှေတံဆိပ်ရှင်အားကစားသမားများစွာ ပေါ်ထွန်းခဲ့ကြောင်းလည်း တွေ့ရှိရပါသည်။ တပ်မတော်နှင့် ပြည်သူသည်လည်း အပြန်အလှန်လေးစားချစ်ခင် ကြည်ဖြူနေကြကြောင်းလည်း တွေ့ရှိနိုင်ပါသည်။ ထူးချွန်ပြောင်မြောက်သော တေးရေးတေးဆို အနုပညာရှင်များလည်း ထိုခေတ်အခါဆီက အများအပြားပေါ်ထွက်ခဲ့ပါသည်။

အထက်မှတင်ပြခဲ့သော အဖြစ်အပျက်များသည် တစ်ရံတစ်ခါဆီကဘဝများဖြစ်ပါသည်။ ထိုအဖြစ်အပျက်များတွင် ရှေးခေတ်ဟောင်း အောက်မေ့သတိရဖွယ်ဖြစ်ရုံမျှမက ယနေ့အချိန်အခါနှင့် နှိုင်းယှဉ်စဉ်းစားစရာများလည်း ရှိနေသည်ဟု သုံးသပ်ဆင်ခြင်မိပါသည်။

မိမိတို့ထက်ငယ်ရွယ်သော သားသမီး၊တူတူမများနှင့် မိဘပြည်သူအပေါင်းကို တစ်ရံတစ်ခါဆီက တွေ့ကြုံခဲ့ရသော ရိုးသားအေးချမ်းတည်ငြိမ်၊ ပေါကြွယ်ဝသော ဘဝများဆီ၌ ပြန်လည်ရောက်ရှိစေချင်ပါသေးသည်။ ယနေ့ နိုင်ငံတော်ကိုဦးဆောင်နေသူများသည် ပြည်သူနှင့်လက်တွဲပြီး ထိုကဲ့သို့သော ဘဝများကို ဖန်ဆင်းပေးနိုင်ကြသူများဖြစ်ပါကြောင်း ဆန္ဒပြုအပ်ပါသည်။ ။

**ငွေကြေးအကြံအဖန်၊ ဘေးပေါက်၊ လာဘ်ပေးလာဘ်ယူကိစ္စဆိုသည်မှာ လွန်စွာရှက်စရာကောင်း၍ ထိုသို့ရံဖန်ရံခါ လုပ်တတ်သူများကိုလည်း အသိုင်းအဝိုင်းမှ ဝိုင်းကြဉ်ကြလေ့ရှိပါသည်။ ထို့ကြောင့် အကြံအဖန်လုပ်၍ ရရှိသော ငွေကြေးနှင့် ရှက်စရာဖြစ်ရမည့်ဘဝကို မလဲကြသည့်သူများသာ များပါသည်။ သို့သော် ယခုအချိန်တွင်မူ အကြံအဖန် မလုပ်တတ်သည့်သူများ၊ ဘေးပေါက်မရှာတတ်သူများသည် အရည်အချင်းမပြည့်မီသူများဖြစ်၍ ဟုတ်တာမှလွဲ၍ မဟုတ်တာအကုန်လုပ်ပြီး ချမ်းသာကြွယ်ဝနေသောသူများသည် အောင်မြင်မှုသရဖူဆောင်းနေသည့်လူများ ဖြစ်နေကြပါသည်။ လာဘ်ပေးလာဘ်ယူမလုပ်တတ်၍ ဆင်းရဲသောဝန်ထမ်းများကို အသိုင်းအဝိုင်းမှ ဝိုင်းကြဉ်ကြလေ့ရှိနေပါသည်။**

## ရွှေ့ပြောင်းနေထိုင်သူများနှင့် အလုပ်သမားများအား မှတ်ပုံတင်ထုတ်ပေးရေး ရှင်းလင်းပွဲကျင်းပ

**ရန်ကုန် မေ ၃၀။** ။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရွှေပြည်သာမြို့နယ်မှ ရွှေ့ပြောင်းနေထိုင်သူများနှင့် အလုပ်သမားများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် မှတ်ပုံတင်ထုတ်ပေးရေးလုပ်ငန်း ရက် ၁၀၀ စီမံချက် ရှင်းလင်းပွဲကို မေ ၂၉ ရက် နံနက် ၉ နာရီက ရွှေပြည်သာမြို့နယ် အထက(၁) ရွှေပြည်ရတနာခန်းမ၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲထွန်းအောင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြောက်ပိုင်းခရိုင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအုန်းလွင်က ရွှေ့ပြောင်းနေထိုင်သူများနှင့် အလုပ်သမားများ စိစစ်ရေးပုံစံများကို ရပ်ကွက် /ကျေးရွာကြီးကြပ်ရေးအဖွဲ့ဝင်များအား ဖြန့်ဝေပေးခြင်း၊ မြို့နယ်ဦးစီးအရာရှိ ဦးခင်မောင်သန်းက စနစ်တကျကောက်ယူရေးဆိုင်ရာ အကြောင်းများကို အသေးစိတ်ရှင်းလင်းပေးခြင်းကို ဆောင်ရွက်ပေးကြောင်း သိရသည်။

(ဝင်းမင်း)

# သုံးပန်လှတောင်သမန် ဘယ်မှုနှင့် ဖန်ဆင်းကြဦးမှာလဲ

ဆူးငှက်

အမရပူရ၏ အထင်ကရဖြစ်သော တောင်သမန်အင်းနှင့် ဦးပိန်တံတားဝန်းကျင်က လွန်ခဲ့သော နှစ်များမတိုင်ခင်အထိ လွမ်းဆွတ်ဖွယ် ရှေးဟောင်းမြို့ပြပုံရိပ်များကို ထင်ဟပ်ဆဲဖြစ်ခဲ့၏။ သက္ကရာဇ် ၁၂၁၃ (ခရစ် ၁၈၆၁)က ပုဂံမင်း၏ မြို့စာရေးဦးပိန်က အင်းဝနန်းတော်ဟောင်းက သစ်သားဟောင်းများဖြင့် မူလက ၉၈၄တိုင် (ယခုနောက်တိုးဖြင့် ၁၀၈၆ တိုင်)၊ အရှည် ၃၉၆၇ ပေရှိသည့် သစ်သားတံတားကြီးကို တည်ဆောက်ခဲ့ရာ ယခုအချိန်အထိ ထိုမူတံတားပုံစံနှင့် မယွင်းမတိမ်းစေရအောင် မဟာဂန္ဓာရုံဆရာတော်များနှင့် တောင်လေးလုံးဆရာတော်တို့က ၁၉၉၀ ဝန်းကျင်ကာလအထိ အဆက်ဆက်ကြပ်မတ်ခဲ့ကြသည်။

တောင်သမန်အင်းကလည်း သဘာဝအတိုင်းရှိသောကြောင့် တစ်နှစ်တွင် မိုးတွင်းလေးလခန့်သာ အင်းအတွင်းရေရှိသည်။ ရေရှိချိန်သာ တံတားတိုင်တွေ ရေနှင့်ထိစပ်သည်။ ကျန်ရှစ်လမှာက ကိုင်းမြေတွေပေါ် မားမားရပ်နေသော တံတားတိုင်ခြေတွေ ရေနံချေးကို ဝနေအောင်သုတ်လိမ်းထိန်းသိမ်းပြီး အခြားလိုအပ်မှုတွေကို ပြုပြင်ကြသည်။ ထို့ကြောင့်လည်း ကျွန်းသားအဟောင်းနှင့် တံတားအိုကြီးက နှစ်ပေါင်းရာချီ တည်တံ့ခဲ့သည်။ ထို့ကြောင့်လည်း အမရပူရနှင့် တောင်သမန်ကို နိုင်ငံခြားခရီးသွားက ခရီးစဉ်တစ်ခုအဖြစ် သတ်မှတ်ခြင်းဖြစ်သည်။ ပေလေးထောင်နီးပါးအရှည် သံကူကွန်ကရစ်တံတားကြီးဆိုပါက ဘယ်ကမှ လှည့်ကြည့်မှာပင် မဟုတ်။ သစ်သားတိုင်ဟောင်း၊ ရက်မဟောင်း၊ ထုပ်ဟောင်း၊ ဒိုင်းဟောင်း၊ ပန်းဆွဲဟောင်းများနှင့်မို့ တချို့နေရာမှာ ဟင်္သပဒါးအနီတစ်ပိုင်းတစ်စ၊ တချို့နေရာမှာ ရွှေပိန်းချ အစွန်းအစ။ တချို့နေရာမှာ ပန်းပုလက်ရာအစအနများ ပါဝင်နေသဖြင့် ဦးပိန်တံတားကြီးကို စိတ်ဝင်စားလာကြခြင်း ဖြစ်သည်။

ဦးပိန်တံတား၏ သည်မှာဖက်တွင် အင်းစပ်ကမ်းခြေတစ်လျှောက် သက်တော်ရှည် မယ်ဇယ်ပင်တန်းကြီးက အကိုင်းချင်းယှက်၊ အရိပ်ချင်းဆက်ကာ စီတန်းနေရာယူထား၏။ ပုဂံမင်းလက်ထက် ခရစ်နှစ် ၁၈၅၀ ခန့်က ရေးဆွဲသည်ဟု ခန့်မှန်းရသော မြေပုံပုရပိုက်တွင် မယ်ဇယ်ပင်တန်းဟု မပါရှိခဲ့သဖြင့် ၁၈၇၅ ခုနှစ် ခန့်ကမှ စိုက်ပျိုးခဲ့ပုံရသည်ဟု ပညာရှင်များက သုံးသပ်ကြသည်။ မူလစတင်စိုက်ပျိုးခဲ့သူများကတော့ ရေချမ်းဒကာ ဦးကြီး-ဒေါ်ညွန့်၊ တူ ဦးရှင်၊ သား ဦးထွန်းတင်တို့ဖြစ်သည်ဟု သိရသည်။ ယခင်က မယ်ဇယ်ပင်ပေါင်း ၁၀၃ ပင်ရှိသော်လည်း ၁၉၉၀ ကျော်ဝန်းကျင်တွင် ၉၅ ပင်သာ ကျန်တော့ရာ ယခုအခါ ထိုအရေအတွက်ထက် များစွာလျော့နည်းသွားပါပြီ။ မယ်ဇယ်ပင်တန်းကပြီးတော့ တောင်မင်းကြီးဘုရားရှိသည်။ နွေဦးပေါက်ကလေးများ ရောက်ပြီဆိုလျှင် မယ်ဇယ်ပင်တန်းအောက် သဲမြေတွင် လှည်းလမ်းကြောင်းပေါ်လာပြီး ယာတဲသွား၊ ကိုင်းတဲသွားလှည်းတွေ တအီအီနှင့် ဖုန်တလုံးလုံးနှင့် တံတားကြီးအောက်က ဟိုကိုင်းတော၊ ယာတောဆီသွားကြပြီ။ အင်းအလယ်မှာ ချောင်းရေက စပ်စပ်ပဲရှိ၏။ ပဲခင်း၊ နှမ်းခင်း၊ ကိုင်းခင်းတွေက တစ်မျှော်တစ်ခေါ်။ ကိုင်းလယ်ယာတဲဆီက မီးခိုးငွေ့ငွေ့ အူသည်။

ထိုမြင်ကွင်းကား ဆောင်းဦးပေါက်မှ နွေလယ်အထိ။ ဝါဆို ဝါခေါင် ရေဖောင်ဖောင် အချိန်မှာတော့။ ယာတွေ ကိုင်းတွေအားလုံး ရေပင်လယ်က ပြည်ဖုံးကားချပေးလိုက်သည်။ တောင်သမန်ကား ထိုစဉ်က ချစ်စဖွယ် သုံးရာသီအလှကို မရိုးရအောင် ရင်သပ်ရှုမောဖွင့်လှစ်ပြခဲ့၏။ တံတားအရှေ့ဘက်မှာ ထန်းလက်တဲကလေးရှိသည်။ ဇရပ်အို ဇရပ်မင်းတွေရှိသည်။ မေဃဝတီ တောင်သမန်ကျောင်းတိုက်ကြီးမှ အကွင်းအကျန် တံတိုင်းအိုကြီးတွေရှိသည်။ ကျောင်းတိုက် အုတ်ခုံကြီးတွေရှိသည်။ ပြီးတော့ နန္ဒမူလိုဏ်ဂူအလား တောင်သမန်ကျောက်တော်ကြီး ဂန္ဓာကုဋီတိုက်ကြီးက မိုးသို့စွင့်သည်။ သည်ဝန်းကျင်တစ်ခွင်ကို စိမ်းညို့မှိုင်း ထန်းတောက အထပ်ထပ် ဝန်းရံပတ်ထားသည်။ ထန်းပင်၊ ထန်းလက်၊ ထန်းရွက်အသွယ်သွယ်ကြားမှ လမ်းစဉ် လမ်းဆက်လမ်းလက်တက်များ အလျှိုလျှို။ ထိုလမ်းများ နံဘေးမှာ ထန်းလက်အကြော်တဲလေးများရှိသည်။ အမိုးနိမ့်ဇရပ်အိုလေးများရှိသည်။ ထန်းလက်မိုး၊ ရေအိုးစင်လေးများရှိသည်။ ထန်းလက်ကုလားထိုင်များ ပြုလုပ်သည့် လုပ်ငန်းခွင်ကလေးများရှိသည်။

ဒါက ဟိုးအရင်တုန်းက ဖြစ်သည်။အခု မယ်ဇယ်ပင်တန်းမှာ တံတားထိပ်က အစ တောင်လေးလုံးကျောင်းတိုက်အထိ နံကပ်ဆိုင်ခန်းတွေ ဖြစ်ကုန်၏။ အင်းရေစပ် သဘာဝအလှနေရာတွင်တော့ ဈေးတိုက်ခန်းများက အစားထိုးသွားသည့်သဘောဖြစ်သည်။ ဟိုးအရှေ့တောင်သမန် ကျောက်တော်ကြီး ထန်းတောကတော့ "ရတနာပူရ တက္ကသိုလ်ကြီး" ဖြစ်သွား၏။

ကုန်လွန်ခဲ့သော နှစ်ကာလများအတွင်း တောင်သမန်ဝန်းကျင်နှင့် ဦးပိန်တံတား၏ သုံးရာသီအလှကို အလျင်မြန်ဆုံး ပြောင်းလဲသွားစေသည့် အခြေအနေများက ၁၉၉၀ ကျော်ဝန်းကျင်ကာလများတွင် ဖြစ်ပေါ်ခဲ့သည်။ အင်းအတွင်း ၁၂ ရာသီ ရေပြည့်စေကာ ငါးဖမ်းလိုင်စင်ဖြင့် စီးပွားရေးလုပ်ကွက်များ ဖော်ဆောင်လာသည်။ နာမည်ကျော် မယ်ဇယ်ပင်တန်းတွင် အခိုင်အမာအဆောက်အအုံများဖြင့် ဈေးဆိုင်တန်းများကို နေရာချထားလိုက်ပြန်၏။ ထို့ပြင် စက်မှုမြို့သစ်စီမံကိန်းများကလည်း တောင်သမန်အင်း၏ ရေဝေရေလဲနေရာများမှာ ရေဆိုးစွန့်ပစ်ဧရိယာတွေ ဖြစ်ကုန်သည်။ ဒီအပြောင်းအလဲတွေက အကန့်အသတ်တစ်ခုမှာ ရပ်တန့်နေတာမဟုတ်။ နေ့စဉ် လစဉ် နှစ်စဉ် ကြီးမားကျယ်ပြန့်လာသည်။ ဆယ်စုနှစ် နှစ်စုကျော် အပြောင်းအလဲမရှိသော ရေသေကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်လာသည်။ ဈေးဆိုင်ခန်းတွေက အကန့်အသတ်မရှိ တိုးလာလိုက်တာ အင်းရေထဲထိ ရောက်လာသည်။ စက်ရုံများ၏ ရေဆိုးစွန့်ထုတ်မှုက အင်းရေသေထဲ အဘယ်မျှရောက်ရှိနေစေသလဲမသိ။ သည်ကြားထဲ ငါးဖမ်းလိုင်စင်ရသူနှင့် အတိုက်အခံကြား အင်းရေညစ်ညမ်းစေသော လုပ်ရပ်များလည်းရှိသည်ဟု ဆိုပြန်သည်။

တောင်သမန်နှင့် ဦးပိန်တံတား၏ "သုံးပန်လှ" ဆိုတာ မျက်မမြင်ပုဏ္ဏား ခြောက်ယောက်၏ ဆင်ဆိုသည်မှာဟူသော အဖြေနှင့် ငြင်းခုန်နေကြသလို အဖြေမှန်မရ ဖြစ်နေကြသည်။ သေချာတာကတော့ ပြောင်းလဲတိုးတက်လာသော မြို့ပြသဘာဝအရ ရှေးရှေးကလို တောရိပ်တောင်ရိပ်ကြားက သဘာဝကျသော "သုံးပန်လှ" ကိုတော့ တမ်းတနေလို့ မရနိုင်တော့။ "တောအစမှာဖြင့် ဒေါနရယ်တဲ့ ဇီဇဝါ ဇီဇဝါ" လုပ်နေလို့မရတော့။ "မြိုင်ဟောဝန်ရယ်၊ မြိုင်ဟောဝန်ရယ်၊ ရေတံခွန်စိမ့်စမ်း လွမ်းဖွယ်ရာ"လည်း လုပ်လို့မရတော့။ မန္တလေး၏ တစ်ဟုန်ထိုး ကျယ်ပြန့်လာသည့် မြို့ပြကွန်ကရိတောက သဘာဝသစ်တောဝါးတောတွေကို တွန်းထုတ်သွားချေပြီ။ ဒါဖြင့် တောင်သမန်ကို ဒီအတိုင်းပစ်ထား၊ လက်ပိုက်ကြည့်နေမလား။ ဒီလိုလည်းမဟုတ်။ တောင်သမန်၏ မူလရေနေသဘာဝကို ပျက်စီးစေခဲ့သည့် ရေဝင်ရေထွက်ကိစ္စများ ပြင်ဆင်ပေါ့။ မယ်ဇယ်ပင်တန်းနှင့် အင်းရေ၊ အင်းအလှကို ထိခိုက်စေမည့် လုပ်ရပ်များ ဆင်ခြင်ပေါ့။ ဒါနှင့် မပြီးသေး။ ခေတ်က ရပ်တန့်နေမှာမဟုတ်။

တောင်သမန်ဝန်းကျင်မှာ ရှေးရှေးက နန်တော်ရှေ့ဆရာတင်ရေးစပ်သလို "သန်းခေါင်ကျော်လျှင် နတ်စည်မောင်းသံ ကြားရသည့်" တောင်သမန်မဟုတ်တော့။ စက်မှုမြို့ဇုန်ဘက်ရှိ စက်ရုံတွေက ဥဩသံတွေ၊ အမြန်လမ်းမကြီးပေါ်က အဝေးပြေးကားသံတွေ၊ မြို့ထဲက စက်ရက်ကန်းသံတွေ၊ ထော်လာဂျီသံတွေ၊ ဘေ့စ်သံပြင်းပြင်းနှင့် သီချင်းသံတွေ ဆူညံနေသည့် တောင်သမန်ဖြစ်သွားချေပြီ။ ရှေးကလို ငှက်ရွှေဟင်္သာတွေ ဟိုပျံသည်ပျံသည့် တောချည်းပကတိ တောင်သမန်လည်း မဖြစ်နိုင်တော့။ သည်လိုမဖြစ်နိုင်တော့လို့ အဆင်ပြေသလို နေကြပေရော လုပ်ကိုင်စားကြပေရော ဟုလည်း ဥပက္ခာပြုလို့မရ။

မြို့ပြထဲက တောင်သမန်ဖြစ်သွားလို့ မြို့ပြနှင့် ဆက်စပ်လိုက်လျောသော တောင်သမန်ပြုပြင်တည်ဆောက်မှုတွေကိုလည်း မဖြစ်မနေဆောင်ရွက်ကြရမည်။ လမ်းဘေးက မြန်မာမှုရေအိုးစင်မှာပင် ကနုတ်ပန်းနှင့် သစ်သားစင်ပေါ် ရွှာထောင်ပြာသိုအိုး တင်ထားသော်လည်း ရေသန့် ၂၀ လီတာဝင်ပုံးနှင့် ရေဖြည့်ပြီး စတီးရေအိုးဖုံးပေါ် စတီးမတ်ခွက် တင်ထားရမည်မဟုတ်လော။ တောင်သမန်ဝန်းကျင်တွင်လည်း ဤသဘောဖြစ်သည်။ ဖရိုဖရဲဖြစ်နေသော ထိုနေရာမှာ မြို့ပြနှင့် ဆက်စပ်လိုက်လျောသော လုပ်ငန်းတွေနှင့် မဖြစ်မနေဆောင်ရွက်ကြမည်ဆိုလျှင်ဖြင့်

(၁) တောင်သမန်၏ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအလှကို မထိခိုက်စေရေး၊
(၂) တောင်သမန်ဝန်းကျင်ရှိ အမရပူရခေတ် သာသနိကနေရာများ အဆောက်အအုံများ၏ သမိုင်းတန်ဖိုးများကို မညှိုးနွမ်းစေရေး၊
(၃) တောင်သမန်ဝန်းကျင်ရှိ ဦးပိန်တံတားအပါအဝင် အမရပူရ၏ သမိုင်းဝင် ရှေးဟောင်းယဉ်ကျေးမှုနှင့် အနုပညာများ ဖော်ထုတ်ထိန်းသိမ်းစေရေး၊
(၄) ဒေသခံများ၏ အကျိုးစီးပွားကို မထိခိုက်စေဘဲ ဒေသခံများ၏ မိရိုးဖလာ လက်မှုလုပ်ငန်းများ ဈေးကွက်မြှင့်တင်စေမှု အထောက်အကူဖြစ်ရေးဟူသော မူများဖြင့် အကောင်အထည်ဖော်ကြရပေမည်။

သည်လိုမူများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြမည်ဆိုလျှင်လည်း အားပေးကြရမည်။ ကူညီကြရမည်။ တည့်မတ်ကြရမည်။ ကြီးကြပ်ကြရမည်။

တောင်သမန်ဝန်းကျင်မှာ အသစ်ဆိုရင် ဘာမှမလုပ်ရဟူ၍လည်း ဘူးခံငြင်းနေလို့မရ။





# ပြည်သူလူထုအခြေပြု ရွှေ့လျားကျန်းမာရေးဆေးခန်း ဆောင်ရွက်

**နေပြည်တော် မေ ၃၀**
ရွှေ့လျားကျန်းမာရေးဆေးခန်းကို မေ ၂၈ ရက်က နေပြည်တော် ပျဉ်းမနားမြို့နယ် ကတိုးဆိပ် ဝဲကြီးကျေးရွာတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးအသိပညာပေး ဆွေးနွေးပွဲကို ဦးစွာပြုလုပ်ရာ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာဂျိုဂျိုစန်းက အမှာစကားပြောကြားပြီး နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှလှကြည်က မိခင်သေနှုန်းကျဆင်းရေးသိကောင်းစရာအကြောင်းကိုလည်းကောင်း၊ လက်ထောက်ဆရာဝန် ဒေါက်တာသက်နိုင်ဦးက သွေးလွန်တုပ်ကွေးရောဂါ သိကောင်းစရာများအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် အဘိုးအဘွားများကို အားဆေးနှင့် အာဟာရဖြစ်စေသော အစားအစာများကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များကို တစ်ခါသုံးမွေးအိတ်၊ အိုင်အိုဒင်းဆားနှင့် ဆပ်ပြာများကိုလည်းကောင်း၊ ကျေးရွာစာကြည့်တိုက်အတွက် မေတ္တာစမ်းရေမဂ္ဂဇင်းများကိုလည်းကောင်း လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ မေတ္တာစမ်းရေဆေးခန်းတာဝန်ခံဆရာဝန်ကြီး ဒေါက်တာစမ်းစမ်းလှိုင်နှင့်အဖွဲ့က "ရွှေ့လျားကျန်းမာရေးဆေးခန်းဖွင့်လှစ်ရခြင်းနှင့် ကိုယ်ဝန်ဆောင်စနစ်တကျစောင့်ရှောက်မှုခံယူရန် အရေးပါမှု၊ ကျွမ်းကျင်သူများဖြင့် မွေးဖွားရန်"အကြောင်းကိုလည်းကောင်း၊ IPPF Project မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာကိုကိုမော်က "အန္တရာယ်ကင်းသောကိုယ်ဝန်ဆောင်စောင့်ရှောက်မှုအကြောင်း"ကိုလည်းကောင်း ရှင်းလင်းဟောပြောခဲ့ကြပြီး အသင်းရုံးလက်ထောက်ဆရာဝန်များက ကျေးရွာအတွင်းရှိ လူငယ်များကို ပျိုရွယ်သူကျန်းမာရေးအသိပညာပေး ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။




ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာဂျိုဂျိုစန်း၊ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှလှကြည်နှင့် နေပြည်တော်ခုတင်(၂၀၀)မှ၊ မျက်စိအထူးကုဆရာဝန်ကြီးများ၊ နေပြည်တော်ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီးမှ သွားဘက်ဆိုင်ရာအထူးကုဆရာဝန်ကြီးအဖွဲ့၊ နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒက္ခိဏခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးနှင့် လက်ထောက်ဆရာဝန်များ၊ ဆရာ ဆရာမများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မေတ္တာစမ်းရေဆေးခန်းမှ တာဝန်ခံဆရာဝန်ကြီးနှင့် ဆရာဝန်များ လိုက်ပါဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကိုယ်ဝန်ဆောင် ၃၀၊ သက်ကြီးဘိုးဘွား ၇၀၊ မျက်စိလူနာ ၈၀၊ သွားနှင့်ခံတွင်းလူနာ ၁၄ ဦးနှင့် အထွေထွေလူနာ ၉၂ ဦး စုစုပေါင်း ၂၈၆ ဦးတို့ကို ကြည့်ရှုစစ်ဆေးကုသပေးခဲ့ကြပြီး ညွှန်းပို့ရန်လိုအပ်သောလူနာများကို နီးစပ်ရာကျန်းမာရေးဌာနသို့ ညွှန်းပို့ခြင်းနှင့် ချို့တဲ့လူနာများကို ထောက်ပံ့ခြင်းများလည်း ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ၂၀၁၀ ခုနှစ်မှစ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးရွာများသို့ကွင်းဆင်းကာ ပြည်သူလူထုအခြေပြု ရွှေ့လျားကျန်းမာရေးဆေးခန်းကို ဖွင့်လှစ်၍ ကျန်းမာရေးပညာပေးဟောပြောခြင်း၊ ကိုယ်ဝန်ဆောင်မှုနှင့် သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပံ့ပိုးပစ္စည်းများ လှူဒါန်းခြင်း၊ မျက်စိနှင့်သွားကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို တစ်လတစ်ကြိမ် ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## အနာဂတ်အတွက် ခြေလှမ်းများ

❂ ခြေလှမ်းတိုင်းမှာ
ဘယ်-ညာ၊ ညာ-ဘယ်
တကယ်အမှန်
ဟန်ချက်ညီတယ်။
❂ ဘယ်-ညာ ဟန်ချက်
တွဲဖက်မမိတဲ့အခါ
ယိုင်လာတဲ့ခြေထောက်
မှောက်လဲနိုင်တယ်၊
အခြေမခိုင်ဘဲ
ခွေယိုင်လဲမယ်။
❂ ခြေလှမ်းပမာ သာဓက
လူ့ဘဝ ကြေးမုံမှာ
အတ္တနဲ့ ပရ
ပြုကြတဲ့အခါ
မျှတအစဉ်သာကွယ်
ဘယ်အရာမှ မကဲစေသင့်။
❂ သတိ သမ္ပဇဉ်နဲ့
အသိ ဉာဏ်ယှဉ်လို့
သင်, နိုင်ငံသားဖြစ်ကျိုးနပ်အောင်
ဆုံးဖြတ်ကာကျင့်။ ။

မျိုးမြတ်မြတ်မြင့်မောင်

# ရေရှားပါးသော ဘော်ဆိုင်းဒေသ၌ မြေအောက်ရေ ပထမဆုံးအောင်မြင်စွာတူးဖော်နိုင်

**ဘော်ဆိုင်း မေ ၃၀**
ရှမ်းပြည်နယ်(တောင်ပိုင်း) ဘော်ဆိုင်းဒေသ ကံဦးဘုန်းတော်ကြီးကျောင်းတွင် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ ငွေကျပ်သိန်းပေါင်း ၁၅၀၀၀ ခန့် တန်ဖိုးရှိသည့် အင်္ဂလန်နိုင်ငံထုတ် DANDO အမျိုးအစား ရေတွင်းတူးစက်သစ်ကြီးဖြင့် တူးဖော်နေသည့် စက်ရေတွင်းအမှတ်(၁၁၀)တွင် မေ ၂၈ ရက်က တစ်နာရီရေဂါလန် ၃၀၀၀ အထွက်နှုန်းဖြင့် အနက်ပေ ၆၃၀ ၌ ပထမဆုံးတွင်းအဖြစ် အောင်မြင်စွာ တူးဖော်နိုင်ခဲ့ကြောင်း သိရသည်။



ထို့အပြင် ဖောင်ဒေးရှင်းမှ ရေတွင်းတူးစက်ကြီး ခုနစ်စီးဖြင့် ရေရှားပါးသော ညောင်ဦးခရိုင် စက်စက်ယိုကျေးရွာ၊ ချောက်မြို့ ကျောက်တန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ဘော်ဆိုင်း၊ ဟဲဟိုး၊ တောင်ကြီး၊ ကလော၊ ပင်းတယ၊ အောင်ပန်း၊ နမ့်စန်၊ ခိုလမ်၊ ဟိုပုံး၊ ညောင်ရွှေမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်၊ ပအိုးဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နောင်တရားမြို့နယ်နှင့် နေပြည်တော်တို့တွင် ရေတွင်းပေါင်း ၇၆ တွင်း၊ ရေလှောင်ကန်ပေါင်း ၉၈ ခုနှင့် ရေတိုင် ၂၆၂ တိုင် တို့ကို လှူဒါန်းဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ရှမ်း၊ ဓနု၊ တောင်ရိုး၊ ပအိုးဝ်၊ လီဆူး၊ အခါ၊ ယင်း၊ ပဒေါင်၊ ကယား၊ ကရင်၊ ဗမာ စသည့် ဒေသခံတိုင်းရင်းသားဦးရေ ၁၃၈၉၆၈ ဦး၊ ဘုန်းတော်ကြီးကျောင်း ၆၀၊ စာသင်ကျောင်း ၄၉ ကျောင်း၊ ဆေးရုံ ၁၁ ရုံနှင့် မီးသတ်ဌာန ၁၂ ခုတို့အတွက် လိုအပ်သည့် သန့်ရှင်းသောသောက်သုံးရေများ ပံ့ပိုးပေးနိုင်ခဲ့သည့်အပြင် ၂၀၁၄ ခုနှစ်မှ စတင်ခဲ့သော Water Supply Project စီမံကိန်းအတွက် ငွေကျပ်စုစုပေါင်း ၇ ဒသမ ၂ ဘီလီယံကျော် လှူဒါန်းသုံးစွဲခဲ့ကြောင်း သိရသည်။

**(၀၁၀)**



# တာမွေမြို့နယ် ကျောက်မြောင်းကြီးစံပြရပ်ကွက်အတွင်း သန့်ရှင်းသပ်ရပ်စေရေး အမှိုက်သိမ်းဆည်းစနစ်သစ်ဖြင့် စမ်းသပ်ဆောင်ရွက်

**ရန်ကုန် မေ ၃၀**
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှူး၏ စီမံမှုဖြင့် မေ ၂၈ ရက်မှစတင်ကာ တာမွေမြို့နယ် ကျောက်မြောင်းကြီးစံပြရပ်ကွက်အတွင်း သန့်ရှင်းသပ်ရပ်စေရေးအတွက် အမှိုက်သိမ်းဆည်းမှုစနစ်သစ်ဖြင့် ဆောင်ရွက်သိမ်းဆည်းပေးလျက်ရှိသည်။

အဆိုပါလုပ်ငန်းခွင်မှ သန့်ရှင်းရေးတာဝန်ခံ ဦးဝင်းကျော်မြင့်က "ဌာနမှူးကြီးရဲ့ရက် ၁၀၀ စီမံချက်ထဲမှာပါတဲ့ အမှိုက်သိမ်းစနစ်ပြုပြင်ပြောင်းလဲဖို့နဲ့ ပြည်သူတွေ အမှိုက်စွန့်ပစ်ရာမှာ အဆင်ပြေစေဖို့ရည်ရွယ်တာပါ။ ကျောက်မြောင်းကြီးစံပြရပ်ကွက်ကို စံပြအနေနဲ့ စတင်လုပ်ဆောင်ပေးမှာပါ။ အရင်က ခေါင်းလောင်းတီးပြီး ကား သို့မဟုတ် လှည်းနဲ့ သတ်မှတ်ချိန်တွေမှာ လိုက်သိမ်းပေမယ့် မိဘပြည်သူတွေအနေနဲ့ အမှိုက်စွန့်ပစ်ဖို့ မမီလိုက်တာ၊ မသိလိုက်တာတွေ ရှိတယ်။ အထပ်မြင့်ကလူတွေဆိုရင် အခက်အခဲရှိကြတယ်လို့သိခဲ့ရပါတယ်။ ဒါကြောင့် အမှိုက်သိမ်းစနစ် ပြောင်းလဲဆောင်ရွက်ပေးမှာပါ"ဟု ရှင်းပြသည်။

ယခုအမှိုက်သိမ်းစနစ်မှာ ရပ်ကွက်အတွင်းလမ်းများ၌ ၆၆၀ လီတာဆံ့အမှိုက်ပုံးများ ဖြန့်ကြက်ချထားပေးပြီး နေ့စဉ်နံနက် ၈ နာရီမှ ၁၁ နာရီထိ၊ ညနေ ၅ နာရီမှ ည ၈ နာရီအတွင်း အမှိုက်ပုံးများရှိ အမှိုက်များကို လိုက်လံသိမ်းဆည်းပေးမည်ဖြစ်ကြောင်း ရပ်ကွက်နေမိဘပြည်သူများသိရှိစေရန် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က ပြောသည်။ ကျောက်မြောင်းကြီးစံပြရပ်ကွက် ဒဂုံသီရိလမ်းတွင် နှစ်ပုံး၊ အောင်ဘာလေလမ်းတွင် နှစ်ပုံး၊ ကျောက်မြောင်းကြီးလမ်းနှင့် ကျောက်ရေတွင်းလမ်းတွင် လေးပုံး၊ အောင်မင်္ဂလာလမ်းတွင် သုံးပုံး၊ ဩဘာလမ်းနှင့် သုခလမ်းတွင် ကိုးပုံး၊ အင်းဝလမ်း၊ သီတာလမ်းနှင့်နတ်စင်လမ်းတွင် ၁၀ ပုံး စုစုပေါင်းပုံး ၃၀ ဖြန့်ကြက်ချထားပေးသည့်အတွက် မိဘပြည်သူများအနေဖြင့် အချိန်မရွေး မိမိတို့၏ မီးဖိုချောင်ထွက်အမှိုက်များကို အမှိုက်အစို၊ အခြောက်ခွဲခြားပြီး သတ်မှတ်ထားသည့်အိတ်များဖြင့် စွန့်ပစ်ကြရန် တိုက်တွန်းထားကြောင်း သိရသည်။

**(၁၉၇)**

# SSA (ရှက်ဆစ်)အဖွဲ့မှ အဓမ္မလူသစ်စုဆောင်းခြင်းကြောင့် ပြောင်းရွှေ့ရောက်ရှိလာသော အိမ်ထောင်စုများအား စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

**နေပြည်တော် မေ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် ကိုးမိုင်ကျေးရွာသို့ မေ ၂၉ ရက်တွင် တာကော်ကျေးရွာအုပ်စု နမ့်ငင်းကျေးရွာနှင့် ဝမ်မိုင်ကုန်းဆာကျေးရွာတို့မှ အိမ်ထောင်စုများ ပြောင်းရွှေ့ရောက်ရှိလာခဲ့ပြီး ၎င်းတို့သည် SSA (ရှက်ဆစ်)အဖွဲ့၏ အဓမ္မလူသစ် စုဆောင်းမှုကြောင့် ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပြောင်းရွှေ့လာသူများကို တာဝန်ရှိသူများက မေးမြန်းရာ SSA (ရှက်ဆစ်)အဖွဲ့သည် ၂၀၁၆ ခုနှစ် ဧပြီလအတွင်း ယင်းကျေးရွာများမှ အသက် (၁၈)နှစ်နှင့် (၁၉) နှစ်ကြား အမျိုးသားများကို တစ်အိမ်ထောင်လျှင် တစ်ဦးနှုန်း လူသစ်စုဆောင်းပေးရန်နှင့် မစုဆောင်းနိုင်ပါက တစ်အိမ်ထောင်လျှင် ငွေကျပ် လေးသောင်းနှုန်း ပေးအပ်ရန် တောင်းခံခဲ့ကြောင်း၊ ထို့ကြောင့် ကျေးရွာသူကြီးမှတစ်ဆင့် မေ ၄ ရက်တွင် တစ်အိမ်ထောင်လျှင် ကျပ် ၂၅၀၀၀ နှုန်းဖြင့် ပေးဆောင်ခဲ့ရပြီး ကျန်ရှိငွေအား ထပ်မံပေးအပ်နိုင်ခြင်းမရှိ၍ ဆွေမျိုးများနေထိုင်ရာ ကျေးရွာများသို့ ပြောင်းရွှေ့နေထိုင်ရန် ထွက်ခွာလာခြင်းဖြစ်ကြောင်း သိရသည်။

နမ့်ငင်းကျေးရွာသို့ အိမ်ထောင်စု ငါးစု၊ လူဦးရေ ၂၁ ဦးနှင့် ဝမ်မိုင်ကုန်းဆာကျေးရွာသို့ အိမ်ထောင်စု နှစ်စု၊ လူဦးရေ ၁၁ ဦး စုစုပေါင်း ၃၂ ဦး ပြောင်းရွှေ့လာခြင်းဖြစ်ပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ ပြောင်းရွှေ့လာသူများအတွက် ဆန် သုံးအိတ်၊ ဆီ ခြောက်ပိဿာနှင့် စားသောက်ဖွယ်ရာများ**(ယာပုံ)**၊ မိုင်းပျဉ်းမြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ဆန် ခုနစ်အိတ်နှင့် ကလေးများအတွက် ကျောင်းဝတ်စုံ ၂၁ စုံတို့အား ပေးအပ်ခဲ့ပြီး တပ်မတော်ဆေးကုသရေးအဖွဲ့က လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

SSA (ရှက်ဆစ်)အဖွဲ့သည် မေလအတွင်းကလည်း မိုင်းပျဉ်းမြို့နယ် ဆင်မောင်းကျေးရွာအုပ်စုအတွင်း ကျေးရွာများရှိ တည်းခိုခန်းများ၊ စားသောက်ဆိုင်များနှင့် နေအိမ်ဈေးဆိုင်များမှ ဆက်ကြေးငွေများ ကောက်ခံခဲ့ကြောင်း သိရသည်။ ထို့ကြောင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ ကျိုင်းတုံမြို့ရှိ SSA (ရှက်ဆစ်)အဖွဲ့ဆက်ဆံရေးရုံးတာဝန်ခံအားခေါ်ယူ၍ ပြည်သူလူထုအား ဆက်ကြေးငွေကောက်ခံခြင်းနှင့် လူသစ်စုဆောင်းခြင်းများ မပြုလုပ်ရန်၊ ယခုကဲ့သို့ပြုလုပ်နေခြင်းသည် ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေပြီး ငြိမ်းချမ်းရေးစာချုပ်ပါသဘောတူညီချက်များအား ဖောက်ဖျက်ရာရောက်ကြောင်း သတိပေးပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြဝတီ)**



# စက်မှုလယ်ယာစနစ်ကျ ဧက(၁၀၀) မူလပိုင်ရှင်တောင်သူများသို့ ပြန်လည်အပ်နှင်း

**မြိတ် မေ ၃၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် အင်္ဂမော်ကျေးရွာအုပ်စု ကန်သာယာကျေးရွာ မူလတန်းကျောင်း၌ မေ ၂၉ ရက် နံနက် ၉ နာရီက မြိတ်ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့သည့် စက်မှုလယ်ယာစနစ်ကျဧက (၁၀၀) အား မူလပိုင်ရှင် တောင်သူများထံသို့ ပြန်လည်ပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်းက ယခုကဲ့သို့ ဒေသခံတောင်သူများ၏ ပုံသဏ္ဍာန်အမျိုးမျိုး၊ ဧရိယာအမျိုးမျိုးဖြစ်နေသည့် လယ်ယာမြေများကို စိုက်ပျိုးဆောင်ရွက်ရာတွင် ယခင်က မလိုလားအပ်ဘဲ အချိန်ကုန်၍ တောင်သူလုပ်အားများစွာ ဆုံးရှုံးမှုရှိခဲ့ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေကျပ်သိန်း ၁၆၀ ဖြင့် စက်မှုလယ်ယာစနစ်ကျဧက(၁၀၀)ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ စနစ်ကျသည့် တစ်ဧကကွက်များဖြစ်ပေါ်လာသည့်အတွက် တောင်သူများအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဆင်ပြေပြေဖြင့် ဆောင်ရွက်လာနိုင်တော့မည်ဖြစ်ကြောင်း၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကိုလည်း လက်တွေ့ကျကျ ကျင့်သုံးလာနိုင်မည်ဖြစ်၍ စိုက်ပျိုးထုတ်လုပ်မှုပိုမိုတိုးတက်လာပြီး တောင်သူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်လာကာ လူနေမှုဘဝများလည်း တိုးတက်မြင့်မားလာတော့မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဒေသခံတောင်သူများ အခြေခံကောင်းများရရှိလာမည်ဖြစ်၍ စိုက်ပျိုးထုတ်လုပ်မှုကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

အခမ်းအနားသို့ တက်ရောက်လာသူ ဒေသခံတောင်သူ ဦးကျော်မြင့်က ယခင်က မိမိတို့လယ်ယာမြေများသည် ယခုကဲ့သို့ တစ်ဧကကွက်များ ဖော်ထုတ်ထားခြင်းမရှိသဖြင့် ရေသွင်း/ရေထုတ်ခက်ခဲခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲအမျိုးမျိုးဖြင့် ကြုံတွေ့ခဲ့ရပြီး အချိန်နှင့် လူလုပ်အား များစွာဆုံးရှုံးခဲ့ရကြောင်း၊ ယခုအခါတွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် စက်မှုလယ်ယာစနစ် ဧကများဖော်ထုတ်ပေးခဲ့ပြီဖြစ်သဖြင့် စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် အဓိကကျသော လယ်ယာမြေများကို ရေသွင်း/ရေထုတ် စနစ်တကျ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ သွင်းအားစုများထည့်သွင်းရာတွင်လည်း အလေအလွင့် ဆုံးရှုံးမှုမရှိဘဲ ထိရောက်စွာ အသုံးပြုလာနိုင်မည်ဖြစ်သည့်အတွက် သီးနှံအထွက်နှုန်းလည်း သေချာပေါက်တိုးတက်လာမည်ဟု ယုံကြည်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးဆောင်ရွက်ထားသည့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကိုလည်း လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်စက်မှုလယ်ယာဦးစီးမှူး ဦးထက်ထက်မင်းက မြိတ်ဒေသတွင် ရန်ပုံငွေအခက်အခဲနှင့် အခြားအခက်အခဲအမျိုးမျိုးတို့ကြောင့် ယခုကဲ့သို့ စက်မှုလယ်ယာစနစ်ကျလယ်ယာမြေများ ဖော်ထုတ်ဆောင်ရွက်မှုမရှိခဲ့ကြောင်း၊ ဒေသခံတောင်သူများမှ ယခင်ရှိပြီးသားလယ်ယာမြေတည်ရှိမှုပေါ်တွင် မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း၊ လယ်ကွက်များ ပုံသဏ္ဍာန်အမျိုးမျိုးနှင့် အရွယ်အစားအမျိုးမျိုးရှိနေခြင်း၊ မျက်နှာပြင်အနိမ့်အမြင့် မတူညီခြင်းတို့ကြောင့် ရေသွင်း/ရေထုတ်ပြုလုပ်ရန် ခက်ခဲခြင်း၊ ရေနေရေထိုင် ကောင်းမွန်မှုမရှိခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်များစွာယူ၍ ဆောင်ရွက်ရခြင်း၊ လူလုပ်အားများစွာအသုံးပြုရခြင်းစသည့် အခက်အခဲများကြုံတွေ့ခဲ့ရသော်လည်း ယခုအခါ တောင်သူများ၏လိုလားချက်၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဒေသ၏ ကျေးလက်နေပြည်သူများ ဆင်းရဲမွဲတေမှုလျှော့ချရေး၊ ဒေသခံတောင်သူများ စိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်ထုတ်လုပ်မှုမှတစ်ဆင့် ဝင်ငွေတိုးတက်ပြီး လူမှုစီးပွားဘဝများ မြင့်တက်လာစေရန် ရည်ရွယ်ချက်ဖြင့် ဤစီမံကိန်းကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေခွင့်ပြုချက်ဖြင့် ယခုကဲ့သို့ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဤစီမံကိန်းဖြစ်မြောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးခဲ့သည့် ဒေသခံတောင်သူများ အဘက်ဘက်က ကူညီဆောင်ရွက်ပေးခဲ့ကြသော ခရိုင်/မြို့နယ်/ကျေးရွာအုပ်စု ကော်မတီဝင်များကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝင်းမြတ်စိုးက ယခုစက်မှုလယ်ယာဧက (၁၀၀)ဖော်ထုတ်သည့်ဒေသသည် မိုးကောင်းသောက်လယ်မြေများဖြစ်ပြီး မြေချဉ်ပေါက်ခြင်း၊ မြေမျက်နှာပြင် ညီညွတ်မှုမရှိခြင်းကြောင့် ရေသွင်း/ရေထုတ် စနစ်တကျ ပြုလုပ်နိုင်မှုမရှိခြင်း၊ သွင်းအားစုများထည့်သွင်းရာတွင်လည်း စနစ်တကျ မထည့်သွင်းနိုင်ခြင်းကြောင့် လေလွင့်ဆုံးရှုံးမှုများရှိခဲ့ပြီး အထွက်နှုန်း လျော့သော ဒေသများဖြစ်ခဲ့ကြောင်း၊ သို့သော် ယခုအခါ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေခွင့်ပြုမှု စက်မှုလယ်ယာဦးစီးဌာန၏ စေတနာထားဆောင်ရွက်မှုတို့ကြောင့် စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေများ ဖော်ထုတ်လာနိုင်သည့် ယခင်ကပုံသဏ္ဍာန်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးနှင့် မျက်နှာပြင်မညီညာသည့် လယ်မြေများကို ပုံသဏ္ဍာန်အရွယ်အစား တစ်မျိုးတည်းဖြင့် ပြုပြင်ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့် အထွက်တိုးမြှင့်ရေးဆိုင်ရာ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကို လက်တွေ့ကျကျ ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ ရေသွင်း/ရေထုတ်များကို စနစ်တကျပြုလုပ်နိုင်ခြင်း၊ သွင်းအားစုများ ထည့်သွင်းရာတွင်လည်း ဧကကွက်များကို အခြေခံတွက်ချက်ရသဖြင့် တောင်သူများအနေဖြင့် တွက်ချက်မှုလွယ်ကူခြင်း၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကိုလည်း လက်တွေ့ကျကျ ဆောင်ရွက်လာနိုင်ခြင်း စသည့် အခြေခံကောင်းများရရှိလာမည်ဖြစ်၍ ဒေသခံတောင်သူများအနေဖြင့် ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ပြီး ယခင်ကထက် ဝင်ငွေတိုးတက်လာကာ လူမှုစီးပွားဘဝများ မြင့်တက်လာတော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အခမ်းအနားအပြီးတွင် မြို့နယ်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဝင်များက စက်မှုလယ်ယာစနစ်ကျ ဖော်ထုတ်ထားသည့် လယ်မြေဧက(၁၀၀)အား ဒေသခံတောင်သူ ၂၇ ဦးတို့အား ၎င်းတို့ပိုင်ဆိုင်သည့် ဧရိယာများအတိုင်း ခွဲဝေပေးခြင်းဆောင်ရွက်ခဲ့ပြီး မြိတ်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းများဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်လွန်ကဦးဆောင်၍ မြေခြားမြေနားတိုင်းပေးခြင်း၊ ဧရိယာသတ်မှတ်ပေးခြင်းတို့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြင့်ဦး (မြိတ်)**

## ○ ကျောဖုံးမှ

ယခုကျင်းပမည့် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကို အသင်းလေးသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ နိုင်ငံတကာခြေစွမ်းပွဲများ ကစားသည့်ရက်နှင့် ချိတ်ဆက်ကစားရသောကြောင့် အုပ်စုပတ်လည်မကစားဖြစ်တော့ဘဲ ဆီမီးဖိုင်နယ်၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲပုံစံဖြင့် ကျင်းပသွားမည်ဖြစ်သည်။ ပွဲစဉ် ရေးဆွဲထားမှုအရ ဇွန် ၃ ရက်တွင် ဆီမီးဖိုင်နယ်ပွဲစဉ်များ ကျင်းပသွားမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် ဗီယက်နမ်အသင်းနှင့် ဟောင်ကောင်အသင်း၊ ညနေ ၆ နာရီတွင် အိမ်ရှင်မြန်မာအသင်းနှင့်စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဇွန် ၆ ရက်တွင် တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို AYA Bank က စပွန်ဆာပေးထားခြင်းဖြစ်ပြီး ဆုကြေးများအဖြစ် ပထမဆု အမေရိကန်ဒေါ်လာ နှစ်သောင်း၊ ဒုတိယဆု အမေရိကန်ဒေါ်လာ တစ်သောင်း၊ တတိယဆု အမေရိကန်ဒေါ်လာ ငါးထောင် ချီးမြှင့်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲအတွက် ပဏာမကစားသမား ၂၇ ဦးဖြင့် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး ပြိုင်ပွဲနီးမှ အပြီးသတ် ၂၃ ဦးကို ရွေးချယ်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲအပြီး ယခုလအတွင်း ခြေစမ်းပွဲကစားထားရာ MNL နိုင်ငံခြားသားများ ညွန့်ပေါင်းအသင်းနှင့် တစ်ဂိုးစီသရေ၊ မလေးရှားလက်ရွေးစင်အသင်းနှင့် ဂိုးမရှိ သရေကျထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် နည်းပြဂတ်ဖရိုင်းဒရစ်လက်ထက်တွင် ကစားပြီးသည့် ခုနစ်ပွဲစလုံး နိုင်ပွဲမရသေးဘဲ ယင်းအစဉ်အလာဆိုးကို လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲတွင် ချေဖျက်နိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။

## ✳ အငှားအိမ်ရာစီမံကိန်းမှ

မဲနှိုက်၍ ပဥ္စမအထပ်ပေါက်သူ ကိုထွန်းထွန်းကလည်း "အထပ်မြင့်ပေမယ့် အခုအချိန်မှာ လုံလုံခြုံခြုံနဲ့ အဆင့်မြင့်မြင့် နေရတော့မယ့်အတွက် ဝမ်းသာနေပါတယ်။ မကြာမီမိုးရာသီကလည်း ရောက်တော့မယ်ဆိုတော့ ရွှေ့ပြောင်းနေထိုင်ရတဲ့ ဒုက္ခတွေ ကင်းသွားတာပေါ့"ဟု ပြောကြားသည်။ အငှားအိမ်ရာစီမံကိန်းကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ကျပ်ငွေသန်းပေါင်း ၁၁၀၀၀ အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်ပြီး ၁၂-ခန်းတွဲ ခြောက်ထပ်အဆောက်အအုံပေါင်း ၂၂-လုံးမှ အခန်းအရေအတွက် ၁၅၈၄-ခန်းကို အငှားချထားပေးနေကြောင်း သိရသည်။

## ရေမြောင်းသန့်ရှင်းရေးလုပ်သားများ မြွေအန္တရာယ်သတိပြုရန်လို

**ရန်ကုန် မေ ၃၀**

တာမွေမြို့နယ် မြင်းပြိုင်ကွင်းလမ်းတွင် မေ ၃၀ ရက်က ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန်းဦးနှင့် အဖွဲ့ဝင်များသည် ရေမြောင်းများအတွင်း အမှိုက်ဆယ်ယူရှင်းလင်းဆောင်ရွက်ကြသည်။ ထိုသို့ ဆောင်ရွက်နေစဉ် ရေမြောင်းစပ် ချုံပုတ်ထဲမှ အရှည် လေးပေခန့်ကျော် လုံးပတ် တစ်လက်မခွဲခန့်ရှိ မြွေပွေးတစ်ကောင်သည် သန့်ရှင်းရေးလုပ်သားများကို ရန်မူရန်ကြည့်နေစဉ် သန့်ရှင်းရေးလုပ်သားများက လက်ဦးမှုရသွားသဖြင့် မြွေပွေးအန္တရာယ်မှ ကင်းလွတ်သွားခဲ့သည်။

ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်ကြရသောစည်ပင်ဝန်ထမ်းများအနေဖြင့် ဖိနပ်ရှည်စီး၍ဆောင်ရွက်ကြရန်နှင့် ပြည်သူများကလည်း အမှိုက်များကို စည်းကမ်းရှိစွာ သတ်မှတ်ထားသည့်နေရာများတွင်သာ စွန့်ပစ်သင့်ကြောင်း စည်ပင်အုပ်ချုပ်ရေးမှူး ဦးသန်းဦးက ပြောကြားသည်။ **(လှလှ)**






# ဦးနု၏ နိုင်ငံရေး မိန့်ခွန်းများ ပေါင်းချုပ်







မြင့်ဆွေဦး

**ဦးနု၏နိုင်ငံရေးမိန့်ခွန်းများပေါင်းချုပ် အမှတ်(၁)**

ဤစာအုပ်ကို စိတ်ကူးချိုချိုစာအုပ်တိုက်မှ ၂၀၁၆ ခုနှစ် မေလတွင်ထုတ်ဝေခဲ့သည်။ ထိုစာအုပ်အတွက် စိတ်ကူးချိုချိုစာအုပ်တိုက်၏အမှာစာပါရှိသည်။ ထိုအမှာစာတွင် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ဒီမိုကရေစီခေတ်၏ ပထမဆုံးနှင့် နောက်ဆုံးဝန်ကြီးချုပ် ဦးနု၏ နိုင်ငံရေးမိန့်ခွန်းများပေါင်းချုပ်ကို စုစည်းထုတ်ဝေခြင်းဖြစ်သည်။ ၁၉၄၆ ခုနှစ်မှ ၁၉၆၁ ခုနှစ်အတွင်း ဦးနုပြောကြားခဲ့သည့် မိန့်ခွန်းများကို စုစည်းထားခြင်းဖြစ်သည်။

ဤစာအုပ်တွင် ဦးနု၏မိန့်ခွန်းများသာမက ဦးနုနှင့်ပတ်သက်သည့်သတင်းများ၊ ဦးနုနှင့် တွေ့ဆုံမေးမြန်းခြင်းများနှင့် ဦးနုက ဖဆပလအလုပ်အမှုဆောင်အဖွဲ့သို့ ဝေငှသော စာတမ်းများပါ ပူးတွဲဖော်ပြထားသည်။

ကျောင်းသားဘဝကပင်ကိုနုသည် ရန်ကုန်တက္ကသိုလ်တွင် ကိုအုန်းကမိတ်ဆက်ပေးသဖြင့် အောင်ဆန်း၊ သိန်းဖေ၊ ကျော်ငြိမ်းတို့နှင့် သိကျွမ်းခင်မင်ခဲ့ကြသည်။ ကိုနုအပါအဝင်သူတို့လေးယောက် ရန်ကုန်တက္ကသိုလ်သမဂ္ဂ၌ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကြရာ ကိုနုက သမဂ္ဂဥက္ကဋ္ဌဖြစ်လာပြီး ကျန်သူများက သမဂ္ဂအမှုဆောင်များ ဖြစ်လာသည်။ ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ကိုနုက တက္ကသိုလ်ကျောင်းအုပ်ချုပ်ပုံကို ဝေဖန်ပြောကြားခဲ့သဖြင့် ကျောင်းအုပ်ကြီးမစ္စတာ စလော့က ကိုနုကို ကျောင်းထုတ်ခဲ့သည်။ ထိုအတူ သမဂ္ဂမဂ္ဂဇင်း အယ်ဒီတာဖြစ်သူ ကိုအောင်ဆန်းကိုလည်း သမဂ္ဂမဂ္ဂဇင်းတွင် ပါဝင်သော ဆောင်းပါးတစ်ပုဒ်ကြောင့် ကျောင်းထုတ် လိမ့်မည်ဟု သတင်းထွက်လေသည်။ ၁၉၃၆ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက် ညနေတွင် သပိတ်မှောက်ပွဲကြီးပေါ်ထွက် လာခဲ့သည်။ ဒုတိယကျောင်းသားသပိတ်ဖြစ်သည်။ ထိုသပိတ်ကြီးမှ နောင်တစ်ခေတ်တွင် ခေါင်းဆောင်ဖြစ်လာမည့်သူများကို မွေးထုတ်ပေးလိုက်ခြင်းဖြစ်သည်။

သပိတ်မမှောက်ခင် ကျောင်းသားသမဂ္ဂ ဒုတိယဥက္ကဋ္ဌ မစ္စတာရာရှစ်က အစည်းအဝေးခေါ်ယူရခြင်းအကြောင်းရှင်းပြပြီး ကျန်အမှုဆောင်များက သပိတ်မှောက်ရန် အားလုံးသဘောတူကြသဖြင့် တက္ကသိုလ်ကျောင်းကြီးအား သပိတ်မှောက်လိုက်ကြသည်။ ထိုအစည်းအဝေးတွင် တက်ရောက်လာသော ကျောင်းသားများ၏ တိုက်တွန်းမေတ္တာရပ်ခံချက်အရ တက္ကသိုလ်ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ကိုနုမိန့်ခွန်းပြောကြားခဲ့သည်။ ထိုမိန့်ခွန်းသည် ကိုနု(ဦးနု)၏ ပထမဆုံးနိုင်ငံရေးမိန့်ခွန်းဟု ဆိုနိုင်ပေသည်။

ကိုနုသည် ကိုအောင်ဆန်းက အတင်းတိုက်တွန်းခေါ်ငင်ခဲ့သောကြောင့် တို့ဗမာအစည်းအရုံးသို့ ဝင်ခဲ့ရသည်။ ဤသို့နှင့် သခင်နု၊ သခင်အောင်ဆန်းဖြစ်လာသည်။ လွတ်လပ်ရေးတိုက်ပွဲတစ်လျှောက်တွင်လည်း သခင်အောင်ဆန်းနှင့်အတူ ပါဝင်ခဲ့သည်။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းတို့ ဂျပန်စစ်တပ်နှင့်အတူ မြန်မာပြည်အတွင်း ဝင်ရောက်လာပြီး ဂျပန်ခေတ်တွင် အစိုးရဖွဲ့ပေးသည့်အခါတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ သခင်နုသည် အစိုးရအဖွဲ့တွင် တာဝန်ယူခဲ့ရသည်။

ဖဆပလခေတ်ရောက်သည့်အခါ သခင်နုသည် မော်လမြိုင်ကျွန်းတွင် ပြန်နေပြီး စာအုပ်များ၊ သတင်းများ၊ ဆောင်းပါးများ ရေးနေခဲ့သည်။ ထိုအခါ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဖဆပလအလုပ်အမှုဆောင်အဖွဲ့က ဖဆပလဌာနချုပ်မှာ ဒုတိယဥက္ကဋ္ဌလာလုပ်ပါ။ တနင်္ဂနွေတစ်ပတ်ကို နှစ်နာရီလောက် ဌာနချုပ်ကို လာရင်တော်ပါပြီ။ စာရေးဆရာလုပ်ငန်းကိုလည်း မထိခိုက်စေရပါဟု အကြိမ်ကြိမ်ခေါ်သဖြင့် ပြန်လာခဲ့ရသည်။ ဘုရင်ခံ ဆာဟူးဘတ်ရန့်(စ်)လက်အောက်မှာ အစိုးရဖွဲ့သည်။ ထိုအစိုးရအဖွဲ့ထဲ ဝင်ဖို့ခေါ်ခဲ့သော်လည်း လက်မခံခဲ့။

တိုင်းပြည်ပြုလွှတ်တော်အတွက် အထွေထွေရွေးကောက်ပွဲပေါ်လာခဲ့ရာ လွှတ်တော်ပေါ်လာရင် ဥက္ကဋ္ဌလုပ်ရန်၊ ရွေးကောက်ပွဲဝင်ရန် ဗိုလ်ချုပ်အောင်ဆန်းက တိုက်တွန်းခဲ့သော်လည်း လက်မခံ။ ရွေးကောက်ပွဲပြီးသည့်အခါ မြိတ်က အမတ်တစ်ယောက်ကွယ်လွန်သွားသဖြင့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ပြီး အရွေးခံရန် ဗိုလ်ချုပ်အောင်ဆန်းက တိုက်တွန်းပြန်သည်။ သခင်နုကလည်း မလုပ်လို၍ တင်းတင်းမာမာငြင်းဆန်ခဲ့သည်။ ထို့ကြောင့် ဝင်အရွေးခံရပြီး တိုင်းပြည်ပြုလွှတ်တော်ဥက္ကဋ္ဌတာဝန်ကို ယူခဲ့ရသည်။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ လုပ်ကြံခံရပြီးသည့်နောက် ယာယီအစိုးရဖွဲ့၍ သခင်နုက ဦးဆောင်ပြီး လွတ်လပ်ရေးရယူခဲ့သည်။

ထို့ကြောင့်ယခုစာအုပ်တွင် ၁၉၄၆ ခုနှစ်မှ ၁၉၆၁ ခုနှစ်အထိ ဦးနုပြောကြားခဲ့သော မိန့်ခွန်းများကို စုစည်းပေးထားခြင်းဖြစ်သည်။ ပါလီမန်ဒီမိုကရေစီခေတ်က ပြောကြားခဲ့သော မိန့်ခွန်းများဖြစ်သည်။

လွတ်လပ်ရေးရပြီးနောက် မကြာခင်မှာ ကွန်မြူနစ်များ တောခိုပြီး လက်နက်ကိုင်ပုန်ကန်ခဲ့သည်။ ကရင်တို့ကလည်း ပုန်ကန်ခဲ့သည်။ ရဲဘော်ဖြူတို့ကလည်း လက်နက်ကိုင်ပုန်ကန်ခဲ့သည်။ ထို့ကြောင့်အစောပိုင်း ဦးနုမိန့်ခွန်းများတွင် ကွန်မြူနစ်၊ ရဲဘော်ဖြူ ကေအင်ဒီအိုနှင့် ရင်ဆိုင်တိုက်ခိုက်ဖြေရှင်းရပုံများကို ပြောကြားခဲ့သည်။

၁၉၄၆ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သူ ဗမာပြည်ကွန်မြူနစ်ပါတီပေါ်လစ်ဗျူရိုအဖွဲ့ဝင်၊ ပြည်သူ့အာဏာဂျာနယ်အယ်ဒီတာနှင့် တော်လှန်ရေးခေါင်းဆောင် သခင်ဗဟိန်းအတွက် အောက်မေ့ဖွယ်အခမ်းအနားကို ရန်ကုန်မြို့ နေသူရိန်ရုံကြီး၌ကျင်းပခဲ့ရာ ဖဆပလကိုယ်စားလှယ် သခင်နုတတ်ရောက်၍ ဂုဏ်ပြုစကားပြောကြားခဲ့သည်။ ထိုမိန့်ခွန်းတွင် သခင်နုက အောက်ပါအတိုင်း ပြောကြားခဲ့သည်။

**စာမျက်နှာ ၁၁ သို့ ✳**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော မေ ၁၁ ရက်မှ ၂၁ ရက်အထိ ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | တင်မောင်မြင့် | ပြန်ပေး | ၃၀၀၀ိ/- | ကံကော်ဝတ်ရည် |
| ၂ | မင်းဒင် | ဒီလိုတော့နှယ်မောင်ဒင်လေးကိုအရွဲ့တိုက်တယ်လို့ထင်ပါမည် | ၃၅၀ိ/- | လွင်ဦး |
| ၃ | အောင်ချိမ့် | ချစ်မိတ်ဆွေနှင့် အခြား | ၂၀၀၀ိ/- | ကျော်မွှေး |
| ၄ | ဒေါက်တာလွှမ်းမိုးဟန် | ကင်ဆာလူနာများအတွက်လက်တွေ့ကျကျမေးခွန်းနှင့်အဖြေများ | ၂၅၀၀ိ/- | ရသစာပေ |
| ၅ | ရှင်မားရ | မိုမိဂျိသစ္စာ | ၁၅၀၀ိ/- | ဇွန်ပွင့် |
| ၆ | ဝင်းသိန်းဦး | HRD FOR MBA | ၃၀၀၀ိ/- | Future Publishing |
| ၇ | ပါရဂူ | ဒိဗျာ | ၃၀၀၀ိ/- | လမ်းသစ် |
| ၈ | ကျော်ရင်မြင့် | ဘဝဇာတ်ခုံစုစည်းမှု-၈ | ၄၅၀၀ိ/- | လင်းလွန်းခင် |
| ၉ | မင်းကျော် | မောင်ကျော်ဇော်ဟုခေါ်သည် | ၂၀၀၀ိ/- | တိုးမြစ်စာပေ |
| ၁၀ | တင့်ဇော် | အဲ့ဒီနေ့တွေထဲကတစ်နေ့မြက်စားသူများနှင့် နိုင်ငံတကာဝတ္ထုတိုများ | ၂၀၀၀ိ/- | Global Piece Group |
| ၁၁ | အရှင်ပညာဝံသ | ထားဝယ်သာသနာဝင် (ဒေါက်တာဖေညာဏ်) | ၅၀၀၀ိ/- | ဓမ္မသံတော်ဆင့် |
| ၁၂ | အရှင်ကေလာသ | ဓမ္မအမေးအဖြေများပေါင်းချုပ်(အမှတ်-၃) | ၃၀၀၀ိ/- | ပုံနှိပ်ရာဇဝင် |
| ၁၃ | မင်းခက်ရဲ | ဒီမိုကရေစီပညာရေး | ၂၀၀၀ိ/- | MKS-Publishing |
| ၁၄ | နောင်ချိုသစ် | ကလေးများဖတ်ဖို့သိပ္ပံပညာသမိုင်း | ၂၀၀၀ိ/- | MKS-Publishing |
| ၁၅ | ဗျူး | မဟာဒုဂ်မင်္ဂလာပုံပြင်များ | ၂၅၀ိ/- | |
| ၁၆ | ဗျူး | မမကံကော်နှင့်မောင်လေးသင်းထုံ | ၂၅၀ိ/- | |
| ၁၇ | ဗျူး | ပုံပြင်ပြတိုက်မောင်ရေအေးနှင့်ရေအောက်ကမ္ဘာ | ၂၅၀ိ/- | |
| ၁၈ | ဗျူး | တိုင်းရင်းသားရိုးရာသရုပ်ဖော်ပုံပြင်များအမှတ်(၂) | ၂၅၀ိ/- | |
| ၁၉ | ဦးဖုန်းကို | လက်တွေ့သုံးဂျပန်-အင်္ဂလိပ်-မြန်မာစကားပြောနှင့်ဝေါဟာရ+ CD | ၄၅၀ိ/- | |
| ၂၀ | ကျော်ရင်မြင့် | သုံးသိန်းတန်စကားပိုင်ရှင်ဖောင်းတောဘုရင်မ (ဘဝဇာတ်ခုံစုစည်းမှု-၈) | ၄၅၀ိ/- | |
| ၂၁ | ကလောင်စုံ | မန္တလေးရဲ့ --ချစ်မြတ်နိုးသူများဆုံဆည်းရာ ရသဝတ္ထုတို စုစည်းမှုအမှတ်(၂) | ၂၅၀ိ/- | |
| ၂၂ | ဓမ္မပါလ | မိုးခါးရေ | ၂၀၀ိ/- | |
| ၂၃ | ပုညခင် | မင်္ဂလာပါဆရာမ | ၃၀၀၀ိ/- | ပုညခင်စာပေ |
| ၂၄ | ကလောင်စုံ | ဝသုန္ဓရေလက်ရေးဝတ္ထုတိုများ | ၁၅၀ိ/- | |
| ၂၅ | လင်းသိုက်ညွန့် | Success Box (Speed up your success) | ၁၀၀၀၀ိ/- | |
| ၂၆ | ကျော်ဇင်ကောင်း | တိုယိုတာကားများပြစ်ချက်ရှာဖွေနည်း၊ပြုပြင်နည်း | ၅၀၀၀ိ/- | မျိုးဆက်သစ် |
| ၂၇ | မောင်ယုပိုင် | ဒရာမာ | ၁၅၀၀ိ/- | နှင်းဆီဖြူ |
| ၂၈ | မောင်ခင်မင်(ဓနုဖြူ) | မြင်သမျှလူပါရဂူတဲ့လားနှင့် အတွေ့အကြုံ၊အတွေးအမြင်စာစု | ၂၀၀၀ိ/- | ခဝါလှေမွှန် |
| ၂၉ | လူသာမန် | တွေးကြော ၁၀၁ | ၂၀၀၀ိ/- | စံပယ် |
| ၃၀ | မင်းဝေနိုင်(ဟသ်ာတ) | ဘဝခရီးကိုယ့်ထီးကိုယ်ဆောင်း | ၁၂၀၀ိ/- | Global Piece Group |
| ၃၁ | သန်းထွန်း(လှည်းကူး) | ပန်းချီခင်မောင်ဦးနဝမမြောက်အရပ်သားသမ္မတကြီးဦးထင်ကျော် | ၃၀ိ/- | |
| ၃၂ | အောင်လှိုင်-မြန်မာပြန် | နှစ်၁၀၀ အတွင်းသမိုင်းဝင်မိန့်ခွန်းများပေါင်းချုပ် | ၂၇၀၀ိ/- | စိတ်ကူးချိုချို |
| ၃၃ | ဒေါက်တာကျော်စိန် | စိတ်ပညာအထွေထွေဆောင်းပါးများပေါင်းချုပ် | ၅၀၀၀ိ/- | |
| ၃၄ | ဒဂုန်ခင်ခင်လေး | သဝဏ်လွှာ | ၁၀၀၀ိ/- | |
| ၃၅ | တီချယ်လှိုင် | ကလေးဖတ်ဖို့ပုံပြင်လက်ရွေးစင် | ၄၀၀၀ိ/- | |
| ၃၆ | အောင်လှိုင် | နုပျိုကျန်းမာစိတ်ချမ်းသာ | ၄၀၀၀ိ/- | |
| ၃၇ | ဦးနု | နိုင်ငံရေးမိန့်ခွန်းများပေါင်းချုပ်(ဦးနု၏မိန့်ခွန်းပေါင်းချုပ်အမှတ်-၁) | ၉၀၀၀ိ/- | စိတ်ကူးချိုချို |
| ၃၈ | တာတီး(အညာသားလေး) | သီတဂူဆရာတော် အဆိုအမိန့်အတွေးအခေါ်များ | ၁၅၀၀ိ/- | |
| ၃၉ | စစ်အတွင်းဗမာပြည် | ဓာတ်ပုံမှတ်တမ်း | ၃၀၀၀ိ/- | အဖြူရောင် |
| ၄၀ | မိုးဇက်ပိုင် | ကမ္ဘောဒီးယားရဲ့လျှို့ဝှက်ချက်အပြည့်နဲ့လူ | ၁၅၀၀ိ/- | စိတ်ကူးချိုချို |
| ၄၁ | ကလောင်စုံ | အက်ဆေးလှည်းတန်း(၃) | ၂၅၀၀ိ/- | ရာပြည့် |
| ၄၂ | ဓဓဦးကျော်မြင့် | လူတိုင်းကျန်းမာဥမ္မာတိုင်းရင်းဆေးပညာ | ၁၅၀၀ိ/- | ရှင်မတောင်စာပေ |
| ၄၃ | ရွှေဥဒေါင်း | လူစွန့်စား | ၂၅၀၀ိ/- | စိတ်ကူးချိုချို |
| ၄၄ | ဒေါက်တာစိုးလွင် | ရှက်ရှက်မှာဖြစ်သော ကင်ဆာအပါအဝင် အခြားကင်ဆာရောဂါဆောင်းပါးများ | ၃၅၀၀ိ/- | စိုးဇင်စာပေ |
| ၄၅ | ခင်မောင်တိုး | ထူးချွန်ထက်မြက်ဆယ်ကျော်သက် | ၂၅၀၀ိ/- | ပင်ဝါးရုံ |
| ၄၆ | မိုးမိတ်(သန့်ဇော်ထွန်း) | မာတင်စကော့စေးဇေး | ၂၀၀၀ိ/- | နှင်းဆီနီ |
| ၄၇ | ချစ်သမီး | ဘဝဒိုင်ယာရီနှင့်အခြားစာမျက်နှာများ | ၁၈၀၀ိ/- | |
| ၄၈ | ဦးခင်ဇော် | အဂတိကင်းစင်သော လူ့အသိုင်းအဝိုင်းဖော်ဆောင်ရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာဆောင်းပါးများ | ၄၀၀၀ိ/- | ရွှေဗညား |
| ၄၉ | ဒေါက်တာကျော်ဇောဝင်း | ဦးကိုကိုကြီး(ဆိုရှယ်လစ်ပါတီဥက္ကဋ္ဌဟောင်းနှင့် ဝန်ကြီးဟောင်း)၏အတ္ထုပ္ပတ္တိ | ၄၂၀၀ိ/- | သီဟရတနာ |
| ၅၀ | အန်တီချို | သက်သတ်လွတ်ဟင်းလျာချက်ပြုတ်နည်း | ၁၅၀၀ိ/- | စိတ်ကူးချိုချို |

※ စာမျက်နှာ ၁၀ မှ

*"နိုင်ငံရေးသမားဆိုတာ ဘယ်တော့မှ စိတ်ချမ်းသာကိုယ်ချမ်းသာ နေရတယ် မရှိခဲ့ဘူး။ လူထုခေါင်းဆောင် တစ်ယောက်ဆိုတော့ ဘယ်ပြောနိုင်စရာရှိတော့မလဲ။ အစားပျက်အအိပ်ပျက်နဲ့ နောက်ဆုံး အနိစ္စရောက်သွားရတာပဲ။ နောက်ဆုံးမှာ သဘာပတိမိန့်ကြားသွားသလို မြန်မာပြည်အတွင်းမှာ ညီအစ်ကိုအချင်းချင်း သတ်ပွဲ၊ ရိုက်ပွဲတွေ ဖြစ်တဲ့ စနစ်ဆိုးကြီးကို ပယ်ဖျက်သင့်တယ်လို့ ထောက်ခံတယ်။ လွတ်လပ်စွာ ဟောပြောခွင့်၊ ပြီးတော့ မြန်မာလူထု ခေါင်းဆောင်တွေ၊ နိုင်ငံရေးခေါင်းဆောင်တွေဟာ လွတ်လပ်စွာ ဟောပြောစည်းဝေးနိုင်ခွင့် ရှိတယ်။ အဲဒီလိုအခွင့်အရေးရှိတာကို အနှောင့်အယှက်ဖြစ်တဲ့ စနစ်ဆိုးကြီးအား လုံးဝပျောက်ကွယ်သွားအောင်သုတ်သင်ဖို့ ထမြောက်အောင်မြင်စွာဆောင်ရွက်ရာတွင် အသက်အပ်ပြီး ဆောင်ရွက်မည်ဆိုတာကို ဤနေရာတွင် ပြောကြား၍ သခင်ဗဟိန်း၏ ဝိညာဉ်ကိုတိုင်ကြားပါသည်။"*

၁၉၄၈ ခုနှစ် မေ ၂၇ ရက်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် စစ်ရုံးဖွင့်ပွဲ၌ ဝန်ကြီးချုပ်သခင်နုက မိန့်ခွန်းတစ်ရပ် ပြောကြားသည်။ ထိုမိန့်ခွန်းတွင် တိုင်းပြည်တစ်ပြည်ကို ထူထောင်သည့်အခါမည်သို့သော အုပ်ချုပ်ရေးက နိုင်ငံသူ နိုင်ငံသားများအတွက် အကောင်းဆုံး ချမ်းသာမှုပေးနိုင်မည်လဲ။ နိုင်ငံသူ နိုင်ငံသားများအတွက် အကောင်းဆုံး ချမ်းသာမှုပေးနိုင်သည့် အုပ်ချုပ်ရေးစနစ်မှာ ဒီမိုကရေစီအုပ်ချုပ်ရေး စနစ်ပင်ဖြစ်သည်။

ထိုကဲ့သို့ နိုင်ငံသူနိုင်ငံသားများအတွက် အကောင်းဆုံးချမ်းသာမှုကို ဖန်တီးပေးနိုင်ရုံသာမက ဒီမိုကရေစီစနစ်ကြီး ထမြောက်အောင်မြင်ဖို့ အတွက် အဓိကကျတဲ့သူများမှာ စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်များပင်ဖြစ်သည်။

လူထု၏ မဲဆန္ဒရုံမှာ ရှုံးလျှင် တပ်မတော်၊ ရဲစသည့်လက်နက်ကိုင် အဖွဲ့အစည်းများ အားကိုးပြီး အာဏာကိုလိုချင်ကြသည်။ အဲဒီလို နိုင်ငံရေးသမားများဟာ အာဏာကို တရားဝင်နည်းနှင့်ရော မတရားတဲ့နည်းနှင့်ရော ရယူချင်ကြသည်။ ထိုကဲ့သို့ လက်နက်အားကိုးဖြင့် အာဏာသိမ်းလိုက်သည့်အခါ နိုင်ငံသူ နိုင်ငံသားများအတွက် အကောင်းဆုံး ချမ်းသာမှုကို ဖန်တီးပေးနိုင်သည့် ဒီမိုကရေစီစနစ်ကြီးကို မြေမြှုပ်လိုက်ရသည့် နေ့ပဲဖြစ်သည်ဟု ဦးနုက အာဏာသိမ်းနိုင်မည့် အခြေအနေများကို ကြိုတင်ပြောကြားခဲ့သည်။ အာဏာကို လူထုဆီက တရားသဖြင့် မတောင်းဘဲ လက်နက်အားကိုးဖြင့် သိမ်းထားရတဲ့အတွက် လူမြင်တိုင်း သက်ာမကင်းဖြစ်ပြီး ဖိနှိပ်ချုပ်ချယ်ဖို့ကို ချမ်းသာအောင် လုပ်ပေးဖို့ထက် ပိုပြီးစဉ်းစားကြသည်။ ထိုကဲ့သို့ လူထုကြီး ဒုက္ခရောက်စေမည့် အုပ်ချုပ်ရေးမျိုး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးမှာ မထွန်းကားစေဖို့ စစ်ဘက်က ပုဂ္ဂိုလ်များတွင် တာဝန်အများဆုံးရှိသည်ဟု ဦးနုက သူ့မိန့်ခွန်းတွင် ပြောကြားခဲ့သည်။

ဦးနု၏ နိုင်ငံရေးမိန့်ခွန်းများတွင် ၁၉၅၈ ခုနှစ်တွင် တပ်မတော်က အာဏာသိမ်းရန် ကြိုးပမ်းခဲ့စဉ် အခြေခံဥပဒေကိုပြင်ဆင်၍ ခြောက်လ အကြာတွင် ရွေးကောက်ပွဲပြုလုပ်ပေးရမည်ဟု ကတိကဝတ်ဖြင့် တပ်မတော်ကို အာဏာလွှဲပေးခဲ့သည်။

ဖဆပလအကွဲအပြဲ၊ သန့်ရှင်းတည်မြဲအကွဲအပြဲနှင့်ပတ်သက်သော မိန့်ခွန်းများကိုလည်းဟောပြောခဲ့သည်။ ဦးနု၏ မိန့်ခွန်းများမှာ ပါလီမန်ဒီမိုကရေစီခေတ် သမိုင်းကြောင်းကို မီးမောင်းထိုးပြနေသည်။ ဖဆပလအကွဲအပြဲတွင် ဦးနုက ဦးဗဆွေ၊ ဦးကျော်ငြိမ်းတို့အပေါ် အမြင်များ၊ သဘောထားများကို ဖော်ပြလျက်ရှိသည်။

နောက်ဆက်တွဲ အဖြစ် ဖဆပလအလုပ်အမှုဆောင်အဖွဲ့သို့ ဝေငှသော စာတမ်းမှာ ဦးကျော်ငြိမ်း၏စွပ်စွဲချက်များကို ပြန်လည်ချေပထားခြင်းဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ "ဦးနု၏ နိုင်ငံရေးမိန့်ခွန်းများ" သည် မြန်မာ့နိုင်ငံရေးသမိုင်းအတွက် တစ်စိတ်တစ်ပိုင်းအားဖြင့် ဖော်ပြနေပေသည်။ သမိုင်းတွင် မှန်သလား၊ မှားသလားဆိုသည်ကို ခေတ်အခြေအနေနှင့်ယှဉ်၍ လေ့လာသင်ခန်းစာယူရမည်ဖြစ်သည်။

ဦးနုသည် ပါလီမန်ဒီမိုကရေစီအား ခိုင်မြဲစွာ ယုံကြည်ခဲ့သူ၊ လက်ခံခဲ့သူဖြစ်သဖြင့် ယနေ့ခေတ် ဒီမိုကရေစီစနစ်ဖြင့် ချိန်ထိုး လေ့လာစရာများကို ဖော်ပြပေးနိုင်လိမ့်မည်ဟု ဆိုပါရစေ။ ။



# မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းစည်းဝေး

**မကွေး မေ ၃၀**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ အစိုးရအဖွဲ့နှင့် တိုင်းအဆင့် ဌာနဆိုင်ရာအကြီးအကဲများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား ယနေ့ နံနက် ၉ နာရီက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာအသီးသီးမှ တိုင်းဦးစီးဌာနမှူးများ၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးများ၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ စုစုပေါင်းအင်အား ၉၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက နောက်နှစ်အတွက်သောက်သုံးရေ အခက်အခဲမရှိစေရန် ကြိုးပမ်းဆောင်ရွက်ရေးလုပ်ငန်းအပါအဝင် အလွန်ဆင်းရဲချို့တဲ့ပြီး နိမ့်ကျလှသည့် ဝေးလံခေါင်သီကျေးရွာများအတွက် ရွာချင်းဆက်လမ်းများ၊ ကျောင်းများ ဆောင်ရွက်ကာ အဆင်းရဲဆုံးပြည်သူများအတွက် ကြိုးစားပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းအဆင့်ဌာနဆိုင်ရာများက ဌာနလုပ်ငန်းများအကောင်အထည် ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများ၊ လုပ်ငန်းလိုအပ်ချက်များ၊ ဆောင်ရွက်ပြီးစီးမှုများနှင့် ရှေ့လုပ်ငန်းစဉ်များအား တင်ပြဆွေးနွေးခဲ့ကြပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် အတွင်းရေးမှူးတို့က တင်ပြချက်များအပေါ် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇေယျတု(မကွေး)**



# ချင်းတွင်းမြစ်ရေတိုးနေ၍ ရေယာဉ်များ သွားလာမှုအဆင်ပြေ၊ ကုန်စည်စီးဆင်းမှု မြန်ဆန်လာ

**ရေစကြို မေ ၃၀**

ယခုအခါ ချင်းတွင်းမြစ်အထက်ပိုင်းတွင် မိုးများရွာသွန်းမှုကြောင့် မြစ်ရေများတိုးလျက်ရှိရာ ရေစကြိုမြို့တွင် ချင်းတွင်းမြစ်ရေမှာ ငါးပေခန့်ထိတိုးလာသဖြင့် ယခင်က ရေကြောင်းကျပ်၍ သွားလာရန်ခက်ခဲနေသော ကုန်တင်ရေယာဉ်များ ယခုအခါ သွားလာမှုအဆင်ပြေကြောင်း သိရသည်။

"အရင်လနဲ့ အခုလ လဆန်းပိုင်းအထိ ရေကြောင်းကမကောင်းတော့ ကျွန်တော်တို့ရေယာဉ်တွေ သွားလာရတာ အဆင်မပြေခဲ့ဘူး။ တောင်သူတွေကလည်း သူတို့ရဲ့သီးနှံတွေကို ရောင်းချင်၊ ကျွန်တော်တို့ရဲ့ အိတ် ၂၀၀၊ ၂၅၀ ပါ ရေယာဉ်တွေကလည်းသွားလာလို့မရ။ ခုတော့ မြစ်ရေတိုးလာတော့ သွားလာရတာအဆင်ပြေသလို တောင်သူတွေကလည်း သူတို့ရဲ့သီးနှံတွေကို ဈေးကွက်အတွင်း အချိန်မီ ပို့ဆောင်ရောင်းဝယ်နိုင်လို့ ဝမ်းသာနေကြတယ်။ အခုလို ရေကြောင်း ကောင်းလာတော့ ကုန်စည်ပို့ဆောင်ရေး အဆင်ပြေလာတာနဲ့အမျှ ကုန်စည်စီးဆင်းမှုလည်း မြန်ဆန်သွက်လက်လာပါတယ်"ဟု ရေယာဉ်ပိုင်ရှင်တစ်ဦးက ပြောသည်။

**ဖေထွဏ်းဇော်(ရေစကြို)**


# စာတတ်သူတိုင်း စာဖတ်နိုင်ရေး စာကြည့်တိုက်များဖွင့်လှစ်ပေး

**နေပြည်တော် မေ ၃၀**

ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် သုတမင်္ဂလာစာကြည့်တိုက်ဖွင့်ပွဲကို မေ ၂၉ နံနက်ပိုင်းက အဆိုပါ စာကြည့်တိုက်ရှေ့တွင် ကျင်းပရာ နေပြည်တော် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ မင်္ဂလာသိဒ္ဓိရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးခင်ဇော်နှင့် စာကြည့်တိုက်ကော်မတီဥက္ကဌ ဦးသင်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အလှူရှင်များက စာအုပ်၊ စာစောင်များလှူဒါန်းရာ စာကြည့်တိုက်ကော်မတီက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ အဆိုပါ စာကြည့်တိုက်ကို ပြည်ထောင်စုလွှတ်တော် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောက်လုပ်ခဲ့ပြီး သုတ/ရသစာအုပ်ပေါင်း ၉၅၁ အုပ်ရှိရာ မင်္ဂလာသိဒ္ဓိရပ်ကွက်နေ ပြည်သူများအနေဖြင့် စာအုပ်၊ စာစောင်များ လွယ်ကူစွာ ငှားရမ်းဖတ်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုကို(ပြန်/ဆက်)**




# ပို့ကုန်၊ သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် အွန်လိုင်းအပြည့်အဝသုံးစွဲသည့်စနစ် အသုံးပြုသွားမည်

**ရန်ကုန် မေ ၃၀**

မြန်မာနိုင်ငံတွင် ပို့ကုန်၊ သွင်းကုန်လိုင်စင် လျှောက်ထားရာ၌ အွန်လိုင်းအပြည့်အဝ သုံးစွဲသည့်စနစ်ကို ရက် ၁၀၀ စီမံချက်အတွင်း အသုံးပြုသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ပို့ကုန်၊ သွင်းကုန် လိုင်စင်လျှောက်ထားမှုများကို နိုင်ငံတကာတွင် ဆောင်ရွက်နေသည့် နည်းတူ အင်တာနက်ရရှိသည့် မည်သည့်နေရာမှမဆို အွန်လိုင်းမှ လိုင်စင်လျှောက်ထားရယူခြင်းများကို ရုံးသို့လာရောက်ဆောင်ရွက်ရန် မလိုအပ်ဘဲ အွန်လိုင်းအပြည့်အဝအသုံးပြုသည့်စနစ် Fulling Online Licencing System အသုံးပြုဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ဝန်ကြီးဌာန၏ ရက် ၁၀၀ စီမံချက်များ ဆောင်ရွက်သွားမည့်အပေါ် ကြေးမုံသတင်းစာသို့ပြောကြားရာတွင် ထည့်သွင်းပြောကြားသွားသည်။

"ကုန်သည်လုပ်ငန်းရှင်တွေအနေနဲ့ ပို့ကုန် သွင်းကုန် လိုင်စင်လျှောက်တဲ့အခါမှာ ရုံးကို လာစရာမလိုဘဲ မိမိကုမ္ပဏီရုံးခန်းကနေ အွန်လိုင်းက လျှောက်ထားနိုင်တဲ့အတွက် အချိန်နဲ့ငွေကြေး ကုန်ကျစရိတ်သက်သာသွားတဲ့အပြင် ကုန်သွယ်မှုလုပ်ငန်းတွေလည်း ပိုမိုမြန်ဆန် သွက်လက်လာမှာပါ" ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ကြေးမုံ သတင်းစာသို့ ပြောကြားခဲ့သည်။

ယင်းသို့ အွန်လိုင်းအပြည့်အဝသုံးစွဲသည့် စနစ်အသုံးပြုဆောင်ရွက်ရာတွင် ငွေပေးချေခြင်း၊ ထောက်ခံချက်စစ်ဆေးခြင်းနှင့် အချက်အလက်လုံခြုံမှုစနစ်များကို ထည့်သွင်းဆောင်ရွက်ထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ယင်းစနစ်တွင် ထောက်ခံချက်ရယူရန် မလိုအပ်သော ကုန်ပစ္စည်းအုပ်စုများနှင့် CMP အထည်ချုပ်လုပ်ငန်းများအတွက် အွန်လိုင်းစနစ်လျှောက်ထားမှုကို လက်ရှိ ရက် ၁၀၀ စီမံချက်အတွင်း ဦးစွာစီစဉ်ဆောင်ရွက်လျက်ရှိပြီး ဆက်လက်၍ အဆင့်အလိုက် ကုန်ပစ္စည်းအမယ်များကို ဆက်လက်တိုးချဲ့ ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

**(၀၀၁)**



# ကိုရီးယား ကလေးဆီးချိုရောဂါရှင်များ အသင်းအဖွဲ့၏ သံအမတ်များအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည့် CLC အဖွဲ့

မကြာခင်ကမှ မျိုးဆက်သစ်အမျိုးသမီးပေါ့ပ်ဂီတအဖွဲ့တစ်ဖွဲ့အဖြစ် စတင်လှုပ်ရှားလာသည့် တောင်ကိုရီးယား အမျိုးသမီးပေါ့ပ်ဂီတအဖွဲ့ CLC မှ အဖွဲ့ဝင်အမျိုးသမီးများကို ကိုရီးယား ကလေးဆီးချိုရောဂါရှင်များ အသင်းအဖွဲ့၏ သံအမတ်များအဖြစ် ခန့်အပ်ခဲ့ကြောင်း သိရသည်။

အမျိုးသမီးငယ် ခုနစ်ဦးဖြင့်ဖွဲ့စည်းထားသည့် အဆိုပါ CLC အဖွဲ့သည် မကြာခင်ကမှ ကျင်းပပြီးစီးခဲ့သည့် ကလေးဆီးချိုရောဂါရှင်များအသင်း၏ ခုနစ်နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားတွင် တက်ရောက်ခဲ့ပြီး အဆိုပါအခမ်းအနားတွင် "ဆီးချိုရောဂါခံစားနေရတဲ့ ကလေးငယ်တိုင်းကို ထောက်ပံ့မှုတွေ ပြုလုပ်သွားလိုပါတယ်။ ကျွန်မတို့တတ်နိုင်သလောက် အားလုံးကို အကောင်းဆုံးထောက်ပံ့ပြုစုသွားဖို့ အစီအစဉ်တွေချမှတ်ထားပါတယ်။ သူတို့လေးတွေကို အခြားကလေးငယ်တွေလိုပဲ ကျန်းကျန်းမာမာ သက်တမ်းစေ့နေထိုင်နိုင်ဖို့ ဆုတောင်းပေးပါတယ်"ဟု ပြောကြားခဲ့သည်။

CLC အဖွဲ့သည် ၂၀၁၅ ခုနှစ်က အဖွဲ့ဝင်ငါးဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၅ ခုနှစ် မတ်လလယ်က Pepe သီချင်းဖြင့် ပေါ့ပ်ဂီတလောကို စတင်ထိုးဖောက်ခဲ့ခြင်းဖြစ်သည်။ ယခုနှစ် နှစ်ဦးပိုင်းတွင် အဖွဲ့ဝင်နှစ်ဦး ထပ်မံတိုးလာခဲ့ပြီး ယခုလက်ရှိ ဂီတလှုပ်ရှားမှုများအနေဖြင့် မေ ၃၀ ရက်(ယနေ့)တွင် NU.CLEAR အမည်ရှိ မီနီအယ်လ်ဘမ်ကို ဖြန့်ချိခဲ့ကြောင်း သိရသည်။

## မော်ဒယ်လောကသို့ စတင်ခြေချခဲ့သည့် မက်ဒေါနား၏သမီးငယ်



အနောက်တိုင်းဂီတလောကတွင် ပေါ့ပ်ဘုရင်မတစ်ပါးဟု တင်စားကြသည့် တေးသံရှင် မက်ဒေါနား၏ သမီးဖြစ်သူ Lourdes Leon အနေဖြင့် မိခင်၏ ဂီတလမ်းကြောင်းပေါ်သို့ လိုက်ပါစီးမျောခြင်းမပြုဘဲ မော်ဒယ်လောကသို့ စတင်ချင်းနင်းဝင်ရောက်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

မိခင်မှာ ထင်ရှားကျော်ကြားသည့် ကမ္ဘာကျော် တေးသံရှင်တစ်ဦးဖြစ်သော်လည်း အသက်(၁၉)နှစ်အရွယ်ရှိ Lourdes မှာမူ ငယ်စဉ်ကတည်းက ပုံမှန်ဘဝဖြင့်သာနေထိုင်လာခဲ့ပြီး ယခုအခါမှ မော်ဒယ်တစ်ဦးအဖြစ် ပထမဆုံးလှုပ်ရှားမှုလည်းဖြစ်ပြီး Lourdes သည် ဖက်ရှင်ဒီဇိုင်နာ Stella McCartney ၏ ပင်တိုင်မော်ဒယ်တစ်ဦးဖြစ်လာမည်ဖြစ်သည်။

မိခင်ဖြစ်သူ မက်ဒေါနားအနေဖြင့် သမီးဖြစ်သူ၏ ပထမဆုံးမော်ဒယ်အဖြစ် လှုပ်ရှားမှု campaign အတွက် အလွန်ကိုစိတ်လှုပ်ရှားမှုပါကြောင်းနှင့် ၎င်းတို့၏ သားအမိနှစ်ဦးပုံကိုလည်း အင်စတာဂရမ်မှတစ်ဆင့် ပရိသတ်များထံသို့ ဖြန့်ဝေခဲ့ကြောင်း သိရသည်။



## အသစ်ထွက်လာမည့် ဂျိမ်းစ်ဘွန်းဇာတ်ကားသစ်များတွင် ဆက်လက်ပါဝင်လိုစိတ်မရှိတော့သည့် ဒါရိုက်တာ ဆမ်မန်ဒက်စ်

ဂျိမ်းစ်ဘွန်း၏ နောက်ဆုံးထွက်ရှိခဲ့သည့်ဇာတ်ကားနှစ်ကားဖြစ်သည့် Skyfall နှင့် Spectre ဇာတ်ကားများကို ပုံဖော်ခြယ်မှုန်းခဲ့သည့် ဗြိတိန်ဝါရင့်ဒါရိုက်တာ ဆမ်မန်ဒက်စ်က အသစ်ထွက်ရှိလာမည့် ဂျိမ်းစ်ဘွန်းဇာတ်ကားသစ်များတွင် ဆက်လက်ပါဝင်လိုစိတ်မရှိတော့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

"ဂျိမ်းစ်ဘွန်းဇာတ်ကားတိုင်းဟာ မယုံနိုင်ဖွယ် အလွန်စိတ်ဝင်စားစရာကောင်းတဲ့ အက်ရှင်ဇာတ်ကားကောင်းတွေချည်းပဲဖြစ်ပါတယ်။ ဇာတ်လမ်းဇာတ်ကွက်တိုင်းကို ကျွန်တော်နှစ်သက်တယ်။ ကျွန်တော့်အထင်ကတော့ အခုချိန်ဟာ သူများကို အလှည့်ပေးရမယ့်အချိန်လို့ ထင်ပါတယ်"ဟု အော်စကာဆုရှင် ဒါရိုက်တာက ဆိုသည်။

တစ်ချိန်က ဟောလိဝုဒ်တွင် နာမည်ကြီးဇာတ်ကားများအဖြစ် ရပ်တည်ခဲ့သည့် American Beauty ဇာတ်ကားနှင့် Revolutionary Road ဇာတ်ကားတို့၏ ဖန်တီးရှင် ဒါရိုက်တာဆမ်က ဆက်လက်ရိုက်ကူးမည့် ဇာတ်ကားများအနေဖြင့် ပရိသတ်များမျှော်လင့်မထားသည့်ဇာတ်လမ်းမျိုးဖြစ်လာမည်ဖြစ်ကြောင်းလည်း ဖွင့်ဟဝန်ခံခဲ့သည်။

ထို့အပြင် ဂျိမ်းစ်ဘွန်းဇာတ်ကားများ၏ ထုတ်လုပ်သည့်ကုမ္ပဏီအနေဖြင့်လည်း ၀၀၇ ၏ပဥ္စမမြောက်ဇာတ်ကားသစ်တွင် ယခင်က ပင်တိုင်မင်းသား ဒန်နီယယ်ခရေ့ဂ်၏ ဆက်လက်ပါဝင်နိုင်မှုရှိ၊ မရှိကို ယခုထိ အတိအကျ ထုတ်ပြန်ခြင်းမရှိသေးပေ။ မင်းသား ဒန်နီယယ်သည် ဒါရိုက်တာဆမ်မန်ဒက်စ်၏ ဇာတ်ကားကောင်းများဖြစ်သည့် Casino Royale နှင့် Quantum of Solace ဇာတ်ကားတို့တွင်လည်း ပါဝင်သရုပ်ဆောင်ခဲ့သည့် မင်းသားတစ်ဦးလည်းဖြစ်သည်။

**မျိုးစန္ဒာမောင် ရေးသားသည်။**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၃၁- ၅ -၂၀၁၆ (အင်္ဂါနေ့)]

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

- ၆း၀၀ -အဖွင့်
  - -မိုးလေဝသအစီအစဉ်
  - -ပြည်သူ့နီတိ"အမွေ"
- ၆း၂၀ -ကာတွန်းအစီအစဉ်"Aladdim" (အပိုင်း-၃)
- ၆း၅၀ တေးဂီတအစီအစဉ်
- ၇း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "ရွှေရောင်လွှမ်းသော နေ့သစ်ဆီ" (အပိုင်း-၈)
- ၇း၅၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "အချစ်စစ်ရဲ့အလှတရား (အပိုင်း-၅၆)
- ၈း၄၀ နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ
- ၈း၅၀ သရုပ်ဖော်ပန်းချီ
- ၉း၀၀ တေးဂီတအစီအစဉ်
- ၉း၂၀ -မြန်မာရုပ်ရှင် "အချစ်များနဲ့ ဖန်ဆင်းမယ်"
- ၁၂း၀၀ -အစီအစဉ်ပြီး၏

**တစ်နေ့(၆)နာရီစာ(၄)ကြိမ်ပြသပါမည်။**

## MRTV- 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+မေတ္တသုတ်
- ၅း၄၀ "ဝိဓူရ ပညာရှိအကြောင်း" (အပိုင်း-၃) တရားတော် (ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ)
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၇၈)
- ၇း၃၀ MRTV-4 သတင်း
- ၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (King International School Graduation Ceremony)
- ၈း၀၀ "မင်္ဂလာပါ"The Morning Show
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၅)
- ၁၀း၁၅ ခေတ်သစ်ပျိုမေ
- ၁၁း၀၀ အနုပညာမိုးကောင်းကင်
- ၁၁း၂၅ သွားမယ်စားမယ် (BULGOGI BROTHERS Korean Resturant)
- ၁၁း၅၀ MRTV-4 Stage
- ၁၂း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နက္ခတ်ပညာရှင် (ဂျန်းယောလ်ရှီးလ်)" (အပိုင်း-၅)
- ၃း၄၀ ရန်ကုန်မြင်ကွင်းကျယ် -PTT Lubricants's All New Package Launching & Dealer Thank You Party 2016 -၂၀၁၆ နိုင်ငံတကာတက္ကသိုလ်များ ပညာရေးပြပွဲကြီး
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၇၉)
- ၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်"(အပိုင်း-၃၅)
- ၈း၂၀ ရသစုံညွှန်းတမ်းများ
- ၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၆)
- ၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နက္ခတ်ပညာရှင် (ဂျန်းယောလ်ရှီးလ်)"(အပိုင်း-၆)
- ၃း၄၀ MRTV-4 Stage
- ၄း၁၀ World of Knowledge (Man Hunt: Sharp Teeth Nomads)

## MWD

- ၆း၀၃ တရားတော်
- ၇း၁၅ မေတ္တာပို့
- ၇း၂၀ ဓမ္မပူဇာတေး
- ၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၇း၄၀ သင့်အတွက်တစ်နေ့တာ
- ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၀၄ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ DVD Hits
- ၈း၄၅ ခရီးလည်းသွား စကားလည်းဆို
- ၉း၀၀ မြဝတီနေ့စဉ်သတင်း
- ၉း၁၀ World Wide Web
- ၉း၂၅ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
- ၉း၄၅ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၁၀း၀၀ တစ်ပတ်အတွင်း မွေးမြူရေးသတင်း
- ၁၀း၁၅ Books Guide
- ၁၀း၃၀ Guide For You
- ၁၀း၄၅ သီချင်းလက်ဆောင်
- ၁၁း၀၀ နိုင်ငံတကာသတင်း
- ၁၁း၁၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
- ၁၁း၂၅ Sportcast
- ၁၁း၄၅ လူတိုင်းကျန်းမာသိမှတ်စရာ
- ၁၂း၀၀ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၁၂း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂း၂၅ ကျန်းမာသုတ
- ၄း၁၅ အမျိုးသားရေးတေးကဗျာ
- ၄း၂၀ မျိုးချစ်တပ်မတော်
- ၄း၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄း၃၅ အင်္ဂလိပ်စာသုတ
- ၄း၄၀ မြန်မာသံစဉ်ချိုနားဝင်
- ၄း၅၅ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၀၀ Sport Review
- ၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မင်းသမီးနဲ့ကျွန်တော် အပိုင်း(၂၆)
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရှက်ဦးရဲ့ချစ်ပန်းသခင် အပိုင်း(၂၅)
- ၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၀၅ အမျိုးသားရေးတေးကဗျာ
- ၆း၁၀ Let's Go To
- ၆း၃၅ Dream Team ရဲ့စိန်ခေါ်မှုများ
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မြစ်တစ်စင်းရဲ့အလင်္ကာ အပိုင်း(၁၃)
  - -မြဝတီရုပ်မြင်သံကြားသတင်း
  - -အမျိုးသားရေးတေးကဗျာ
  - -ဒို့တာဝန်အရေး(၃)ပါး
  - -နိုင်ငံတကာသတင်း
  - -မိုးလေဝသသတင်း
  - -ဟာသရုပ်စုံ
  - -ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
  - -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဟိုတယ်ဘုရင် အပိုင်း(၃၃)

## mitv

- 07:27 Myanmar Social & Charitable Association (Ep-1) Mingalar Byuha
- 07:52 Lines and Wash Painting
- 08:26 The Legend Of An ambulatory Surgeon (EP-1)
- 08:50 Myanmar's Export: Mango
- 09:26 International Dances in Myanmar
- 09:44 Tea
- 09:51 Today Myanmar: Nutrition or Contamination
- 10:26 The Eel Business
- 10:41 Yatana Theinga City and Shwe Bon Yatanamingalar Palace
- 07:26 A Day Out With Sarah (Ep-3)
- 07:50 Next Weekend
- 08:26 Discovering Tribes "Gaybar Kayin"
- 08:47 Entrepreneur: Chaw Khin Khin

# ယူရိုဖလားသမိုင်း

**အစပထမ**

အခု ဇွန် ၁၀ ရက်မှာ ယှဉ်ပြိုင်မယ့် ယူရိုဖလားပြိုင်ပွဲကို ကျင်းပဖို့ ပြင်သစ်ဘောလုံးအဖွဲ့ချုပ် အလုပ် အမှုဆောင် အွန်ရီဒီလာနျူက ၁၉၇၂ ခုနှစ်မှာ စတင်အဆိုတင်သွင်းခဲ့ပေမယ့် သူ သေဆုံးပြီး သုံးနှစ်ကြာတဲ့အချိန် ၁၉၅၈ အထိ လက်တွေ့ အကောင်အထည်ဖော်နိုင်ခဲ့ခြင်း မရှိပါဘူး။ ဒါပေမယ့် ယူအီးအက်ဖ်အေ (ဥရောပဘောလုံးအဖွဲ့ချုပ်) တာဝန်ရှိသူတွေက ဒီလာနျူကို ဂုဏ်ပြုတဲ့အနေနဲ့ သူ့ရဲ့ ဇာတိမြေပြင်သစ်မှာ ပထမဦးဆုံးအကြိမ် ဥရောပဖလားကို ကျင်းပပြီး သူ့ကို ဂုဏ်ပြုဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ယူအီးအက်ဖ်အေဟာ ယူရိုဖလားပြိုင်ပွဲကို ကမ္ဘာ့ဖလားလို လေးနှစ်တစ်ကြိမ် ကမ္ဘာ့ဖလားပြိုင်ပွဲ မကျင်းပတဲ့ ကြားနှစ်တွေမှာ ကျင်းပဖို့ သဘောတူညီခဲ့ကြပါတယ်။ ဒါကြောင့် နိုင်ငံလက်ရွေးစင်အသင်း ၁၇ သင်း ဝင်ရောက်ယှဉ်ပြိုင်တဲ့ ဥရောပဖလားပြိုင်ပွဲကို ၁၉၆၀ ခုနှစ် ပြင်သစ်မြေမှာ စတင်ကျင်းပနိုင်ခဲ့ပါတယ်။


**ပထမဦးဆုံး ချန်ပီယံ**

ပထမဦးဆုံးပြိုင်ပွဲကိုတော့ "ယူအီးအက်ဖ်အေ ဥရောပနိုင်ငံများဖလား" အမည်နဲ့ စတင်ကျင်းပခဲ့ပါတယ်။ ဒီပြိုင်ပွဲမှာ အဲဒီအချိန်က ဥရောပရဲ့ ဘောလုံးအဆင့်အတန်း အမြင့်ဆုံးနိုင်ငံလို့ သတ်မှတ်ထားတဲ့ ဆိုဗီယက်ပြည်ထောင်စုအသင်းက ယူဂိုဆလားဗီးယားအသင်းကို အချိန်ပိုမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ကစားပြီး ဥရောပရဲ့ပထမဦးဆုံး ချန်ပီယံ ဖြစ်ခဲ့ပါတယ်။

**ယူရိုဖလားရဲ့ ချန်ပီယံများ**

၁၉၆၄ ခုနှစ်ကစလို့ ယူရိုဖလားအမည်ကို ပြောင်းလဲခေါ်ဝေါ်ခဲ့ပြီး စုစုပေါင်း (၁၄)ကြိမ် ကျင်းပပြီးစီးခဲ့ရာမှာ ချန်ပီယံအသင်း ကိုးသင်း ထွက်ပေါ်ထားပါတယ်။ သုံးကြိမ်စီ ချန်ပီယံဖြစ်ခဲ့တဲ့ ဂျာမနီနဲ့ စပိန်အသင်းတွေက အကြိမ်အရေအတွက်အများဆုံး ဗိုလ်စွဲနိုင်တဲ့အသင်းတွေအဖြစ် မှတ်တမ်းဝင်ထားခဲ့ပါတယ်။ ယခု ယူရို-၂၀၁၆အိမ်ရှင် ပြင်သစ်အသင်းကတော့ ချန်ပီယံဆုနှစ်ကြိမ် ရယူထားနိုင်ခဲ့ပြီး ဆိုဗီယက်၊ အီတလီ၊ ချက်ကိုဆလိုဗက်ကီးယား၊ နယ်သာလန်၊ ဒိန်းမတ်နဲ့ ဂရိအသင်းတွေကလည်း ချန်ပီယံဆု တစ်ကြိမ်စီရယူထားနိုင်တာကို တွေ့ရပါတယ်။ စပိန်အသင်းကတော့ ယူရို-၂၀၀၈ နဲ့ ယူရို-၂၀၁၂ တွေမှာ နှစ်ကြိမ်ဆက်တိုက် ချန်ပီယံဖြစ်ထားတာကြောင့် လက်ရှိချန်ပီယံဘွဲ့ကို ပထမဦးဆုံးကာကွယ်နိုင်တဲ့အသင်းအဖြစ် မှတ်တမ်းသစ်ရေးထိုးနိုင်ခဲ့ပါတယ်။

**(မေလှဲ့သင်း)**



| ခုနှစ် | အိမ်ရှင် | ချန်ပီယံ | ဒုတိယ | ဗိုလ်လုပွဲရလဒ် |
|---|---|---|---|---|
| ၁၉၆၀ | ပြင်သစ် | ဆိုဗီယက်ပြည်ထောင်စု | ယူဂိုဆလားဗီးယား | နှစ်ဂိုး-တစ်ဂိုး |
| ၁၉၆၄ | စပိန် | စပိန် | ဆိုဗီယက်ပြည်ထောင်စု | နှစ်ဂိုး-တစ်ဂိုး |
| ၁၉၆၈ | အီတလီ | အီတလီ | ယူဂိုဆလားဗီးယား | နှစ်ဂိုး-ဂိုးမရှိ |
| ၁၉၇၂ | ဘယ်လ်ဂျီယံ | အနောက်ဂျာမနီ | ဆိုဗီယက်ပြည်ထောင်စု | သုံးဂိုး-ဂိုးမရှိ |
| ၁၉၇၆ | ယူဂိုဆလားဗီးယား | ချက်ကိုဆလိုဗက်ကီးယားသုံးဂိုး | အနောက်ဂျာမနီ | ငါးဂိုး(ပင်နယ်တီ) |
| ၁၉၈၀ | အီတလီ | အနောက်ဂျာမနီ | ဘယ်လ်ဂျီယံ | နှစ်ဂိုး-တစ်ဂိုး |
| ၁၉၈၄ | ပြင်သစ် | ပြင်သစ် | စပိန် | နှစ်ဂိုး-ဂိုးမရှိ |
| ၁၉၈၈ | အနောက်ဂျာမနီ | နယ်သာလန် | ဆိုဗီယက်ပြည်ထောင်စု | နှစ်ဂိုး-ဂိုးမရှိ |
| ၁၉၉၂ | ဆွီဒင် | ဒိန်းမတ် | ဂျာမနီ | နှစ်ဂိုး-ဂိုးမရှိ |
| ၁၉၉၆ | အင်္ဂလန် | ဂျာမနီ | ချက် | နှစ်ဂိုး-တစ်ဂိုး |
| ၂၀၀၀ | ဘယ်လ်ဂျီယံနှင့် နယ်သာလန် | ပြင်သစ် | အီတလီ | နှစ်ဂိုး-တစ်ဂိုး |
| ၂၀၀၄ | ပေါ်တူဂီ | ဂရိ | ပေါ်တူဂီ | တစ်ဂိုး-ဂိုးမရှိ |
| ၂၀၀၈ | ဩစတြီးယားနှင့် ဆွစ်ဇာလန် | စပိန် | ဂျာမနီ | တစ်ဂိုး-ဂိုးမရှိ |
| ၂၀၁၂ | ပိုလန်နှင့် ယူကရိန်း | စပိန် | အီတလီ | လေးဂိုး-ဂိုးမရှိ |

**ထိပ်တန်းဂိုးသွင်းရှင်များ**

| အဆင့် | အသင်း | အမည် | သွင်းဂိုး | ပွဲအရေအတွက် | တစ်ပွဲပျမ်းမျှ သွင်းဂိုးနှုန်း |
|---|---|---|---|---|---|
| ၁ | ပြင်သစ် | ပလာတီနီ | ၉ | ၅ | ၁ ဒသမ ၈၀ |
| ၂ | အင်္ဂလန် | အလန်ရှီးယား | ၇ | ၉ | ၀ ဒသမ ၇၈ |
| ၃ | နယ်သာလန် | ရူဗန်နစ္စတယ်ရွိုင်း | ၆ | ၈ | ၀ ဒသမ ၇၅ |
| ၄ | နယ်သာလန် | ကလွိုက်ဗက် | ၆ | ၉ | ၀ ဒသမ ၆၈ |
| ၅ | ဆွီဒင် | အီဗရာဟီမိုဗစ်ချ် | ၆ | ၁၀ | ၀ ဒသမ ၆၀ |
| ၆ | ပြင်သစ် | အွန်နရီ | ၆ | ၁၁ | ၀ ဒသမ ၅၅ |
| ၇ | ပေါ်တူဂီ | စီရိုနယ်လ်ဒို | ၆ | ၁၄ | ၀ ဒသမ ၄၃ |
| ၈ | ပေါ်တူဂီ | နျူနိုဂိုးမစ် | ၆ | ၁၄ | ၀ ဒသမ ၄၃ |
| ၉ | ယူဂိုဆလပ် | မိုင်လိုဆီဗီ | ၅ | ၄ | ၁ ဒသမ ၂၅ |
| ၁၀ | အင်္ဂလန် | ဝိန်းရွန်းနီ | ၅ | ၆ | ၀ ဒသမ ၈၃ |

ယူရို ၂၀၁၆ မိတ်ဆက်

# ပြင်သစ်နှင့်အတူစောင့်ကြည့်ရမည့် အုပ်စု(က) အပိုင်း(၁)

ယူရို ၂၀၁၆ ပြိုင်ပွဲကို လာမယ့် ဇွန် ၁၀ ရက်ကနေ စတင်ပြီး ဇူလိုင် ၁၀ ရက်အထိ ပြင်သစ်နိုင်ငံမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် အဆိုပါပြိုင်ပွဲနဲ့ပတ်သက်ပြီး ပရိသတ်ကြိုတင်လေ့လာနိုင်ဖို့အတွက် အုပ်စုတစ်ခုချင်းစီကို သုံးသပ်တင်ပြသွားမှာဖြစ်ပြီး အုပ်စု(က) အသင်းတွေအကြောင်းကို တင်ပြပေးလိုက်ပါတယ်။

**ပြင်သစ်**

ပြင်သစ်ဟာ ဒီပြိုင်ပွဲရဲ့ အိမ်ရှင်အသင်းဖြစ်နေပြီး ဒီအုပ်စုတွင်းမှာတင် အတော့်တင်းဆုံးအဖြစ် သတ်မှတ်ခြင်းခံထားရတဲ့ အသင်းဖြစ်ပါတယ်။ ပြင်သစ်အနေနဲ့ ဒီအုပ်စုတွင်းမှာ အုပ်စုပထမရရှိဖို့ ရေပန်းစားနေတဲ့အပြင် ဒီပြိုင်ပွဲမှာ ဗိုလ်စွဲဖို့အတွက်လည်း ရေပန်းစားနေတဲ့အသင်းဖြစ်ပါတယ်။ ပြင်သစ်ဟာ ပြီးခဲ့တဲ့ယူရို ၂၀၁၂ ပြိုင်ပွဲမှာ ကွာတားဖိုင်နယ်အဆင့်အထိ တက်ရောက်နိုင်ခဲ့တဲ့ အသင်းဖြစ်သလို ဒီယူရိုပြိုင်ပွဲသမိုင်းတစ်လျှောက်မှာလည်း အစဉ်အလာကြီးမားကာ ချန်ပီယံဆုကို နှစ်ကြိမ်(၁၉၈၄၊ ၂၀၀၀) ရယူနိုင်ခဲ့သလို ဆီမီးဖိုင်နယ်အဆင့်ကိုလည်း တစ်ကြိမ်တက် ရောက်နိုင်ခဲ့ဖူးတဲ့အသင်းဖြစ်ပါတယ်။

ပြင်သစ်ဟာ ဒီယူရိုပြိုင်ပွဲရဲ့ အိမ်ရှင်အသင်းဖြစ်တာနဲ့အညီ ဒီပြိုင်ပွဲကို ဝင်ရောက်ခွင့်ရရေး ခြေစစ်ပွဲတွေ မကစားခဲ့ရပါဘူး။ ပြင်သစ်အနေနဲ့ ခြေစမ်းပွဲတွေသာ ယှဉ်ပြိုင်ကစားခဲ့တာဖြစ်ပြီး အဆိုပါခြေစမ်းပွဲတွေအတွင်းမှာလည်း ခြေစွမ်းပြသနိုင်ခဲ့တာကို တွေ့ရပါတယ်။ ပြင်သစ်ဟာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း စုစုပေါင်းခြေစမ်းပွဲ ၁၀ ပွဲ ယှဉ်ပြိုင်ကစားခဲ့ရာမှာ ဘရာဇီး၊ အင်္ဂလန်တို့လို အသင်းကောင်းတွေကို ရှုံးနိမ့်ခဲ့ပေမယ့်လည်း ဂျာမနီ၊ ပေါ်တူဂီတို့လို ထိပ်တန်းအသင်းတွေကို အနိုင်ယူနိုင်ခဲ့သလို ဒိန်းမတ်၊ ဆားဘီးယားတို့လို ခြေစွမ်းပိုင်းကောင်းမွန်တဲ့ အသင်းတွေကိုလည်း အနိုင်ယူနိုင်ခဲ့တာ တွေ့ရပါတယ်။ ပြင်သစ်အနေနဲ့ ဒီ ၂၀၁၆ ခုနှစ်အတွင်းမှာလည်း ခြေစမ်းပွဲ နှစ်ပွဲကစားပြီးခဲ့ရာမှာ ဟော်လန်၊ ရုရှားတို့လိုအသင်းကောင်းတွေ ကိုတောင် အနိုင်ရရှိအောင် ကစားနိုင်ခဲ့တာကြောင့် ပြင်သစ်ရဲ့ခြေစွမ်းဟာ ပြိုင်ဘက်တိုင်းအတွက် သတိပြုရမယ့် အနေအထားဖြစ်နေပါတယ်။

အထူးသဖြင့် လက်ရှိအချိန်မှာ ပြင်သစ်အသင်းမှာ ခြေစွမ်းထက်မြက်တဲ့ ကစားသမားအများအပြားရှိနေပါတယ်။ အက်သလက်တီကိုရဲ့ အဓိကတိုက်စစ်မှူး ဂရစ်ဇ်မန်း၊ ဝက်စ်ဟမ်းကစားသမား ပါယက်စ်၊ မန်ယူတိုက်စစ်မှူး မာရှယ်လ်၊ ဘိုင်ယန်မြူးနစ်တောင်ပံကစားသမား ကိုးလ်မန်း၊ ဂျူဗင်တပ်ကွင်းလယ်ကစားသမားပေါ့ဘာ၊ လက်စတာကွင်းလယ်ကစားသမားကန်တီ၊ ဆီဗီလာခံစစ်မှူး ရာမီ စတဲ့ ကစားသမားတွေဟာ ပြီးခဲ့တဲ့ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီအတွင်း သက်ဆိုင်ရာအသင်းတွေမှာ ခြေစွမ်းပြသခဲ့သူတွေချည်းဖြစ်ပါတယ်။ အဆိုပါကစားသမားတွေအနက် ဂရစ်ဇ်မန်း၊ မာရှယ်လ်၊ ကိုးလ်မန်း၊ ပေါ့ဘာ၊ ကန်တီစတဲ့ကစားသမားတွေ အားလုံးဟာ လူငယ်ကစားသမားတွေချည်းဖြစ်နေလို့ ကစားအားကောင်းမွန်မှုရှိတဲ့အပြင် အဆိုပါကစားသမားတွေကို ဦးဆောင်မယ့် အီဗရာ၊ ကိုစီရယ်နီ၊ ကာဘာယီ၊ မာတူဒီတို့လို ခြေစွမ်းပြသနေနိုင်ဆဲ ဝါရင့်ကစားသမားတွေလည်း ရှိနေပါတယ်။

ဒါကြောင့် ပြင်သစ်ရဲ့စုဖွဲ့မှုဟာ လူငယ်နဲ့ သဘာအချိုးညီနေတဲ့အပြင် တစ်ဦးချင်းစွမ်းဆောင်ရည်ထက်မြက်သလို ကစားအားလည်း ကောင်းမွန်မှုရှိနိုင်တာကြောင့် ပြင်သစ်ဟာ ဒီအုပ်စုတွင်းမှာ ဗိုလ်စွဲဖို့ ရေပန်းအစားဆုံးဖြစ်နေသလို အိမ်ရှင်အသင်းလည်းဖြစ်နေတာကြောင့် ချန်ပီယံဆုရယူနိုင်ဖို့အထိ မျှော်လင့်ထားနိုင်တဲ့အသင်းတစ်သင်းလို့တောင် သုံးသပ်နိုင်ပါတယ်။

**ရိုမေးနီးယား**

၁၉၆၀ ကနေ စတင်ကျင်းပခဲ့တဲ့ ယူရိုပြိုင်ပွဲသမိုင်းမှာ ရိုမေးနီးယားတို့ ပြိုင်ပွဲဝင်ခွင့်ရခဲ့တဲ့အကြိမ်အရေအတွက်က အင်မတန်နည်းပါးလွန်းပါတယ်။ ၁၉၈၄၊ ၁၉၉၆၊ ၂၀၀၀ နဲ့ ၂၀၀၈ ပြိုင်ပွဲ ၄ ကြိမ်မှာသာ ပြိုင်ပွဲဝင်ခွင့်ရခဲ့ပြီး ၂၀၀၀ ပြည့်နှစ်ပြိုင်ပွဲက လွဲလို့ ကျန်အကြိမ်တွေမှာ အုပ်စုအဆင့်ကနေသာ ထွက်ခွာခဲ့ရတာကြောင့် ရိုမေးနီးယားရဲ့ ယူရိုမှတ်တမ်းဟာ ပြောပလောက်စရာ အချက်အလက်မရှိဘူးလို့ ဆိုနိုင်ပါတယ်။

ဒါပေမယ့်လည်း ဒီတစ်ကြိမ်မှာတော့ ရိုမေးနီးယားဟာ ငါးကြိမ်မြောက်အဖြစ် ခြေစစ်ပွဲအောင်မြင်ခဲ့ရာမှာ ဟန်ဂေရီ၊ မြောက်အိုင်ယာလန်တို့လို အသင်းကောင်းတွေ ပါဝင်တဲ့အုပ်စုအတွင်း အုပ်စုဒုတိယနေရာ ရရှိခဲ့သလို ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်ခဲ့တာလည်းဖြစ်ပါတယ်။ ရိုမေးနီးယားအနေနဲ့ ခြေစစ်ပွဲအတွင်းမှာ စုစုပေါင်း ၁၀ ပွဲကစားခဲ့ပြီး အဆိုပါ ၁၀ ပွဲမှာ အရှုံးလုံးဝမရှိခဲ့သလို ခံစစ်ကလည်း နှစ်ဂိုးသာပေးခဲ့ရတာကိုကြည့်ရင် ရိုမေးနီးယားရဲ့အသင်းလိုက်စုဖွဲ့မှုအားဟာ သတိပြုချင်စရာကောင်းနေတယ်လို့ ဆိုနိုင်ပါတယ်။

ရိုမေးနီးယားအနေနဲ့ အဆိုပါခြေစစ်ပွဲ ၁၀ ပွဲမှာ တိုက်စစ်က ၁၁ ဂိုးသာ သွင်းယူနိုင်ခဲ့တာကြောင့် အနည်းငယ် အားနည်းမှုတွေ ရှိခဲ့တယ်ဆိုပေမယ့်လည်း အဆိုပါ ၁၀ ပွဲမှာ နှစ်ပွဲသာ ဂိုးပေးခဲ့ရတဲ့ ခံစစ်ကတော့ ပြိုင်ဘက်တိုင်းရဲ့တိုက်စစ်ကို အခက်တွေ့စေနိုင်ပါတယ်။ ဗယ်လက်ကာနိုခံစစ်မှူး ရာဗန်ရတ်၊ နာပိုလီခံစစ်မှူး ချီရီချက်စ်၊ ဒိုင်နမိုဇာဂရက်ခံစစ်မှူး မာတဲလ်၊ ဆောက်သမ်တန်ခံစစ်မှူး ဂရာဒေ့ါစ်တို့လို ခံစစ်မှူးကောင်း အများအပြားရှိနေသလို ရိုမေးနီးယားရဲ့အသင်းလိုက် စုဖွဲ့မှုအားကလည်းကောင်းမွန်တာကြောင့် ဒီအုပ်စုတွင်းမှာ ရိုမေးနီးယားဟာလည်း သတိပြုရမယ့်အသင်းတစ်သင်းအဖြစ် တည်ရှိနေသလို သူတို့ရဲ့ ယူရိုပြိုင်ပွဲသမိုင်းတစ်လျှောက်မှာ ဒုတိယအကြိမ်မြောက်အဖြစ် အုပ်စုကို ကျော်ဖြတ်သွားနိုင်မလားဆိုတာက စောင့်ကြည့်သွားရဖို့ ရှိနေပါတယ်။

**ရှိုင်းမင်းမင်း**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဓာတ်ပုံပြပွဲနှင့် စာအုပ်၊ စာစောင်ပြပွဲ ကျင်းပ

**ပဲခူး မေ ၃၀**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဓာတ်ပုံပြပွဲနှင့် စာအုပ်၊ စာစောင်ပြပွဲအခမ်းအနားကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပဲခူးခရိုင်ရုံးခန်းမ၌ မေ ၃၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ အခမ်းအနားကို တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူး ဦးအောင်မြင့်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဦး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမင်းသူ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်လှလှဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

ပြပွဲတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး ဓာတ်ပုံများ၊ မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများ၊ စာအုပ်၊ စာစောင်များကို မေ ၃၀ ရက်မှ ဇွန် ၁ ရက်ထိ ခင်းကျင်းပြသမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ကြိုတင်ကာကွယ်ဆေးထိုးနှံခြင်း ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် မေ ၃၀**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာဝင်းနန္ဒာခိုင်နှင့် အဖွဲ့သည် မေ ၃၀ ရက် နံနက် ၉ နာရီက ရွှေပြည်သာမြို့နယ် ရပ်ကွက်အသီးသီးရှိ မွေးမြူရေးသမားများ မွေးမြူထားသော ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ဘဲများအား ကူးစက်ရောဂါ မဖြစ်ပွားစေရန် ရက်(၁၀၀) စီမံချက် ကြိုတင်ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ဆေးကုသပေးခြင်းလုပ်ငန်းများကို မြို့နယ်တွင်းရှိ ရပ်ကွက်များမှ မွေးမြူရေးခြံအသီးသီးသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(လမင်းအောင်)**



## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၃၀**

ရန်ကုန်(ရွှေဈေး) ၇၇၁၅၀၀-၇၇၁၅၀၀၊ မန္တလေး(ရွှေဈေး) ၇၇၁၀၀၀-၇၇၁၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၁၀/၅၃၀ ကျပ်၊ | ၅၆၀/၅၇၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၄၀/၆၅၀ ကျပ်၊ | ၇၅၀/၇၆၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၄၀/၅၇၀ ကျပ်၊ | ၆၁၀/၆၂၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၄၀/၅၇၀ ကျပ်၊ | ၆၀၀/၆၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၉၁ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၃၂ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၁၀ ကျပ်

**၂၃-၅-၂၀၁၆ ရက်နေ့မှ ၂၇-၅-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၅၄၄ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၅၂၀ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၁၈၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၃၀၉. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၇၉. ၇၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၂. ၉၈၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၈၇. ၉၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၇. ၆၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၁၀၆၄. ၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၉. ၁၆ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၈၄၅. ၄၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၈၅၄. ၃၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်မော်ကွန်း

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ ကျွန်းကုန်းကျေးရွာနေ ဦးတင်ဝင်း-ဒေါ်စန်းမြင့်တို့၏ တစ်ဦးတည်းသောသား

**ဗိုလ်ကြီးနိုင်လင်းစိုး M.B.B.S (DSMA)**

နှင့်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ရတနာဒီပရပ်ကွက်၊ အမှတ်(၁၆၁၆)နေ ဗိုလ်မှူးသိန်းနိုင်(ငြိမ်း) (ညွှန်ကြားရေးမှူး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ) - ဒေါ်ဝါဝါမြင့်ဆွေ(ရွှေအိမ်မက်ကဖီးနှင့် ရွှေအိမ်မက် Food Garden)တို့၏ တစ်ဦးတည်းသောသမီး

**မပိုးဇာခြည်သိန်းနိုင်(ခ)ပိုးပိုး**

တို့၏ ၂၈-၅-၂၀၁၆ရက်နေ့တွင် မင်္ဂလာသီရိဟိုတယ်၌ အောင်မြင်စွာကျင်းပပြုလုပ်ပြီးစီးခဲ့သော မင်္ဂလာညှော်ခံပွဲသို့ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း လက်ဖွဲ့ပစ္စည်းများ ပေးပို့ချီးမြှင့်ကြပါသော သီရိပျံချီ ဦးသိန်းညွန့်နှင့်ဇနီး ဒေါ်ကြင်ခိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်ဒေါက်တာမျိုးအောင်နှင့်ဇနီး ဒေါ်ခင်စောမူ၊ ဗိုလ်ချုပ်ဇော်ဇော်နှင့်ဇနီး၊ ဗိုလ်မှူးချုပ်သက်ပုံနှင့်ဇနီးဒေါ်နှင်းနှင်းမြင့်နိုင်၊ ကျောင်းဆင်းဖက်သူငယ်ချင်းများ၊ ဗိုလ်မှူးကြီးနိုင်နိုင်ဦးနှင့်ဇနီးဒေါ်ကြည်နွယ်ဦးနှင့် စစ်ဘက်/နယ်ဘက် အရာထမ်းအမှုထမ်းများ၊ ဆောက်လုပ်ရေးကုမ္ပဏီများမှ MD များနှင့် ဥက္ကဋ္ဌများ၊ ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား လည်းကောင်း၊ ကိုယ်တိုင်ကြွရောက်၍ မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော ဗိုလ်ချုပ်စိုးဝင်းနှင့်ဇနီး ဒုတိယ ဗိုလ်မှူးကြီး ဒေါက်တာဒေါ်ကေသီကျော်၊ မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဗိုလ်မှူးကြီး ကျော်ဝင်း(ငြိမ်း) နှင့် ဇနီး ဒေါ်အေးအေးကြည်၊ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ် ညီထွန်း (ငြိမ်း)နှင့် ဇနီးဒေါ်နန်းကြာယုံ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များနှင့် အရာထမ်းအမှုထမ်းများ၊ စစ်ဘက်/နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၉) မှ ဗိုလ်မှူးချုပ်သန်းလှိုင်နှင့်ဇနီးဒေါ်ခင်သီတာဝမ်း၊ ဗိုလ်မှူးချုပ်ထွန်းထွန်းညီနှင့်ဇနီး ဒေါ်နီလာခင်၊ ဗိုလ်မှူးချုပ်အောင်မျိုးသန်းနှင့်ဇနီးဒေါ်ဥမ္မာဝင်း၊ ဗိုလ်မှူးကြီးလှမျိုးနှင့်ဇနီး၊ နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ ပြင်ဦးလွင်နှင့် တောင်ကြီးမြို့များမှ သူငယ်ချင်းကျောင်းဆင်းအရာရှိများ၊ ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ TZTM Co.,Ltd; မှ (MD) ဦးသက်လင်းသိန်း၊ ကုမ္ပဏီဥက္ကဋ္ဌ ဦးသိန်းအောင်တို့အားလည်းကောင်း၊ မင်္ဂလာပွဲအဆင်ပြေပြေပြီးမြောက်နိုင်ရေးနှင့် ဖိတ်ကြားရေး ကြိုဆိုနေရာချထားရေးအတွက် ကိုယ်ရောစိတ်ပါဝိုင်းဝန်းကူညီကြပါသော ဦးစိုးဝင်းနှင့်ဇနီး ဒေါ်ချိုချိုထွေး၊ ဦးစိုးဟန်နှင့်ဇနီးဒေါ်မိုးမိုးသက်၊ ဗိုလ်မှူးကြီးမိုးဇော်ထွန်းနှင့်ဇနီး၊ ဒုတိယဗိုလ်မှူးကြီးတင့်ကျော်နှင့်ဇနီး၊ ဒုတိယဗိုလ်မှူးကြီးကျော်မင်းဦးနှင့်ဇနီး၊ ရန်ကုန်မြို့မှ ဦးချမ်းငြိမ်း၊ ဦးထွန်းထွန်းဦး၊ ပြင်ဦးလွင်မှ ဒုမှူးကြီး လှဌေး(ငြိမ်း)၊ ဦးဝေလွင်၊ ဦးဆွေမင်းဦး-ဒေါ်သီတာထွန်း၊ ဒေါ်မေခါဝင်းထွန်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ အရာထမ်းအမှုထမ်းများ၊ သတို့သားအရံများအဖြစ် ကူညီဆောင်ရွက်ပေးပါသော ဗိုလ်ကြီးလွင်ဘိုဘိုအောင်နှင့် ဗိုလ်ကြီးတင်ဝင်းဇော်၊ သတို့သမီးအရံများဖြစ်ကြသောမမြသက်ခိုင်၊ မသီရိစိုးဟန်၊ မင်္ဂလာပန်းကုံးဗန်းကိုင် မဇင်ဝါဖူး၊ မင်္ဂလာလက်စွပ်ဗန်းကိုင် မသဲနုစံ၊ မင်္ဂလာပန်းကြဲ မလဲ့ရည်နိုင်၊ ရှေ့ဆောင်မင်္ဂလာပန်းခြင်းကိုင် သမီးလေး မသော်တာသန့်စင်တို့အားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးကျော်သက်လင်း (MRTV)၊ အခါတော်ပေးသီဆိုပေးပါသော မမြမြဝင်း(MRTV)၊ စောင်းရွှေတံဆိပ်ဆုရှင် မဝင်းနန္ဒာနှင့် လင်းရေစင်တေးဂီတအဖွဲ့၊ သတို့သမီးဝတ်စုံချုပ်လုပ်ဆင်ယင်ပေးပါသော VENUS LADY FASHIONမှ မနေခြည်၊ မိတ်ကပ်အမရာမင်းမောင်၊ မိတ်ကပ်ကြွေမ၊ ဗွီဒီယိုနှင့်ဓာတ်ပုံ STUDIO ART(11)မှ ကိုဆန်းမင်းအောင်နှင့် TOGHTER WEDDING STUDIO အဖွဲ့၊ ဖိတ်စာဒဂုံပုံနှိပ်တိုက်တို့အား လည်းကောင်း၊ မင်္ဂလာသီရိဟိုတယ်မှ အထွေထွေမန်နေဂျာဒေါ်လှမင်းမင်းနှင့် ဟိုတယ်ဝန်ထမ်းများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်းမှတ်တမ်းတင်မော်ကွန်းရေးထိုးအပ်ပါသည်။

**နှစ်ဖက်မိဘများနှင့် ဗိုလ်ကြီးနိုင်လင်းစိုး-မပိုးဇာခြည်သိန်းနိုင်**

### ပျောက်ဆုံးကြောင်း

SHAN SMALL Co.,Ltd ၏ သွင်းကုန် အမှတ်-WQ IL-115-161167 မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉၇၇၉၈၁၁၁၁၇၉

### တစ်ဦးတည်းဖြစ်ကြောင်း

အထက(၁) ဒေါပုံ၊ နဝမတန်း(C) မှ မောင်ဇွဲမင်းပိုင်စိုး၏ ဖခင် ဦးစိုးမြင့်နှင့် ဦးမြင့်ဦး [၁၂/ဒပန(နိုင်)၀၁၉၈၈၉]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမြင့်ဦး[၁၂/ဒပန(နိုင်)၀၁၉၈၈၉]**

### ဖခင်အမည်မှန်

အလက(၆)၊ လှိုင်သာယာ၊ ဆဋ္ဌမတန်း (B)တွင် ပညာသင်ကြားလျက်ရှိသော အဖ ဦးကျော်စွာဦး၏သမီး မမြင့်မြင့်ခိုင် အမှတ်(၁၀)ရပ်ကွက်၊ မန္တလေးလမ်း(၃၄/ခ)၏ ဖခင် အမည်မှန်မှာ ဦးကျော်စွာမိုး [၁၂/ခရန(နိုင်)၀၉၅၈၅၄] ဖြစ်ပါသည်။

ဦးကျော်စွာမိုး[၁၂/ခရန(နိုင်)၀၉၅၈၅၄]

### မျိုး 380164 09 5017088 09250640699

ခရီးစဉ်အမျိုးမျိုးနှင့်လချုပ် ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

### ငှားမည်

မြို့လယ်တိုက်ခန်း(G/F)၊ 12½'x 55'၊ Hall Type, Power Meter, Ph, ဗိုလ်ဆွန်ပတ်လမ်း၊ ပန်းဘဲတန်းမြို့နယ်။ Ph:09-5028376, 09-31632109 (အကျိုးဆောင်မလို)

### ယာဉ်မောင်းအလိုရှိသည်

အိမ်စီးကား၊ စမ်းချောင်းမြို့နယ် နီးသူ၊ အသက်(၅၀)ဝန်းကျင် ဦးစားပေး။

လခ ၂. ၂နှင့် ၂. ၅သိန်းကြား

Ph: 09-5162238, 09-799991520

### တစ်ဦးတည်းဖြစ်ကြောင်း

ကျောက်တော်မြို့၊ မြို့သစ်ရပ်ကွက်နေ (ဖ) ဦးအောင်ကျော်ဇာ၏သမီး ဒေါ်အေးမြသာ [၁၁/ကတန(နိုင်) ၀၀၆၂၆၈]နှင့် ဒေါ်သိန်းရီသည် တစ်ဦးတည်းဖြစ်ကြောင်း။

### ပျောက်ဆုံးကြောင်း

ဦးစိုးဝင်း[၁၂/တမန(နိုင်)၀၇၅၃၅၂]၏သမီး မေဘရဏီနိုင်(ခ) ထရီဇာ၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၄၂၀၃၂၄၂**

**မီးဘေးရှောင်**
**မလောင်ခင်တား**

### ပျောက်ဆုံးကြောင်း

ကျွန်တော် စောမင်းနောင် [၁၁/မဥန(နိုင်)၀၆၅၂၈၉]၏ နိုင်ငံကူးလက်မှတ်အမှတ်-ဧ၁၉၉၃၅ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၃၅၃၆၃၆၄**




## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်း၂၀)

လှည်းကူးမြို့နယ်တရားရုံး၌

၂၀၁၆ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၅

| | | |
|---|---|---|
| ဒေါ်မိမိဖြိုး | နှင့် | ဦးအောင်သန်း |
| တရားလို | | တရားပြိုင် |

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ ဖောင်ကြီးမင်းလမ်း၊ အမှတ်(၃၂၅)နေသူ ဦးအောင်သန်း(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။ သင့်အပေါ်၌တရားလိုက ပစ္စည်းလက်ရှိထားပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေသို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကိုချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၆ခုနှစ်၊ ဇွန်လ၁၀ရက်နေ့ (၁၃၇၈ခုနှစ်၊ နယုန်လဆန်း ၅ ရက်) နံနက် ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ်၊ မေလ ၃၀ ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ချစ်ကိုကို)**
**မြို့နယ်တရားသူကြီး**
**လှည်းကူးမြို့နယ်တရားရုံး**

## ယာဉ်အန္တရာယ်ကင်းရှင်းရေး ရဲလုပ်ငန်းစဉ် ရက် ၁၀၀ စီမံချက်များဆောင်ရွက်

**မောက်မယ် မေ ၃၀**

ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းအောင် ဦးဆောင်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် မေ ၂၈ ရက် နံနက် ၈ နာရီခွဲက ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များနှင့် ပူးပေါင်းပြီးမြို့ဦးဂိတ်တွင် ပြည်သူ့ဗဟိုပြုဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစဉ် ရက် ၁၀၀ စီမံချက်များဖြစ်သည့် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာ သိရှိရေး၊ ဆိုင်ကယ်စီးဦးထုပ် စနစ်တကျဆောင်းစေရေး၊ ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးကာ ပညာပေးဆောင်ရွက်ခဲ့သည်။

မှုခင်းကျဆင်းရေး ဆောင်ရွက်နေမှု၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီး ကာကွယ်ရေးကိုလည်းကောင်း မြို့နယ်စခန်းမှူး ဒုရဲမှူးဇော်မင်းခိုင်က ပြည်သူ့ဝန်ဆောင်မှုနှင့် ဒီမိုကရေစီရဲလုပ်ငန်းဆိုင်ရာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ဆောင်ရွက်ထားရှိမှုကို ဖြည့်စွက်ပညာပေးခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

## ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရက်၁၀၀ အတွင်း ဒုတိယအကြိမ် မော်တာစက်နင်းသင်တန်းဖွင့်

**ဘားအံ မေ ၃၀**

ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးစက်ချုပ်ခန်းမဆောင်၌ ရက် ၁၀၀ အတွင်းဒုတိယအကြိမ်မြောက်ဖွင့်လှစ်ခဲ့သည့် မော်တာစက်နင်းသင်တန်းအား မေ ၂၆ ရက် နံနက်ပိုင်းက စတင်သင်ကြားပို့ချလျက်ရှိရာ ကရင်ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဦးစောမြင့်ဦး လာရောက် ကြည့်ရှုအားပေးခဲ့ပြီး သင်တန်းသူများ၏ လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးရန် ညွှန်ကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ဘားအံမြို့နယ်နှင့်လှိုင်းဘွဲ့ မြို့နယ်တို့မှ သင်တန်းသား ၄၃ ဦး တက်ရောက် သင်ကြားလျက်ရှိပြီး သင်တန်းကာလ တစ်လကြာမြင့်မည်ဖြစ်ကာ သင်တန်းသူများ၏ နေထိုင်စားသောက်မှုစရိတ်များအား ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**ထွန်းထွန်းထွေး (ဘားအံ)**



# လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းလုပ်ငန်း စွမ်းဆောင်ရည်မြင့်မားရေး ရက်တိုသင်တန်းဖွင့်

**မိတ္ထီလာ မေ ၃၀**

ရက် ၁၀၀ စီမံချက်တွင်ပါဝင်သည့် ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး ရည်ရွယ်ချက်ဖြင့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းလုပ်ငန်း စွမ်းဆောင်ရည်မြင့်မားရေး ရက်တိုသင်တန်းကို မေ ၂၇ ရက် နံနက် ၉ နာရီက ယင်းဦးစီးဌာန၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး ရက်တိုသင်တန်းဖွင့်ပွဲတွင် ခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးကျော်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးဌာနမှူး ဦးစိုးသူထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းသင်တန်းအား မေ ၂၇ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်ခြင်းဖြစ်ပြီး မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေး နှင့် စာရင်းဦးစီးဌာနမှ ဝန်ထမ်း ၄၀ သင်တန်းတက်ရောက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## ပြည်သူများဘဝလုံခြုံရေး ရက် ၁၀၀ စီမံချက်ပါ ရဲလုပ်ငန်းများဆောင်ရွက်

**မြင်းခြံ မေ ၃၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် ရဲတပ်ဖွဲ့ဝင်များသည် ရက် ၁၀၀ စီမံချက်ပါရဲလုပ်ငန်းများမှ ပြည်သူများဘဝလုံခြုံရေးလုပ်ငန်းစဉ်များကို မေ ၂၈ ရက် ည ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြင်းခြံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသက်လွင်အောင်၊ မြို့မရဲစခန်းမှူးမြင့်နိုင်၊ ယာဉ်ထိန်းတပ်ဖွဲ့မှူး ရဲအုပ်စိုးမိုးအောင်နှင့် တပ်ဖွဲ့ဝင်များသည် မြို့တွင်းလမ်းများ၊ ရပ်ကွက်တွင်းလမ်းများကို လှည့်လည်၍ လုံခြုံရေးဆောင်ရွက်ခြင်း၊ မြို့ဝင်နေရာများတွင် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များအား တုတ်၊ ဓားနှင့်အန္တရာယ်ရှိ ပစ္စည်းများယူလာခြင်းမရှိစေရန် စစ်ဆေးလျက်ရှိသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

## ငွေကျပ် ၁၇၈ သိန်းကျော်ဖြင့် သောက်သုံးရေရရှိရေး စီစဉ်ဆောင်ရွက်ပေး

**တာချီလိတ် မေ ၃၀**

တာချီလိတ်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်သူ့အတွက် ပထမ ရက် ၁၀၀ စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်မှုအဖြစ် မိုင်ဖုန်း(က)ကျေးရွာအုပ်စု၊ ဟိုနား(အာခါ) ကျေးရွာတွင် ငွေကျပ် ၁၇၈ သိန်းကျော်ဖြင့် စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် ရေဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်အား ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ စိမ့်စမ်းရေသွယ်တန်းခြင်းနှင့် အုတ်ရေကန်ဆောင်ရွက်နေခြင်းအား မေ ၂၇ ရက် နံနက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ရုံးခွဲဦးစီးမှူး ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ယင်းအုတ်ရေကန် ဆောက်လုပ်ပေးခြင်းကြောင့် အဆိုပါ ကျေးရွာရှိ အိမ်ခြေ ၅၉ အိမ်တွင် နေထိုင်လျက်ရှိသည့် လူဦးရေ ၂၂၉ ဦးကျော်တို့အတွက် သောက်သုံးရေ လုံလောက်စွာရရှိမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ရက် ၁၀၀ စီမံချက်ဖြင့် မင်္ဂလာဒုံမြို့နယ်၌ ကျွဲ၊ နွားများကို ကာကွယ်ဆေးထိုးနှံ

**မင်္ဂလာဒုံ မေ ၃၀**

မင်္ဂလာဒုံမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်ဖြင့်မြို့နယ် ဦးစီးအရာရှိ ဒေါက်တာစိန်စိန်ကြီး ဦးဆောင်သောအဖွဲ့သည် မင်္ဂလာဒုံမြို့နယ်တွင်းရှိ နို့စားနွားမွေးမြူရေးခြံများ၊ ရပ်ကွက်၊ ကျေးရွာများရှိ တစ်ပိုင်တစ်နိုင်မွေးမြူထားသော ခိုင်းနွား၊ နို့စားနွားများ မင်္ဂလာဒုံတပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့ပိုင် ကျွဲ၊ နွားများကို ကူးစက်ရောဂါမဖြစ်ပွားရန် လည်ချောင်းကွဲကာကွယ်ဆေး ၇၇၄ ကောင်၊ ပေါင်ပုပ်လက်ပုပ် ကာကွယ်ဆေး ၄၁ ကောင်၊ ခွာနာလျှာနာကာကွယ်ဆေး ၄၃၉ ကောင်နှင့် မေ ၂၈ ရက်တွင် ပျဉ်းမပင်ကျေးရွာမှ ကျွဲ၊ နွား ၈၄ ကောင်ကို ဒေါင့်သန်းကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး စုစုပေါင်း ၁၃၃၈ ကောင် ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ယင်းအပြင် ရပ်ကွက်၊ ကျေးရွာအတွင်းရှိ တစ်ပိုင်တစ်နိုင်မွေးမြူထားသော ကြက်များအား အိုင်တူးလည်လိမ်ကာကွယ်ဆေး ၂၁၁ လုံးဖြင့် မျက်စဉ်းခတ်ပေးခြင်း၊ ဝက် ၃၆ ကောင်ကို ဝက်ဝမ်းကျကာကွယ်ဆေးထိုးပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ထွန်းလှိုင် (မြိုင်)**



## ကျေးလက်လမ်းဖောက်လုပ်နေမှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း သင်ကြားနေမှုများ စစ်ဆေး



**မိုင်းတုံ မေ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်နေသော ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ်သိန်း ၂၂၀ ဖြင့် အရှည်ပေ ၂၇၅၀၊ အကျယ် ၁၂ ပေရှိ မဲကင်ကျေးရွာတွင်း ကျောက်ချောလမ်းဖောက်လုပ်နေမှုအား အချိန်မီ ပြီးစီးနိုင်ရေးအတွက် မေ ၂၈ ရက် နံနက် ၉ နာရီက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်နယ်ရုံးခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးအောင် လာရောက်၍ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းနောက် ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုစေရန်ရည်ရွယ်၍ ဖာချယ်ကျေးရွာတွင် မေ ၂ ရက်မှစတင်၍ တစ်လကြာဖွင့်လှစ်လျက်ရှိသော လက်သမားနှင့် ပန်းရန်သင်တန်းသို့သွားရောက်ကာ သင်တန်းသားများ၏ သံကူကွန်ကရစ်တိုင် လက်တွေ့ဆောင်ရွက်နေမှုများကိုသွားရောက်စစ်ဆေးခဲ့သည်။

**ယဉ်ဝင်း(ပြန်/ဆက်)**

## မတ္တရာ ရဲတပ်ဖွဲ့မှ ရက် ၁၀၀ စီမံချက်အတွင်း ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်

**မတ္တရာ မေ ၃၀**

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်ရဲတပ်ဖွဲ့မှ ရက် ၁၀၀ စီမံချက်ကာလအတွင်း ပြည်သူ့အကျိုးပြုဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မေ ၂၉ ရက် နံနက်ပိုင်းက မတ္တရာ အ-ထ-က(၁)တွင် တက်ရောက်ပညာသင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ ပညာသင်ကြားနိုင်ရေးအတွက် ချုံနွယ်များ၊ အပင်များ ရှင်းလင်းခြင်းလုပ်ငန်းများကို မတ္တရာမြို့နယ်ရဲတပ်ဖွဲ့က ဆောင်ရွက်ခဲ့သည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဆင်း

**ချောင်းဆုံ မေ ၃၀**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၂၇ ရက် ညနေ ၃ နာရီက ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဆင်းပွဲကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြတ်စိုးက သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ၊ အုပ်စု ၄၆ အုပ်စုမှ အုပ်ချုပ်ရေးမှူး ၄၆ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် ဌာနဆိုင်ရာ ၁၁ ဌာနမှ တာဝန်ရှိသူများက ကဏ္ဍအလိုက်ပို့ချခဲ့ကာ သင်တန်းကာလမှာ လေးရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ
မေ ၃၁၊ ၂၀၁၆ (အင်္ဂါနေ့)





ကချင်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အထင်ကရပွဲတော်ဖြစ်သည့် မနောပွဲမြင်ကွင်း။

**၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထု ရွေးချယ်ပေးမှုဖြင့် အရပ်သားအစိုးရအဖွဲ့သည် နိုင်ငံ့တာဝန်များကို ဧပြီလ ၁ ရက်နေ့မှစတင်၍ ထမ်းဆောင်နေပြီဖြစ်သည်။ နိုင်ငံ့တာဝန်စတင်တာဝန်ယူထမ်းဆောင်သည်နှင့် ရက်ပေါင်း ၁၀၀ ကာလအတွင်း ထင်သာမြင်သာရှိသည့် ပြုပြင်ပြောင်းလဲမှုများကို အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးက စတင်ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်သည်။ ပြည်သူတို့၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အောင်ပွဲရခဲ့သော အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးဌာနများသည် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားမြင့်မားလာရေးအတွက် ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများကို အများပြည်သူသိရှိနိုင်အောင် ဖော်ပြလိုက်ပါသည်။**

# တိုင်းရင်းသားလူမျိုးများ၏အရေး ကာကွယ်စောင့်ရှောက်ရန် အသစ်ဖွဲ့စည်းလိုက်သည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ရက် ၁၀၀

တွေ့ဆုံမေးမြန်း - ဖြိုးစန္ဒာမြင့်၊ ဓာတ်ပုံ - သွင်ဘုန်းသန့်



တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်။

**အစိုးရသစ်လက်ထက်တွင် ဝန်ကြီးဌာနများကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ယင်းတို့အနက်မှ ဝန်ကြီးဌာနအသစ်တစ်ခုဖြစ်သည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို တိုးချဲ့ထည့်သွင်းဖွဲ့စည်းခဲ့ပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ရက် ၁၀၀ အတွင်း ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များနှင့် ဖွဲ့စည်းဖြစ်တည်လာပုံများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် တွေ့ဆုံမေးမြန်းထားသည်။**

**မေး။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရဲ့ အဓိကတာဝန်နဲ့ ဖွဲ့စည်းဖြစ်ပေါ်လာပုံကို ရှင်းပြပေးပါရှင့်။**

**ဖြေ။** ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက် ယခင်အစိုးရလက်ထက်ကတည်းက တိုင်းရင်းသားတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ဖို့ တိုင်းရင်းသားလူမျိုးများရေးရာတွေ၊ တိုင်းရင်းသားတွေရဲ့ အရေးကိစ္စ၊ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ဖို့အတွက် ဥပဒေပြဋ္ဌာန်းထားပါတယ်။ အဲဒီအချိန်က ဒီဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ဖို့အတွက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို မခန့်အပ်နိုင်ခဲ့ဘဲ ဒီအစိုးရလက်ထက်ကျမှ နိုင်ငံတော်သမ္မတရုံးရဲ့ ကြေညာချက်အမှတ် (၁/၂၀၁၆)နဲ့ ၂၀၁၆ ခုနှစ် မတ် ၃၀ ရက် ပြည်ထောင်စုအစိုးရအဖွဲ့ ဖွဲ့စည်းရာမှာ တိုင်းရင်းသားရေးရာဝန်ကြီးဌာနရော၊ ပြည်ထောင်စုဝန်ကြီးပါ ခန့်အပ်ဖွဲ့စည်းခဲ့ပါတယ်။

အဲဒီလိုဖွဲ့စည်းခဲ့တဲ့အတွက် တိုင်းရင်းသားလူနည်းစုအားလုံးကိုယ်စား တိုင်းရင်းသားတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ခွင့်ရလို့ ဝမ်းသာဂုဏ်ယူကြမယ်လို့ ယူဆပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။

**မေး။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက ဝန်ကြီးဌာနအသစ်ဖြစ်တယ်ဆိုတော့ ဝန်ကြီးဌာနရဲ့ အဓိကတာဝန်နဲ့ ရက် ၁၀၀ အတွင်း ပြည်သူတွေအကျိုးရှိစေမယ့် ဘယ်လိုလုပ်ငန်းစီမံချက်တွေ ဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။**

**ဖြေ။** လက်တွေ့ကျကျပြောရရင် လတ်တလော တာဝန်က တိုင်းရင်းသားတွေရဲ့ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ဖို့ဆိုတဲ့ လုပ်ငန်းတာဝန်ကြီးကို ထမ်းဆောင်မယ့် တိုင်းရင်းသားရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းတည်ထောင်နိုင်ရေးပဲဖြစ်ပါတယ်။

တိုင်းရင်းသားရေးရာဝန်ကြီးဌာနဟာ အခုမှ ဝန်ကြီးဌာနအသစ်အနေနဲ့ ပေါ်ပေါက်လာတယ်ဆိုပေမယ့် ဒီဝန်ကြီးဌာနရဲ့ကျောရိုးဖြစ်တဲ့ "တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ"ကို ပြီးခဲ့တဲ့နှစ် ဖေဖော်ဝါရီ ၂၄ ရက်မှာ "၂၀၁၅ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၈" အဖြစ် ပြဋ္ဌာန်းခဲ့တာဖြစ်ကြောင်းကိုလည်း ဒီနေရာကနေတင်ပြလိုပါတယ်။

ဒီတော့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်တဲ့ ဥပဒေနဲ့အညီ တိုင်းရင်းသားလူမျိုးတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်နိုင်မယ့် ဝန်ကြီးဌာနသစ်တစ်ခုဖွဲ့စည်းပေါ်ပေါက်လာရေးဟာ ဒီရက် ၁၀၀ အတွင်း ဆောင်ရွက်မယ့်လုပ်ငန်းစဉ်ဖြစ်ပြီး တိုင်းရင်းသားပြည်သူတွေအတွက်လည်း အမှန်တကယ်အကျိုးပြုမယ့် အခြေခံအုတ်မြစ်ဖြစ်လာမှာ အသေအချာပဲဖြစ်ပါတယ်။

**မေး။ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်မယ့် ဝန်ကြီးဌာနတစ်ခုဖြစ်တာနဲ့အညီ ဝန်ကြီးဌာနသစ်တစ်ခုကို စနစ်တကျဖွဲ့စည်းပြီး တိုင်းရင်းသားပြည်သူတွေအကျိုးရှိစေဖို့ ဆောင်ရွက်သွားမယ်ဆိုတော့ ဝန်ကြီးဌာနကို ရက် ၁၀၀ အတွင်း ဘယ်လိုဖွဲ့စည်းသွားမယ်ဆိုတာ ရှင်းပြပေးစေချင်ပါတယ်ရှင့်။**

**ဖြေ။** တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရဲ့ ဖွဲ့စည်းပုံအရဆိုရင် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနအောက်မှာ ဦးစီးဌာနနှစ်ခု ထားရှိမှာဖြစ်ပါတယ်။



ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်ရှိ ၁၈ ပေအကျယ်ရှိ မြိုင်ကြီးငူ-မဲသဝေါ ကတ္တရာလမ်းကို တွေ့ရစဉ်။



ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့ရှိ (၁၆) ခုတင်ဆံ့ဆေးရုံကို တွေ့ရစဉ်။

တိုင်းရင်းသားလူမျိုးတွေရဲ့ ဒေသဖွံ့ဖြိုးဖို့ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်တဲ့ဌာနရယ်၊ တိုင်းရင်းသားတွေရဲ့ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတွေ ဖွံ့ဖြိုးတိုးတက်အောင် လွတ်လပ်စွာလုပ်ပိုင်ခွင့်ရှိလာအောင် ဆောင်ရွက်မယ့်ဌာနရယ်ဆိုပြီး ဦးစီးဌာန နှစ်ခု ဖွဲ့စည်းသွားမှာပါ။ ဖွဲ့စည်းပုံကတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ရုံးများ ပါဝင်ဖွဲ့စည်းသွားဖို့ အဆိုပြုထားပြီး ပထမအဆင့်အနေနဲ့ ဝန်ကြီးရုံးနဲ့ ဦးစီးဌာနနှစ်ခုရဲ့ ရုံးချုပ်ကို ဖွဲ့စည်းဆောင်ရွက်သွားနိုင်ဖို့ ဆောင်ရွက်နေပါတယ်။

**မေး။ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ဆောင်ရွက်ရမယ့် လုပ်ငန်းနယ်ပယ် နှစ်ခုအတွက် ဦးစီးဌာနတွေ ဖွဲ့စည်းဆောင်ရွက်ရာမှာ ဝန်ထမ်းအင်အားဘယ်လောက်နဲ့ ဘယ်အဆင့်ထိ ဖွဲ့စည်းဆောင်ရွက်သွားဖို့ ရေးဆွဲတင်ပြထားတယ်ဆိုတာ သိပါရစေ။**

**ဖြေ။** ဦးစီးဌာန နှစ်ခုကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်ထိ ရုံးဖွင့်လှစ်ဆောင်ရွက်သွားဖို့ ရည်မှန်းဆောင်ရွက်လျက်ရှိပါတယ်။ ဦးစီးဌာန နှစ်ခုအောက်မှာ ဦးစီးဆောင်ရွက်မယ့် ညွှန်ကြားရေးမှူးချုပ် နှစ်ဦး အပါအဝင် အရာထမ်း၊ အမှုထမ်း ၅၁၅ ဦး၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်အထိ ဖွဲ့စည်းမယ်ဆိုရင် ဝန်ထမ်းအင်အား ၁၁၃၁ ဦးနဲ့ ဖွဲ့စည်းဆောင်ရွက်သွားဖို့ အဆိုပြုထားပါတယ်။

**မေး။ တိုင်းရင်းသားလူမျိုးတွေရဲ့ အရေးအရာတွေနဲ့ အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ဖို့ တာဝန်ယူမယ့်ဝန်ကြီးဌာနတစ်ခုအနေနဲ့ ဘယ်လိုအရေးကိစ္စတွေမှာ ပါဝင်ဆောင်ရွက်သွားဖို့ရှိတယ်ဆိုတာ ပြောပြပေးပါဦးရှင့်။**

**ဖြေ။** ကျွန်တော်တို့နိုင်ငံက တိုင်းရင်းသားလူမျိုးအများစုဟာ သူတို့ပိုင်တဲ့ စာပေ၊ ယဉ်ကျေးမှု၊ ဘာသာစကား စတာတွေကို လွတ်လပ်စွာလုပ်ကိုင်လိုတဲ့ ဆန္ဒရှိကြတယ်။ ရှေးယခင်က တချို့က တိုင်းရင်းသားတွေရဲ့ စကား၊ စာပေတွေ သင်ကြားခွင့်ရချင်ကြတယ်။ တချို့ဌာနတွေ၊ ဒေသတွေက ပိတ်ပင်တားဆီးတာမျိုးတွေရှိခဲ့တယ်။ ဒီလိုမဖြစ်အောင် တိုင်းရင်းသားစာပေတွေ ထုတ်ဖော်ချင်တယ်။ သင်ကြားချင်ကြတယ်ဆိုရင် ကျန်တိုင်းရင်းသားတွေရဲ့ ဘာသာ၊ သာသနာကို မထိခိုက်ရင် လွတ်လွတ်လပ်လပ်သင်ကြားခွင့်ရအောင် ဆောင်ရွက်ပေးမယ်ဆိုတာ အသိပေးလိုပါတယ်။

**မေး။ တိုင်းရင်းသားတွေရဲ့ ဒေသမှာ အချင်းချင်းအငြင်းပွားမှု၊ ငြိမ်းချမ်းရေး ဖော်ဆောင်မှုနဲ့ သယံဇာတခွဲဝေသုံးစွဲမှုစတဲ့ ကိစ္စရပ်တွေမှာ တိုင်းရင်းသားရေးရာဝန်ကြီးဌာနအနေနဲ့ ဘယ်လိုအခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်သွားမလဲဆိုတာလည်း သိပါရစေ။**

**ဖြေ။** ဒီအခန်းကဏ္ဍကတော့ ဒီအစိုးရစတက်ကတည်းက ရည်မှန်းထားတဲ့ တိုင်းရင်းသားလူမျိုးများအားလုံး ရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးနဲ့ ဖက်ဒရယ်ပြည်ထောင်စုစစ်စစ်ဖြစ်ပေါ်လာရေးစတဲ့ အခန်းကဏ္ဍတွေပေါ်လာရင် တိုင်းရင်းသားတွေရဲ့ဒေသမှာ သယံဇာတထုတ်ယူသုံးစွဲတာတွေ၊ ခွဲဝေသုံးစွဲတဲ့စနစ်တစ်ခုက အဲဒီလို နိုင်ငံရေးဆွေးနွေးတဲ့ အခန်းကဏ္ဍမှာ ဖက်ဒရယ်ပြည်ထောင်စုစစ်စစ် ပေါ်လာတဲ့အခါ ပြည်ထောင်စုအစိုးရလုပ်ပိုင်ခွင့်နဲ့ ပြည်နယ်အစိုးရလုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တွေဟာ အဲဒီအချိန်မှာမှ ပေါ်ပေါက်လာမယ်လို့ မျှော်လင့်ပါတယ်။

**မေး။ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ဝန်ကြီးဌာနက ဆောင်ရွက်မယ့် လုပ်ငန်းနယ်ပယ် နှစ်ခုမှာ အစိုးရနဲ့ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပူးပေါင်းဖို့ စီမံဆောင်ရွက်နေတာတွေနဲ့ပတ်သက်ပြီး သိချင်ပါတယ်ရှင့်။**

**ဖြေ။** ဒီဝန်ကြီးဌာနအသစ်ပေါ်လာတော့ အများအားဖြင့် တိုင်းရင်းသားတွေရော၊ မီဒီယာတွေရော၊ အီးယူ၊ ကုလသမဂ္ဂ စတဲ့ အဖွဲ့အစည်းတွေက ဘယ်လိုကူညီပေးရမလဲ၊ ဘယ်လိုချိတ်ဆက်တွဲပြီး ဆောင်ရွက်နိုင်မလဲ စတာတွေကို အီးယူသံအမတ်၊ ယူကေသံတမန်တို့နဲ့ တွေ့ဆုံဆွေးနွေးခဲ့ပြီးပါပြီ။ နောက်ပြီး ကုလသမဂ္ဂဌာန သုံးခုလောက်နဲ့လည်း တွေ့ဆုံဆွေးနွေးပြီးဖြစ်ပါတယ်။ မကြာခင်ကပဲ နီပွန်ဖောင်ဒေးရှင်းကနေ လက်တွဲဆောင်ရွက်ဖို့ လာဆွေးနွေးသွားပါတယ်။ တိုင်းရင်းသားတွေရဲ့ အရေးဆောင်ရွက်မယ့် တိုင်းရင်းသားရေးရာဝန်ကြီးဌာနမှာ စိန်ခေါ်မှုတွေအများကြီးရှိပါတယ်။

အပစ်အခတ်ရပ်စဲရေး အကောင်အထည်မဖော်နိုင်သေးတော့ စစ်ပြေးဒုက္ခသည်တွေရဲ့ကိစ္စရယ်၊ ကလေးတွေပညာသင်ကြားဖို့အရေးကိစ္စရယ်၊ တိုင်းရင်းသားတွေရဲ့ ဒေသမှာ ဖွံ့ဖြိုးတိုးတက်ဖို့၊ ပညာဗဟုသုတရရှိဖို့လည်း အများကြီးလိုအပ်နေပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ခေတ်အဆက်ဆက်မှာ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးအခန်းကဏ္ဍတွေ ချို့ယွင်းခဲ့ပြီး တခြားနိုင်ငံတွေနဲ့ ရင်ပေါင်တန်းဖို့မရှိခဲ့တဲ့အတွက်ကြောင့် တခြားနိုင်ငံနဲ့ ပြန်လည်ရင်ပေါင်တန်းနိုင်ဖို့ဟာ နိုင်ငံရဲ့သယံဇာတတစ်ခုတည်းကို အားကိုးလို့မရတော့ဘူး။ လူ့စွမ်းအားအရင်းအမြစ်တွေ လိုအပ်လာတယ်။ လူ့စွမ်းအားက အင်မတန်အရေးကြီးတဲ့အတွက် တိုင်းရင်းသားလူငယ်တွေကို ပညာဗဟုသုတကြွယ်ဝအောင် အဘက်ဘက်ကပြည့်စုံပြီး ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်အောင် ခေတ်မီတိုးတက်တဲ့ ပညာရေးစနစ်တွေကိုလည်း အတတ်နိုင်ဆုံး ကူညီပံ့ပိုးပေးသွားမှာပါ။ တခြားနိုင်ငံတွေကိုလည်း အကူအညီတောင်းပြီး လက်တွဲဆောင်ရွက်ပေးပါလို့ မေတ္တာရပ်ခံပါတယ်။

**မေး။ ပြည်ထောင်စုဝန်ကြီးအနေနဲ့ တိုင်းရင်းသားလူမျိုးတွေကို ပြောကြားချင်တဲ့စကားလေးရှိရင် ပြောကြားပေးစေလိုပါတယ်ရှင့်။**

**ဖြေ။** တိုင်းရင်းသားလူမျိုးတွေကို ပြောပြချင်တာက ကျွန်တော်တို့ပြည်ထောင်စုမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံစုပေါင်းပြီး နေထိုင်တဲ့ ပြည်ထောင်စုဖြစ်တဲ့အတွက်ကြောင့် ဒီပြည်ထောင်စုသမ္မတမြန်မာနိုင်ငံထဲမှာ ဒီလူမျိုးအားလုံး အချင်းချင်းက စည်းလုံးညီညွတ်ဖို့၊ တည်ဆောက်ထားတဲ့ ပြည်ထောင်စုကို ပြည်ထောင်စုစိတ်ဓာတ်ရှိရှိ တစ်ယောက်နဲ့တစ်ယောက် ခင်မင်ရင်းနှီးဖို့၊ လေးစားယုံကြည်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ဒါကြောင့် တိုင်းရင်းသားတွေကလည်း ပညာဗဟုသုတပြည့်ဝပြီး နိုင်ငံရေးသဘောသဘာဝတရားတွေ နားလည်လာမယ်ဆိုရင် ခုဆို ပြည်သူလူထုလက်ထဲမှာ ရောက်ရှိလာတဲ့အာဏာကို၊ အခွင့်အရေးကို ဒီမိုကရေစီစနစ်ကျကျ သုံးစွဲနိုင်အောင်၊ ရှေ့ဆက်ပြီးတော့ ဦးဆောင်နိုင်အောင် ပြည်သူလူထုအားလုံးနဲ့ တိုင်းရင်းသားအားလုံးက အချင်းချင်း ချစ်ခင်ယုံကြည်ပြီး ပြည်ထောင်စုစိတ်ဓာတ် တည်ဆောက်ကြပါ။ ပြည်ထောင်စုစိတ်ဓာတ်ရှိမှ ကျွန်တော်တို့နိုင်ငံဟာ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးတည်ဆောက်နိုင်မှ ငြိမ်းချမ်းရေးရှိမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ တိုးတက်ဖွံ့ဖြိုးမှုလမ်းပေါ်ကို လျှောက်လှမ်းနိုင်မယ်။ တည်ဆောက်နိုင်မှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးမရှိဘဲနဲ့ ဒီမိုကရေစီရသည့်တိုင် ကမ္ဘာနဲ့ရင်ပေါင်တန်းနိုင်အောင် တည်ဆောက်လို့ရနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများအားလုံးစုစည်းပြီး ဖွဲ့စည်းတည်ထောင်ထားတဲ့ ဒီနိုင်ငံမှာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနဆိုတာ ရှိသင့်ပါတယ်။ ဒါကြောင့်ဝန်ကြီးဌာနတွေ ချုံ့လိုက်တာတောင်မှ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနဆိုပြီး ဝန်ကြီးဌာနအသစ်ကို ဖွဲ့စည်းလိုက်တာပါ။ ဝန်ကြီးဌာနပေါင်း ၃၆ ခု ကနေ ၂၀ ထိ လျှော့ချပြီးတော့ ဒီဝန်ကြီးဌာနအသစ်ကို ထပ်တိုး ဖွဲ့စည်းပေးလိုက်တဲ့ အစိုးရရဲ့ တိုင်းရင်းသားတွေအပေါ်မှာထားရှိတဲ့ အလေးထားမှုဟာ အင်မတန်မှလေးနက်ကြောင်းပြတာဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားအားလုံးကိုယ်စား အစိုးရကို ကျေးဇူးများစွာတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

■



နာဂလူမျိုးတို့၏ ရိုးရာမီးပုံပွဲကျင်းပမှု မြင်ကွင်း။

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှုများနှင့် သန့်ရှင်းရေးများ ကူညီဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် မေ ၃၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှူးဦးစီးသည့် တပ်ဖွဲ့ဝင်များသည် မေ ၂၈ ရက် နံနက်ပိုင်းက ရမည်းသင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ လေပြင်းတိုက်ခတ်မှုကြောင့် ပြိုလဲကျိုးကျခဲ့သည့် သစ်ပင်သစ်ကိုင်းများကိုလည်းကောင်း၊ ပျော်ဘွယ်မြို့နယ် ရဲတပ်ဖွဲ့မှူးဦးစီးသည့် တပ်ဖွဲ့ဝင်များက ပျော်ဘွယ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ လေပြင်းတိုက်ခတ်မှုကြောင့် ပြိုလဲကျိုးကျခဲ့သည့် သစ်ပင်သစ်ကိုင်းများကိုလည်းကောင်း ခုတ်ထွင်ရှင်းလင်းခြင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့အတူ ယင်းနေ့ နံနက် ၆ နာရီခွဲမှ ၉ နာရီထိ မွန်ပြည်နယ် မော်လမြိုင်မြို့ မရမ်းကုန်းရပ်ကွက်ရှိ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ ချောင်းဆုံမြို့ အနောက်ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း၊ ကျိုက်မရောမြို့ ရှင်စောပုရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း၊ မုဒုံမြို့ မြို့မ(၁)ရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ သံဖြူဇရပ်မြို့ အောင်သာယာရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်အတန်းကျောင်း၊ ရေးမြို့ သီရိနန္ဒာရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ၊ ကျိုက်ထိုမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၊ ဘီးလင်းမြို့ ဘိုးရာဇာရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၊ သထုံမြို့ သိမ်ကုန်းရပ်ကွက်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် ပေါင်မြို့ ပေါင်းရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းတို့၏ အတွင်း၊ အပြင်များရှိ ချုံနွယ်များ၊ အမှိုက်သရိုက်များအား မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ ဦးစီးသည့် တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးများ ပြုလုပ်ခြင်းဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ရဲပြန်ကြား)**

# ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်




**ရန်ကုန် မေ ၃၀**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း သားသမီးများအား ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၈ ရက် နံနက် ၁၁ နာရီတွင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့ အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ်ဝင်းနိုင်က ပညာသင်စရိတ်ထောက်ပံ့ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ်ဝင်းနိုင်နှင့် ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းဗိုလ်တို့က တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးရှိ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းတို့၏ သားသမီးများအတွက် ပညာသင်စရိတ်ထောက်ပံ့ငွေ ကျပ် သိန်း ၂၀၊ ခရိုင်ရဲတပ်ဖွဲ့လေးခုရှိ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းတို့၏ သားသမီးများအတွက်ငွေ ကျပ် ၂၂ သိန်းနှင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်မွေးမွေးက ငွေကျပ် ၆၈၀၀၀၀ စုစုပေါင်း ငွေကျပ် ၄၈၈၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရက် ၁၀၀ စီမံချက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**စစ်ကိုင်း မေ ၃၀**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(စစ်ကိုင်း)မှ ရက် ၁၀၀ အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းစဉ်အဖြစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းနှင့် ဟောပြောပွဲကို မေ ၂၄ ရက်နံနက် ၉ နာရီက စစ်ကိုင်းမြို့ ဇေယျာရပ်ကွက် ခရိုင်ရုံး(စစ်ကိုင်း)ယာဉ်မောင်းသင်တန်းခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြောပွဲနှင့် သင်တန်းပို့ချရာတွင် မော်တော်ယာဉ်ဥပဒေ၊ လမ်းညွှန်မှုများ၊ လမ်းအမှတ်သားများနှင့် အချက်ပြများ၊ မော်တော်ယာဉ်သွားလာမှုစည်းကမ်းများ၊ ယာဉ်သွားလာမှုနှင့် ပတ်သက်သည့်အချက်များ၊ အမြန်လမ်းမကြီးတွင်လိုက်နာရမည့်စည်းကမ်းများ၊ ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုဖြစ်စေသည့်ကိစ္စရပ်များနှင့် ဖြစ်စဉ်များ၊ ဆိုင်ကယ်စီးသူစည်းကမ်းများ၊ ခြေကျင်လျှောက်သူလိုက်နာရမည့် စည်းကမ်းများ၊ မိမိဒေသနှင့်ပတ်သက်၍ အထူးဂရုပြုလိုက်နာရန်အချက်များ(မြို့တွင်းမောင်းနှင်မှု၊ တောင်ပေါ်လမ်းမောင်းနှင်မှု၊ မြစ်ချောင်းများဖြတ်ကျော်မောင်းနှင်မှု) ယာဉ်မောင်းလိုင်စင်စစ်ဆေးခြင်းလုပ်ငန်းဆိုင်ရာ ပညာပေးဗီဒီယိုကို ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောခဲ့သည်။

အဆိုပါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြောပွဲနှင့်ပညာပေးသင်တန်းပို့ချပွဲသို့ စစ်ကိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ ပြည်သူ ၃၆၁ ဦးခန့်တက်ရောက်ခဲ့ပြီး တက်ရောက်ခဲ့သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ အဓိကရည်မှန်းချက်သည် ယာဉ်အန္တရာယ်လမ်းအန္တရာယ်ကင်းရှင်းရေး(Road Safety)ဖြစ်သဖြင့် ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနားလည်ပြီး လမ်းအသုံးပြုသူများနှင့် ယာဉ်မောင်းသူများ ယာဉ်မတော်တဆဖြစ်ပွားမှုမှကာကွယ်ရန်၊ ယာဉ်မတော်တဆမှု၊ ထိခိုက်မှုများလျော့နည်းကျဆင်းစေရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လေးစားလိုက်နာဆောင်ရွက်တတ်စေရန် ရည်ရွယ်ပြီး အထူးကိစ္စရပ်အနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးသင်တန်းနှင့် ဟောပြောပွဲများကို ကျယ်ပြန့်စွာ ဆက်လက်ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **စိုင်းလူမင်း(မီဒီယာဂရု)**



# ဖားပွန်မြို့၌ ရက် ၁၀၀ စီမံချက် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ပညာပေးဆွေးနွေး

**ဖားပွန် မေ ၃၀**

ကရင်ပြည်နယ် ဖားပွန်မြို့နယ်အတွင်းရှိ ကျေးရွာများအား ရက် ၁၀၀ စီမံချက်အတွင်း အယ်နီညို ရာသီဥတုကြောင့် တောင်သူများ၏ လယ်ယာစိုက်ပျိုးရေးတွင် ကြုံတင်ပြင်ဆင်ရမည့်အချက်များနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး ပညာပေးဟောပြောပွဲကို မေ ၂၈ ရက် နံနက်ပိုင်းက မဲသလွတ်ကျေးရွာအုပ်စု ဝေ့နောင် ဘုန်းကြီးကျောင်းတွင် ကျင်းပခဲ့သည်။

ဆွေးနွေးပွဲသို့ တက်ရောက်လာသော တောင်သူများအား ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစောလှကြည်က အယ်နီညိုရာသီဥတုဖြစ်ပေါ်မှုအပေါ် တောင်သူများရင်ဆိုင်ဖြေရှင်းရမည့် နည်းလမ်းများ၊ သဘာဝမြေဩဇာပြုလုပ်ခြင်း၊ နွေထယ်ရေးလုန်ခြင်း၊ ကန်သင်းများ ပြုပြင်ခြင်း၊ သက်တမ်းတိုမျိုးကောင်းမျိုးသန့်များထားရှိခြင်း၊ ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းများ၊ ပိုးမွှားများအန္တရာယ် အကြောင်းအရာများကိုဆွေးနွေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထွန်းလှရွှေက အယ်နီညိုရာသီဥတုကြောင့် ရာသီဥတုဖောက်ပြန်ပြီး အပူလှိုင်းထခြင်း၊ လေတိုက်ခြင်း၊ မိုးကြိုးပစ်ခြင်းများ ကာကွယ်နိုင်ရေးနှင့် ရေဒီယို/တီဗွီ သတင်းများနားထောင်ကြည့်ရှုရန်နှင့် သီပွံနည်းကျစိုက်ပျိုးရေး ၁၄ ချက်အား အသေးစိတ် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တောင်သူလယ်သမားများက သိရှိလိုသည်များအား မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **သိန်းစိုးမြင့် (ပြန်/ဆက်)**

# ပြည်သူ့အတွက် ရက် ၁၀၀ အတွင်း စိုက်ပျိုးစရိတ်ဘဏ်ချေးငွေ စတင်ထုတ်ချေး

**လားရှိုး မေ ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(လားရှိုး)မှ လားရှိုးမြို့နယ် မန်ပြိန်းနှင့် ဟူမွှန်ကျေးရွာတို့ရှိ တောင်သူလယ်သမားများသို့ ၂၀၁၆ မိုးရာသီစိုက်ပျိုးစရိတ် ဘဏ်ချေးငွေများကို မေ ၂၆ ရက်တွင် စတင်ထုတ်ချေးပေးခဲ့ပြီး လားရှိုးခရိုင်အတွင်းရှိ လားရှိုး၊ သိန်းနီ၊ မိုင်းရယ်၊ နမ္မတူမြို့နယ်တို့ရှိ တောင်သူများသို့ ကျပ်သိန်းပေါင်း ၁၃၆၄၃ သိန်းကျော် ထုတ်ချေးမည်ဖြစ်ကြောင်း သိရသည်။ **ဇော်လွင်(လားရှိုး)**

# သီးနှံများပိုမိုအောင်မြင်ဖြစ်ထွန်းစေရန် ပိုးသတ်ဆေး စနစ်တကျ သုံးစွဲမှုရှိရေး ပညာပေးဆွေးနွေး

**ပွင့်ဖြူ မေ ၃၀**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်ရှိ ဒေသခံတောင်သူများ အယ်နီညိုရာသီဥတုကိုအံတု၍ မိုးကြိုနှမ်းများ၊ မိုးကြိုစပါးများအပြင် ပဲတီစိမ်းများကိုပါ ရေသွင်းစနစ်ဖြင့်စိုက်ပျိုးထားလျက်ရှိရာ အဆိုပါသီးနှံများဖြစ်ထွန်းအောင်မြင်မှုရှိစေရန်အတွက် ပိုးသတ်ဆေးစနစ်တကျသုံးစွဲမှုရှိရေး ပညာပေးဆွေးနွေးပွဲကို ရွှေလှေအုပ်စု၊ ရွာသာကြီးကျေးရွာအုပ်စု ကန်ဆွယ်ကျေးရွာတို့တွင် မေ ၂၄ ရက်မှစတင်၍ ၂၇ ရက်ထိ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မင်းဘူးခရိုင် သီးနှံကာကွယ်ရေးတာဝန်ခံနှင့် တာဝန်ရှိဝန်ထမ်းများ ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် စိုက်ပျိုးရေးဝန်ထမ်းများသည် အဆိုပါဒေသများတွင် ရေကြီးခဲ့ခြင်းကြောင့်လည်းကောင်း၊ အယ်နီညိုရာသီဥတုကြောင့်လည်းကောင်း၊ မုန်တိုင်းဖြစ်ခြင်း မိုးရွာသွန်းမှုတို့ကြောင့်လည်းကောင်း ကျရောက်သောပိုးမွှားများနှင့် ကိုက်ညီမည့်ဆေးကို ပက်ဖျန်းရန် ရွေးချယ်ပေးခြင်း၊ နည်းစနစ်မှန်ကန်အောင် ဆေးဖျော်စပ်ပေးခြင်း၊ ဆေးဖျော်စပ်စဉ်နှင့် ဆေးပက်ဖျန်းသည့်အခါ ဥပါဒ်အန္တရာယ်မဖြစ်စေရန် လိုက်နာရမည့်အချက်များကို ရှင်းလင်းဆွေးနွေးပြီး လက်တွေ့ဆေးပက်ဖျန်း ကာကွယ်နှိမ်နင်းခြင်းကို ကွင်းဆင်းပညာပေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လက်တွေ့ကွင်းဆင်းပညာပေးဆောင်ရွက်ခြင်းများကို ရွှေလှေအုပ်စုမှ တောင်သူဦးစန်းမောင်၏ နှမ်းစပါးစိုက်ခင်း ကွင်းအမှတ်(၉၆၁)၌ စိတ်ပါဝင်စားသည့်တောင်သူဦးရေ ၂၀ ဖြင့်လည်းကောင်း၊ ရွာသာကျေးရွာအုပ်စု ကန်ဆွယ်ကျေးရွာမှ တောင်သူဦးသန်းထွန်း၏ နှမ်းစပါးစိုက်ခင်း ကွင်းအမှတ် (၉၇၇) ၌ တောင်သူ ၉ ဦးဖြင့်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

ယင်းအပြင် မိုးကြိုနှမ်းနှင့် ပဲတီစိမ်းစိုက်ခင်းများကို ကွင်းဆင်းတွေ့ရှိချက်အရ ကင်းထောက်မှတ်တမ်းယူ၍ လက်တွေ့ပညာပေးခြင်း၊ လက်တွေ့ပြသခြင်း တောင်သူပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းတို့အပြင် ထူးခြားဖြစ်စဉ်များအရ လက်တွေ့ကွင်းဆင်း ပညာပေးဆောင်ရွက်ခြင်းများလည်း ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်သီးနှံကာကွယ်ရေး တာဝန်ခံ ဦးသိန်းဝင်းထံမှ သိရသည်။

"ယခုလို လက်တွေ့ကွင်းဆင်း ပညာပေးဆောင်ရွက်ရတာကတော့ မနှစ်က မိုးရွာသွန်းမှုများလို့ ရေကြီးခဲ့ခြင်း၊ ယခုနှစ် အယ်နီညိုရာသီဥတုကြောင့် အပူလွန်ကဲခြင်း၊ မုန်တိုင်းကြောင့် မိုးရွာသွန်းမှု စတဲ့သဘာဝဘေးအန္တရာယ်များကြောင့် ကျရောက်သော ပိုးမွှားနဲ့ကိုက်ညီမယ့် ဆေးပက်ဖျန်းရန် ဆေးရွေးချယ်ပေးခြင်း၊ စနစ်တကျဆေးဖျော်စပ်နည်းမှန်ကန်စေခြင်း၊ ဆေးပက်ဖျန်းစဉ်အခါလည်း ဘေးဥပါဒ်အန္တရာယ်မဖြစ်စေရန်အတွက် နှာခေါင်းစွပ်၊ လက်အိတ်တို့အပြင် လိုက်နာရမယ့်အချက်များကို သဘောပေါက်နားလည် လက်တွေ့အသုံးပြုစေရန် ကွင်းဆင်းလက်တွေ့ဆောင်ရွက်ရပါတယ်" ဟု ဦးသိန်းဝင်းက ပြောပြသည်။

ယင်းဒေသတွင် အပူဒဏ်ကို ခံနိုင်ရည်ရှိအောင် ရေတိုရေရှည်ပေးစနစ်ဖြင့် ပဲတီစိမ်း ရေဆင်း ၁၁ နှင့် ရေဆင်း ၁၄ တို့ကိုလည်းကောင်း၊ ဗီယက်နမ်စပါး ၀၇၉ အပြင် အိန္ဒိယ Safal 11A ကိုလည်းကောင်း၊ သုည ဒသမ ၁၀ ဧကကိုလည်းကောင်း စမ်းသပ်စိုက်ပျိုးထားကြောင်း၊ ရက် ၁၀၀ စီမံကိန်းအနေဖြင့်လည်း ပွင့်ဖြူမြို့နယ် ကန်သာကျေးရွာမှ မိုးကြိုနှမ်းစိုက်တောင်သူများအား မြေသြဇာပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။

**ဖွဲ့ထက်ရှင်**

# အမှိုက်အစိုအမှိုက်အခြောက်ခွဲခြားစွန့်ပစ်ရေးညှိနှိုင်းဆွေးနွေး

**ရန်ကုန် မေ ၃၀**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ခေတ္တဒုတိယဌာနမှူးဦးဇော်ဝင်းနိုင်၊ လက်ထောက်ဌာနမှူး ဒေါက်တာခင်နှင်းအေး၊ မြောက်ပိုင်းခရိုင် ခရိုင်မှူးဦးသန်းထိုက်အောင်နှင့် ခရိုင်အရာရှိများသည် မေ ၂၈ ရက် နံနက်က မင်္ဂလာဒုံမြို့နယ် ရွာမရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ လာရောက်၍ ရပ်ကွက်နေ အိမ်ရှင်မများနှင့် မိဘပြည်သူများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံကာ မီးဖိုချောင်ထွက်အမှိုက်များကို အစိုအခြောက်ခွဲခြားပြီး သတ်မှတ်အရောင်အိတ်များဖြင့် စနစ်တကျစွန့်ပစ်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

"ဟောပြောဆွေးနွေးရတဲ့ရည်ရွယ်ချက်က ရန်ကုန်မြို့မှာ တစ်ရက်လျှင် အမှိုက်တန်ပေါင်း ၁၆၀၀ ခန့်ထွက်တော့ အဲ့ဒီအမှိုက်တွေကိုစွန့်ပစ်ရာမှာ နေရာအခက်အခဲဖြစ်လာလို့ အမှိုက်တွေကို စနစ်တကျမီးရှို့ပြီး စွမ်းအင်ထုတ်တဲ့နည်းပညာနဲ့ စတင်အကောင်အထည်ဖော်နေတာဖြစ်ပါတယ်။ ပထမစမ်းသပ်အနေနဲ့ လှော်ကားဥယျာဉ်သွားတဲ့လမ်းမှာ နေ့စဉ် တန် ၆၀ မီးရှို့ပေးနိုင်တဲ့စက်ကို တည်ဆောက်နေတာ ၇၀ ရာခိုင်နှုန်းပြီးစီးနေပါပြီ။ ကနဦးအနေနဲ့ လိုအပ်တဲ့အမှိုက်ကို မင်္ဂလာဒုံမြို့နယ်က ပေးစွမ်းနိုင်မယ်လို့ သိရတဲ့အတွက် မိဘပြည်သူတွေကို အမှိုက်အစို အမှိုက်အခြောက်ခွဲခြားစွန့်ပစ်ပေးဖို့ လာရောက်ဆွေးနွေးရခြင်းဖြစ်ပါတယ်" ဟု ခေတ္တဒုတိယဌာနမှူး ဦးဇော်ဝင်းနိုင်က ရှင်းပြသည်။

ယင်းတွေ့ဆုံဆွေးနွေးပွဲသို့ ခေတ္တဒုတိယဌာနမှူး လ/ထဌာနမှူးနှင့် မြောက်ပိုင်းခရိုင်မှူး ဌာနခွဲမှူးဦးအောင်ကျော်စိုး၊ ဌာနစုမှူးဒေါက်တာမိုးမိုး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဇော်လွင်အောင်နှင့် လ/ထအုပ်ချုပ်ရေးမှူးဦးခင်မောင်မြင့်၊ မြို့နယ်သန့်ရှင်းရေးတာဝန်ခံ ဦးတင်မျိုးထွေးနှင့် ဝန်ထမ်းများ၊ ရွာမရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြမောင်နှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ အိမ်ထောင်စုဝင်များ၊ အိမ်ရှင်မများ စိတ်ပါဝင်စားစွာတက်ရောက်ဆွေးနွေးခဲ့ကြသည်။

**(၁၉၇)**

# နတ်တလင်းမြို့မဈေးတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး စစ်ဆေးဆောင်ရွက်



**နတ်တလင်း မေ ၃၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့မဈေးတွင် မေ ၂၅ ရက် နံနက်ပိုင်း၌ ခရိုင်စားသုံးသူရေးရာဦးစီးဌာနဦးစီးမှူး၏ လမ်းညွှန်ချက်အရ မြို့နယ်စားသုံးသူရေးရာဌာနတာဝန်ခံ ဦးသန်းဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးရွှေ၊ မြို့နယ် FDA အဖွဲ့မှ ဦးစန်းလွင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာတာဝန်ရှိသူများ၊ စည်ပင်သာယာရေးအဖွဲ့နှင့် ဈေးတာဝန်ခံပါဝင်သော ပူးပေါင်းအဖွဲ့မှ ဈေးအတွင်းရောင်းချလျက်ရှိသော စားသောက်ကုန်များ၊ ကြက်သားကြက်ဥနှင့် အသားငါးများ၊ ငါးပိငါးခြောက်အရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာစန္ဒာမင်းက ယခုအခါတွင် အချို့တိုင်းဒေသကြီးရှိမြို့နယ်များတွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားလျက်ရှိကြောင်း၊ မိမိတို့မြို့နယ်အနေဖြင့်လည်း ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ရောဂါရှိနေသော ကြက်သားများအား ဈေးကွက်သို့ တင်ပို့ရောင်းချခြင်းမပြုလုပ်ကြရန် ပညာပေးဆွေးနွေးခဲ့သည်။

စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံက မိုးရာသီဝင်ရောက်နေပြီဖြစ်၍ ငါးပိ၊ ငါးခြောက်နှင့် အချို့စားသောက်ကုန်များ တွင် ယင်များမနားစေရန် ဆေးပက်ဖျန်းထားခြင်းများ မပြုလုပ်ကြရန်၊ ဖော်မလင်ကဲ့သို့ဆေးများ မပက်ဖျန်းကြရန်၊ ယင်းဆေးများပက်ဖျန်းထားပါက ယင်မနားသော်လည်း ဝယ်ယူစားသုံးသူများအတွက် ကျန်းမာရေးထိခိုက်ပါသဖြင့် မပြုလုပ်ကြရန် ဈေးရောင်းချသူများအား ပညာပေးဆွေးနွေး ပြောကြားခဲ့သည်။

**(၀၇၁)**

# စစ်မှုထမ်းဟောင်းအဖွဲ့များနှင့် သားသမီးများအား ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ကွင်းဆင်းဆေးကုသပေး



**မိတ္ထီလာ မေ ၃၀**

မိတ္ထီလာမြို့နယ် အမှတ်(၁)တပ်မတော်စစ်ဆေးရုံ ခုတင် ၅၀၀ မှ မြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဇနီး၊ သား၊ သမီးများကို ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် မေ ၂၉ ရက် နံနက် ၉ နာရီက ရန်မျိုးအောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဒုတိယအကြိမ်မြောက် ကွင်းဆင်းဆေးကုသပေးခဲ့ကြောင်း သိရသည်။

အမှတ်(၁)တပ်မတော်စစ်ဆေးရုံ ခုတင် ၅၀၀ မှ ဒုတိယတပ်မှူးဦးစီး၍ ပါရဂူများ၊ ဆေးမှူးများပါဝင်သော ဆေးကုသအဖွဲ့မှ မြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီး၊ သား၊ သမီးများကို ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ဒုတိယအကြိမ်မြောက် ကွင်းဆင်းဆေးကုသမှုများ ပြုလုပ်ပေးရာ ဆေးကုသမှုခံယူသူ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၄၉ ဦးနှင့် ၎င်းတို့၏ ဇနီး၊ သား၊ သမီး ၅၅ ဦး စုစုပေါင်း ၁၀၄ ဦးတို့အား ဆေးကုသမှုများ ပြုလုပ်ပေးနိုင်ခဲ့သည်။

ယင်းသို့ ကွင်းဆင်းဆေးကုသမှုကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ကူညီပေးခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# သူနာပြုနှင့်သားဖွားသင်တန်းကျောင်းတွင် ဂျူတီကုတ်နှင့်ဦးဆောင်းအပ်နှင်း

**ကလေး မေ ၃၀**

ကျန်းမာရေးဝန်ကြီးဌာန ဆေးဖက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၏ အပတ်စဉ်(၁)၊ သူနာပြုသားဖွားဒီပလိုမာ သုံးနှစ်သင်တန်း ပထမနှစ်သင်တန်းသား၊ သင်တန်းသူများ၏ ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းပွဲအခမ်းအနားကို မေ ၂၆ ရက် နံနက် ၉ နာရီက ကလေးမြို့ သူနာပြုသားဖွားသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကလေးမြို့ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးမင်းက အဖွင့်အမှာစကားပြောကြားပြီးနောက် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝေဝေလွင်က ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သင်တန်းသူ၊ သင်တန်းသားများအား မိတ်ဆက်စကား ပြောကြားခဲ့သည်။

ယင်းနောက် သင်တန်းသူ၊ သင်တန်းသား ၈၀ ဦးတို့အား ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းခြင်းကို သူနာပြုနှင့်သားဖွားသင်တန်းကျောင်းအုပ်ဆရာမကြီး၊ သားဖွားသင်တန်းကျောင်းမှ နည်းပြဆရာမနှင့် သူနာပြုဆရာကြီးတို့က အသီးသီးအပ်နှင်းကြရာ ဆုရကျောင်းသူများကို ကလေးမြို့ဆေးရုံအုပ်ကြီး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့မိမြို့ဖတစ်ဦးတို့က အသီးသီး ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ယင်းနောက် သင်တန်းသား၊ သင်တန်းသူများက သူနာပြုသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ကလေးမြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းသည် နိုင်ငံတော်၏ ကျန်းမာရေးဆိုင်ရာ မူဝါဒများနှင့်အညီ ဒေသခံပြည်သူတို့၏ ရင်သွေးများဖြစ်ကြသော လူငယ်များအား အသက်မွေးဝမ်းကျောင်းမှုအတတ်ပညာတစ်ရပ်ဖြစ်သည့် သူနာပြုနှင့်သားဖွားအတတ်ပညာများ တတ်မြောက်စေ၍ အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ မိမိတို့ဒေသရှိ ပြည်သူတို့၏ ကျန်းမာရေးကို မိမိတို့ကိုယ်တိုင် စောင့်ရှောက်မှုပေးနိုင်စေရန်ရည်ရွယ်၍ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**



# နတ်မဟုတ်ကလေးရွာတွင် အေးချမ်းသာယာတံတား ပြုပြင်

**အင်းတော် မေ ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နတ်မဟုတ်ကလေးရွာရှိ 'အေးချမ်းသာယာ တံတား' အား ကျေးရွာအုပ်ချုပ်ရေးမှူးဦးပေါ်ထွန်း ဦးဆောင်ပြီး ရွာသူရွာသားများ စုပေါင်းကာ ဟောင်းနွမ်းပျက်စီးနေသော တံတားမော်တော်ပျဉ်များနှင့် ကြမ်းခင်းများအား အသစ်လဲလှယ်ခြင်းလုပ်ငန်းများကို မေ ၂၉ ရက် နံနက်ပိုင်းက လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီတံတားက ၂၀၀၇ ခုနှစ်ကတည်းက တည်ဆောက်ခဲ့တာဆိုတော့ ကိုးနှစ်ရှိပြီဖြစ်ပြီး တံတားမော်တော်ပျဉ်များဟာ ဟောင်းနွမ်းပျက်စီးနေတာတွေများလာပြီး ယာဉ်ကြီး၊ ယာဉ်ငယ် ဆိုင်ကယ်တွေနဲ့ နွားလှည်းများပါသွားလာလို့အဆင်မပြေတာကြောင့် မော်တော်ပျဉ်များနဲ့ဟောင်းနွမ်းနေသော ကြမ်းခင်းများကို အသစ်လဲလှယ်ပြုပြင်တာဖြစ်ကြောင်း နတ်မဟုတ်ကလေးရွာ အုပ်ချုပ်ရေးမှူး ဦးပေါ်ထွန်းက ပြောသည်။

"တံတားအရှည်က ပေ ၁၆၀၊ အကျယ် ၁၁ ပေ၊ အမြင့် ၁၈ ပေရှိပါတယ်။ ဒီတံတားက ကျွန်တော်တို့ ရွာသားများသာမက ပတ်ဝန်းကျင်ရွာတွေဖြစ်တဲ့ ဆည်ရွာ၊ ပေပင်၊ မန်လည်ဒေသ ၁၅ ရွာမှ အင်းတော်မြို့သို့ နေ့စဉ်အသွားအလာမပြတ်အသုံးပြုလျက်ရှိပြီး၊ ကျွန်တော်တို့ ရွာကို ချောင်းနှစ်ချောင်းက ရွာအလယ်တွေကို ခွဲထွက်စီးဆင်းနေပြီး ဒီတံတားက အင်းတော်အင်းရဲ့ထွက်ပေါက်ချောင်းပေါ်မှာ တည်ဆောက်ထားတာဖြစ်တာကြောင့် ရှည်လည်းရှည်တယ်။ တန်ဖိုးလည်းကြီးတယ်။ နောက်ကို ဒီလိုသစ်သားတံတားတစ်စင်းရဖို့မလွယ်ကူတော့ပါဘူး။ မိုးတွင်းကာလမှာတောင်သူတွေအတွက်အဓိကအရေးကြီးဆုံးသောတံတားတစ်စင်းဖြစ်ပါတယ်" ဟု တံတားပြုပြင်ရေးကော်မတီဝင် ဦးအေးလွင်ကပြောသည်။

အဆိုပါတံတားမှာ အင်းတော်အင်းပတ်လမ်း ဖြတ်သန်းရာတွင်ပါဝင်နေပြီး ကျောက်ချောလမ်းအဖြစ် တည်ဆောက်ပြီးစီးသွားပါက နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး ယာဉ်ကြီး၊ ယာဉ်ငယ်များ၊ သုံးဘီးဆိုင်ကယ်များ ပေပင်၊ သက္ကယ်ကျင်းကျေးရွာများမှ အင်းတော်-ဗန်းမောက်မြို့များသို့ လွယ်ကူစွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်ချစ်လင်း**

# ကျောက်ပန်းတောင်းမြို့ သောက်သုံးရေတင်ပို့မှုအခက်အခဲမရှိစေရေးအတွက် ပုဂံမြန်မာကုမ္ပဏီမှ ၅၀၀၀ ကေဗွီ မီးစက်တစ်လုံးပေးအပ်လှူဒါန်း

**ကျောက်ပန်းတောင်း မေ ၃၀**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့ရေပေးဝေရေးလုပ်ငန်း၌ အသုံးပြုရန်အတွက် ပုဂံမြန်မာကုမ္ပဏီလီမိတက်မှလှူဒါန်းသော ၅၀၀၀ ကေဗွီ မီးစက်နှင့် အဆောက်အအုံလွှဲပြောင်းပေးအပ်လှူဒါန်းပွဲကို မေ ၂၈ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က ဆည်ပေါက်ကျေးရွာ အမှတ်(၁) စက်ရေတွင်း ရေစက်ရုံဝင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်အားပေးချီးမြှင့်ပြီး အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ အလှူရှင် ပုဂံမြန်မာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးမျိုးမင်းဦးက မီးစက်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး မီးစက်နှင့်ပတ်သက်သောစာရွက်စာတမ်းများကို မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုကြီးထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အလှူရှင် ဦးမျိုးမင်းဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပြီး မြို့နယ်စည်ပင်သာယာကော်မတီဥက္ကဋ္ဌ ဦးကိုကိုကြီးက မြို့မိမြို့ဖများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ယင်းနောက် မီးစက်နှင့်အဆောက်အအုံသစ်ကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရွှေကို၊ ကျောက်ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

ယင်းနေ့က လွှဲပြောင်းပေးအပ်သည့် ၅၀၀၀ ကေဗွီမီးစက်မှာ ဆည်ပေါက်စက်ရေတွင်းများမှထွက်သော ရေနှင့် ပုပ္ပားမှရေတို့ကိုပေါင်းစပ်၍ ကျောက်ပန်းတောင်းမြို့လူထုသောက်သုံးရန်အတွက် ရေတင်စက်ဖြင့်တင်ပို့ရာတွင် လျှပ်စစ်မီးပျက်ပါက အစားထိုးခုတ်မောင်း၍ မြို့ရေပေးဝေရေး ပြတ်လပ်မှုမရှိစေရန် ရည်ရွယ်လှူဒါန်းခြင်းဖြစ်သဖြင့် မြို့တွင်း သောက်သုံးရေဖြန့်ဝေမှုများ ပြတ်လပ်မှုမရှိစေရန် ယခင်ထက်ပိုမိုဖြန့်ဝေပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမီးစက်နှင့် အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေကို၊ ကျောက်ပန်းတောင်းမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်၊ အလှူရှင် ပုဂံမြန်မာကုမ္ပဏီဥက္ကဋ္ဌ ဦးမျိုးမင်းဦးနှင့် ဝန်ထမ်းများ၊ ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့် ကော်မတီဝင်များ၊ ဝန်ထမ်းများ၊ မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

# ရှေ့ဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများ နှစ်ပတ်လည်သုံးသပ်ပွဲ အခမ်းအနား အင်းတော်တွင် ကျင်းပ

**အင်းတော် မေ ၃၀**
ရှေ့ဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများ နှစ်ပတ်လည်သုံးသပ်ပွဲ အခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ၂၀၁၆ ခုနှစ် မေ ၂၈ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ကျွန်မတို့ ကျေးရွာမှာ မိခင်ဆွေးနွေးဝိုင်းလုပ်ဖို့ ကျေးရွာအတွင်းရှိ မိခင်တွေကို ပြောပြပါတယ်။ ဒီလိုပြောတဲ့အခါမှာ ကျေးရွာမှာရှိတဲ့မိခင်တွေက မအားရတာနဲ့၊ စိတ်မဝင်စားတာတွေနဲ့ ဆွေးနွေးဝိုင်းလုပ်ဖို့ အလွန်ခက်ခဲပါတယ်။ နောက်တော့ တဖြည်းဖြည်းနဲ့ စိတ်ဝင်စားလာကြပါတယ်။ အခုဆို မိခင်ဆွေးနွေးဝိုင်းရှိတယ်ဆိုပြီး ကြိုရောက်နှင့်နေကြပြီ၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ဆွေးနွေးလာကြတယ်။

'ကိုယ့်ရင်သွေးတွေ၊ ကိုယ့်ကလေးတွေအတွက် မိခင်တွေဘယ်လို နေထိုင်ရမယ်၊ ကလေးတွေကို ဘယ်လိုပြုစုပျိုးထောင်ပေးရမယ်ဆိုတဲ့ အသိစိတ်တွေ ရှိလာကြပါတယ်။ တချို့မိခင်တွေဆို ကဗျာတွေစပ်တတ်လာကြတဲ့အထိ တိုးတက်လာကြပါပြီ။ ဒီလို မိခင်တွေ အသိဉာဏ်တွေတိုးတက်လာတော့ ကျွန်မတို့ မိခင်ဆွေးနွေးဝိုင်းတွေအနေနဲ့ ဝမ်းသာဂုဏ်ယူမိပါတယ်" ဟု အလယ်ဆိပ်ကျေးရွာမှ မိဘပညာပေး ဦးဆောင်သူ ကိုယ်စားလှယ်တစ်ဦးက ပြောသည်။

အင်းတော်မြို့နယ်တွင် ကလေးသူငယ်ပြုစုပျိုးထောင်ရေးဌာနကို ၂၀၁၄- ၂၀၁၅၊ ၂၀၁၅-၂၀၁၆၊ ၂၀၁၆-၂၀၁၇ အထိ သုံးနှစ်စီမံချက်နှင့် ချမှတ်ဆောင်ရွက်ခဲ့တာဖြစ်ပြီး ပထမနှစ်တွင် ကျေးရွာ ၁၀ ရွာ၊ ဒုတိယနှစ်မှာ ၁၀ ရွာ ဖွင့်လှစ် သွားမည်ဖြစ်ပြီး တတိယနှစ်တွင် ဖွင့်လှစ်ပြီးသော ကလေးသူငယ်ပြုစုပျိုးထောင်ရေးဌာနတွေကို ရှင်သန်ခိုင်မာအောင်နှင့် ရေရှည်ရပ်တည်နိုင်အောင် နည်းပညာများ ဆက်လက်ပံ့ပိုးပေးပြီး ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်နှင့် ရင်သွေးငယ် ဖောင်ဒေးရှင်းမှ အုပ်ချုပ်မှု ဒါရိုက်တာ ဒေါ်နွယ်နွယ်အောင်တို့က အဖွင့်အမှာစကားပြောကြားပြီး Plan Myanmar မှ ဦးသက်နိုင်လင်းက စီမံချက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများအား ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်ပြီး စီမံချက်ကျေးရွာရှိပညာပေး ဦးဆောင်သူ ကိုယ်စားလှယ်များက အသီးသီး ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**ကျော်မြိုင်**

# ကျောက်မဲမြို့တွင် ဌာနပေါင်းစုံ အငြိမ်းစားဝန်ထမ်းများအသင်း နှစ်ပတ်လည် စုံညီအစည်းအဝေးကျင်းပ

**ကျောက်မဲ မေ ၃၀**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ ဌာနပေါင်းစုံ အငြိမ်းစားဝန်ထမ်းများအသင်း နှစ်ပတ်လည်စုံညီ အစည်းအဝေးကို မေ ၂၈ ရက် နံနက် ၉ နာရီက မြို့ကျက်သရေဆောင်ခန်းမ၌ ကျင်းပခဲ့ရာ သဘာပတိအဖြစ် အငြိမ်းစားဆရာဝန်ကြီး ဒေါက်တာခင်မောင်ရီက ဆောင်ရွက်ပြီး အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ ကျောက်မဲခရိုင် အုပ်ချုပ်ရေးမှူး ဦးထင်ကျော်အေးက ဖြည့်စွက်၍မှာကြားခဲ့ပြီး တွဲဖက်အတွင်းရေးမှူး ဦးကျော်ငွေးက အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ဘဏ္ဍာရေးစည်းမျဉ်းကို ဖတ်ကြားခဲ့သည်။ အတွင်းရေးမှူး ဦးကျော်လွင်က နာရေးကူညီမှုအနေဖြင့် အသင်းသားငါးဦး ကွယ်လွန်သဖြင့် တစ်ဦးလျှင် ကျပ် ၇၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၃၅၀၀၀၀၊ အသင်းဝင်မိသားစု လေးဦး ကွယ်လွန်သဖြင့် တစ်ဦးလျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၂၀၀၀၀၊ ကျန်းမာရေးစောင့်ရှောက်မှုတွင် အသင်းသား ၂၃ ဦးအတွက် တစ်ဦးလျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၄၃၆၉၀၀၊ ပညာရေးထောက်ပံ့မှုတွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူအား ငွေကျပ် ၅၀၀၀၀၊ တစ်ဘာသာဂုဏ်ထူးရှင်အား ကျပ် ၁၆၀၀၀ တန်ဖိုးရှိ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်နိုင်ခဲ့သည့်အပြင် ဘာသာရေး၊ ယဉ်ကျေးမှုနှင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့ရသောဒေသများသို့ ထောက်ပံ့ငွေနှင့် အဝတ်အထည်များကိုလည်း ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် တက်ရောက်လာသော အငြိမ်းစားဝန်ထမ်းများက ကူညီထောက်ပံ့ပေးမှုနှင့် ပတ်သက်၍ မေးမြန်းသည်များကို ဦးကျော်လွင်က ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ပြီး အမှုဆောင်အသစ်များကို ပြန်လည်ရွေးချယ်ခဲ့ကာ အသက်(၈၀)နှင့်အထက် အငြိမ်းစားဝန်ထမ်း ၂၄ ဦးအား လက်ဆောင်ပစ္စည်းများဖြင့် ဂါရဝပြုထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ကျောက်မဲ(ခရိုင်ပြန်/ဆက်)**

# ကျွန်းလှမြို့တွင် ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်

**ကျွန်းလှ မေ ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ ပျဉ်းမမြိုင်ရပ်ကွက် အောင်ဇေယျလမ်းအား မေ ၂၉ ရက်က ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ကြောင်း သိရသည်။

ယင်းလမ်းမှာယခင်က မြေသားလမ်းသာဖြစ်ပြီး မိုးရာသီတွင် သွားလာရေးခက်ခဲခြင်းကြောင့် ယခုအခါ ကျောက်ချောလမ်းအရှည်ပေ ၂၅၀၀၊ အကျယ် ၁၁ ပေနှင့် ဝဲယာချဉ်းကပ်လမ်းကိုအလှူရှင်၊ ပြည်သူများပူးပေါင်း၍ ခင်းနေကြောင်း သိရသည်။

အဆိုပါကျောက်ချောလမ်းအား အလှူရှင်ဦးစောထက်ဇော် (၃၃၃ အုတ်စက်) မိသားစုတို့က ကျောက်၊ ဂျင်းမြေ၊ လမ်းကြိတ်စက်ဆီဖိုးပါ လှူဒါန်းခြင်းဖြစ်ပြီး လုပ်အားပေးရပ်ကွက်နေပြည်သူများကိုလည်း စားသောက်ဖွယ်မျိုးစုံဖြင့် ဧည့်ခံကျွေးမွေးကြကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



# ရေအခက်အခဲရှိသည့် ဆည်တောကျေးရွာတွင် သောက်သုံးရေသွားရောက်လှူဒါန်း

**ကလေး မေ ၃၀**
ကလေးမြို့နယ် ရွာစည်ရွာသာကျေးရွာအုပ်စု ဆည်တောကျေးရွာရှိ အိမ်ခြေ ၄၀၃ အိမ်၊ လူဦးရေ ၂၄၀၀ ခန့်တို့အတွက် အသုံးပြုသော ရေတွင်း၊ ချောင်း၊ မြောင်းရေများ နောက်လျက် သောက်သုံးရေပြတ်လပ်မှုဖြစ်ခဲ့ရာ မေ ၂၈ ရက် နံနက်ပိုင်းက သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

အဆိုပါသောက်သုံးရေလှူဒါန်းရာတွင် ကလေးမြို့နယ် ရဲတပ်ဖွဲ့ မှူး နှင့် အဖွဲ့ဝင် ၁၁ ဦး၊ မြောက်စည်းနယ်မြေစခန်းမှူး ရဲအုပ်မြင့်စိုးနှင့်အဖွဲ့ဝင်ခြောက်ဦး၊ ခရိုင်မီးသတ်တပ်ဖွဲ့ မှ တပ်ကြပ်ကြီးလှမျိုးနှင့် အဖွဲ့ဝင်သုံးဦးတို့ ပူးပေါင်း၍ ရေဂါလန် ၁၆၀၀ ဆံ့ ခရိုင်မီးသတ်မော်တော်ယာဉ်တစ်စီး၊ ရေဂါလန် ၁၂၀၀ ဆံ့ မော်တော်ယာဉ် တစ်စီးတို့ဖြင့် နှစ်ခေါက်စီ သွားရောက်၍ စုစုပေါင်း ရေဂါလန် ၅၆၀၀ ကို သွားရောက်လှူဒါန်းခဲ့ကြရာ ကျေးရွာနေပြည်သူများသည် သောက်သုံးရေလှူဒါန်းသွားသော ကလေးမြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးနှင့် ပူးပေါင်းရေလှူဒါန်းသူများအားလုံးကို ကျေးဇူးတင်လျက်ရှိသည်။

**ဂျိုးနက်**

# ကလေးမြို့နယ်ကို မိုးရာသီစိုက်ပျိုးစရိတ် ကျပ်သိန်းပေါင်း ကိုးသောင်း ထုတ်ချေးမည်

**ကလေး မေ ၃၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်းရှိ ဒေသခံ တောင်သူများအတွက် ၂၀၁၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေအဖြစ် ကျပ်သိန်းပေါင်းကိုးသောင်းကို မေ ၃၁ ရက်မှ စတင်၍ ထုတ်ချေးတော့မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ၂၀၁၄ ခုနှစ်တုန်းက လယ်တစ်ဧကကို တစ်သိန်းနှုန်းနဲ့ ကလေးမြို့နယ်အတွင်း ကျေးရွာအုပ်စု ပေါင်း ၆၀ ကို ထုတ်ချေးပေးခဲ့တယ်။ ပြီးခဲ့တဲ့နှစ် ၂၀၁၅ ခုနှစ် ရေကြီးရေလျှံတဲ့အတွက် ကျေးရွာပေါင်း ၅၉ အုပ်စု ဖြစ်သွားတယ်။ အခုနှစ် လျာထားသတ်မှတ်လယ်ဧက ၅၂၀၈၅ ဧကကို တစ်ဧကတစ်သိန်းခွဲနှုန်းချေးပေးမယ်။ ပြီးခဲ့တဲ့နှစ်ထက် လယ်တစ်ဧကပေါ်မှာ ကျပ်ငွေ ၅၀၀၀၀ တိုးလာတယ်။ အကျေဆပ်၊ အသစ်ချေးစနစ်ဖြစ်ပါတယ်" ဟု မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးကျော်လွင်က ပြောသည်။

ကလေးမြို့သည် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် မိုးရာသီတွင် ရေကြီးရေလျှံမှုဖြစ်ပွားသည့်အတွက် အချို့မိုးတွင်းစိုက်ပျိုးစရိတ်ချေးငွေများ ပေးဆပ်မှုမရှိသေးသော တောင်သူများရှိကြောင်း သိရသည်။ သက်ဆိုင်ရာ၏ ထုတ်ပြန်ကြေညာချက်များအရ ပြီးခဲ့သည့်မိုးရာသီ ချေးငွေချေးသည့်ကျေးရွာအုပ်စုပေါင်း ၅၉ စုဖြစ်ပြီး ကျေးရွာ ၂၁ စု ပေးဆပ်ရန်ကျန်နေသေးကြောင်း ၎င်းကပြောသည်။

ပြီးခဲ့သည့်နှစ် မိုးချေးငွေများမှရငွေ ၄၈၃၉၈ ဒသမ ၇ သိန်းဖြစ်ပြီး ကြွေးကျန်ငွေ ၃၆၈၆ ဒသမ ၃ သိန်းဖြစ်ကြောင်း ဦးကျော်လွင်က ပြောသည်။

"ရာခိုင်နှုန်းနှင့်တွက်မယ်ဆိုရင် ၉၃ ရာခိုင်နှုန်းပြန်ဆပ်နေကြပြီလို့ဆိုနိုင်ပါတယ်။ ကျွန်တော်တို့ခေတ်အဆက်ဆက် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေမှာ အခုခေတ်ထဲချေးလို့လည်း လွယ်ကူသလို ရငွေလည်းများတယ်။ သုံးဦးအုပ်စုဖွဲ့ချေးတဲ့စနစ်၊ တစ်ယောက်ချေးငွေမကျေရင် ကျန်တဲ့သူလည်း ချေးလို့မရဘူး။ နောက်ပြီး အတိုးနှုန်းကလည်း ၆၇ ပြားတိုးနဲ့ချေးတာဖြစ်ပါတယ်" ဟု ဦးကျော်လွင်ကပြောသည်။

**ပန်သခင်(ကလေး)**



# အများပြည်သူသွားလာသောလမ်းပေါ်တွင် ကျူးကျော်ဖွင့်လှစ်ထားသော ဆိုင်များအား ပညာပေးခြင်းများ ဆောင်ရွက်

**မန္တလေး မေ ၃၀**

မန္တလေးမြို့တွင် အများပြည်သူသွားလာသော လမ်းများပေါ်တွင် ကျူးကျော်ဖွင့်လှစ်ထားသော ဆိုင်များအား ပညာပေးခြင်း၊ ခေါ်ယူတွေ့ဆုံသတိပေးခြင်းနှင့် အရေးယူခြင်းများကို ဆောင်ရွက်လျက်ရှိရာ မေ ၂၇ ရက်ညနေ ၃ နာရီက မဟာအောင်မြေမြို့နယ်အတွင်းရှိ တက္ကသိုလ်ရပ်ကွက်နှင့် စကြာနွယ်စဉ်ရပ်ကွက်တို့၌ မြို့နယ်အဆင့်ဖွဲ့စည်းထားသော မြေယာကျူးကျော်မှု အရေးယူဆောင်ရွက်ရေးကော်မတီအဖွဲ့ဝင်များသည် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မဟာအောင်မြေမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် မြို့နယ်အဆင့် မြေယာကျူးကျော်မှု အရေးယူဆောင်ရွက်ရေးကော်မတီအဖွဲ့ဝင်များသည် မေ ၂၇ ရက်က ကွင်းဆင်းဆောင်ရွက်ရာတွင် လမ်းပေါ်၌ ကျူးကျော်ဖွင့်လှစ်ထားသည့် ဈေးဆိုင် ၅၂ ဆိုင်ကို တွေ့ဆုံပညာပေးဆောင်ရွက်ခဲ့သည်။

ဆိုင်ရှင်လေးဦးအား မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ခေါ်ယူတွေ့ဆုံ သတိပေးခဲ့ပြီး ကားဖြင့် Mobile ဓာတ်ဆီရောင်းချသော ဆိုင်နှစ်ဆိုင်နှင့် အခြားဆိုင်တစ်ဆိုင်ကို စည်ပင်သာယာရေးဥပဒေဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



မဟာအောင်မြေမြို့နယ်အတွင်း လမ်းများပေါ်တွင် ကျူးကျော်ဖွင့်လှစ်ထားသောဆိုင်များ ကွင်းဆင်းစစ်ဆေးခြင်းကို အပတ်စဉ် သောကြာနေ့နှင့် စနေနေ့တို့တွင် မြို့နယ်အဆင့် မြေယာကျူးကျော်မှု အရေးယူဆောင်ရွက်ရေးကော်မတီအဖွဲ့ဝင်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# ကော့သောင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြေစိုက်နံရံကပ်ဘုတ် ခင်းကျင်းပြင်ဆင်

**ကော့သောင်း မေ ၃၀**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများအဖြစ် ပြန်ကြားပေးခြင်း၊ အသိပညာပေးခြင်း၊ ဖျော်ဖြေပေးခြင်းလုပ်ငန်းများအား စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မေ ၂၈ ရက် မွန်းလွဲပိုင်းက ဦးစီးဌာနပိုင် မြေစိုက်နံရံကပ်ဘုတ်တွင် အများပြည်သူသို့ အသိပညာပေးခြင်းနှင့် ပြန်ကြားပေးခြင်းလုပ်ငန်းများအဖြစ် ဗဟုသုတဖြစ်ဖွယ်အကြောင်းအရာများနှင့် ဓာတ်ပုံများ ခင်းကျင်းပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ဆောင်ရွက်မှုတွင် မြို့နေပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ လာအိုနိုင်ငံခရီးစဉ် မှတ်တမ်းဓာတ်ပုံကြီးများ၊ မိုးရာသီကာလ နိုင်ငံနှင့်အဝှမ်းဖြစ်ပွားတတ်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လေပြင်းတိုက်ခတ်ခြင်း ဘေးအန္တရာယ်များကျရောက်လာပါက ပျက်စီးဆုံးရှုံးမှုများ လျော့နည်းရေး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရန်၊ ရှောင်ရန်၊ ဆောင်ရန်နှင့် သိသင့်သိထိုက်သည့် အချက်အလက်များ၊ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်နှင့် ကာကွယ်တားဆီးမှုလုပ်ငန်းများ၊ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက်ရက် ၁၀၀ စီမံချက်လှုပ်ရှားမှု သတင်းအချက်အလက်များ ဖော်ပြပါရှိသည့် ပညာပေးပိုစတာကြီးများနှင့် လက်ကမ်းစာစောင်များ၊ ကျန်းမာရေးနှင့်သက်ဆိုင်သည့် ပညာပေးသတင်းအချက်အလက်ပါ ပိုစတာကြီးများနှင့် အခြားကောင်းနိုးရာရာ အသိပညာပေးသတင်းအချက်အလက်များအား ဓာတ်ပုံများ၊ စာသားများဖြင့် ရေးသားဖော်ပြကာ အများပြည်သူ ကြည့်ရှုလေ့လာချင်စဖွယ် ခင်းကျင်းပြင်ဆင်ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း-ပြန်/ဆက်)**

# မြို့သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ဝက်လက် မေ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးကို မေ ၂၈ ရက် နံနက် ၇ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

မန္တလေး-ရွာသာကြီး-ဝက်လက် ကားလမ်းဘေး မြို့အဝင်လမ်းဘေးရှိ ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပေါင်းမြက်များရှင်းခြင်းများကို ဝက်လက်မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

စုပေါင်းသန့်ရှင်းရေးပြုလုပ်ရာသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း၊ ဦးစိုးဝင်းထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဌ ဦးကျော်မြင့်လှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက် ၁၊ ၂၊ ၃ အုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေးစာရေးဝန်ထမ်းများ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

# ၂၀၁၆–၂၀၁၇ ပညာသင်နှစ်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ပေးအပ်

**မောက်မယ် မေ ၃၀**

ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ် ရဲတပ်ဖွဲ့ရန်ပုံငွေ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ မြန်မာရဲတပ်ဖွဲ့မိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ မေ ၂၇ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းအောင်က အမှာစကားပြောကြားပြီး အထက်တန်းအဆင့် ကျောင်းသားနှစ်ဦးအား ထီးတစ်လက်စီနှင့် ဗလာစာအုပ်တစ်ဒါဇင်စီ၊ အလယ်တန်းအဆင့် ကျောင်းသားငါးဦးအား ထီးတစ်လက်စီ၊ ကျောင်းဝတ်စုံတစ်စုံစီ၊ ဗလာစာအုပ်ခြောက်အုပ်၊ မူလတန်းအဆင့် ကျောင်းသားငါးဦးအား မိုးကာအင်္ကျီတစ်ထည်စီ၊ ကျောင်းဝတ်စုံတစ်စုံစီ ၊ ဗလာစာအုပ်ခြောက်အုပ်စီကို ထောက်ပံ့ပေးအပ်ခဲ့သည်။ **စိုင်းမျိုးသန့်(ပြန်/ဆက်)**

# ရိခေါဒါရ်မြို့၌ ကျောင်းသားလူငယ်များ စာပေဗဟုသုတရရှိရန် နယ်လှည့်စာအုပ်ပြပွဲ ပြုလုပ်

**ရိခေါဒါရ် မေ ၃၀**

ရိခေါဒါရ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပညာရေးစာသင်ကျောင်းအပ်နှံသူ ကျောင်းသား၊ ကျောင်းသူများ ကျောင်းပြင်ပစာပေဗဟုသုတရရှိရန်နှင့် ကျောင်းသားမိဘပြည်သူများအတွက် အလွယ်တကူစာအုပ်စာစောင်များ ဖတ်ရှုနိုင်ရေးအတွက် နယ်လှည့်စာအုပ်ပြပွဲကို မေ ၂၅ ရက် နံနက် ၁၀ နာရီခွဲက အမှတ်(၂)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရိခေါဒါရ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်လက်ထောက်-၃ ဒေါ်နှိဒ်ရ်စင်ပါရ်က ပြည်သူ့စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ၊ အများပြည်သူတို့၏ လူနေမှုဘဝမြှင့်တင်ရေးအတွက် စာအုပ်စာပေဖတ်ရှုလေ့လာခြင်း၏ အရေးကြီးပုံတို့ကို ဆွေးနွေးဟောပြောပြီး ခင်းကျင်းပြသထားသော စာအုပ်စာစောင်များကို ကျောင်းအပ်နှံသူ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများက စိတ်ဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြသည်။



"ကျွန်မတို့ အ-ထ-က (ခွဲ) ကျောင်းဟာ ပြည်သူ့စာကြည့်တိုက်နဲ့ အလှမ်းဝေးတော့ ကျောင်းသားလူငယ်တွေအနေနဲ့ စာအုပ်စာစောင်ငှားရမ်းဖတ်ရှုနိုင်ဖို့ အခက်အခဲရှိပါတယ်။ အခုလို မြို့ပေါ်ပြန်/ဆက်က ဆရာမတို့ ကျောင်းအရောက် စာအုပ်ပြပွဲလာရောက်ပြုလုပ်ပေးတဲ့အတွက် အတိုင်းမသိကျေးဇူးတင်ပါတယ်။ ကျောင်းသားလူငယ်တွေရဲ့ သင်ကြားရေးအတွက်လည်း သင်ထောက်ကူအနေနဲ့ တစ်ဖက်တစ်လမ်းကနေ အထောက်အကူပြုသွားကြမှာပါ။ နောက်ကိုလည်း အခါအားလျော်စွာ ပြုလုပ်ပေးစေလိုပါတယ်" ဟု ကျောင်းဆရာမ ဒေါ်ဆုန်းကျင်က ပြောသည်။

ယင်းကဲ့သို့ ပြန်/ဆက်ဦးစီးဌာနအနေဖြင့် နယ်လှည့်စာကြည့်တိုက်စာအုပ်ပြပွဲ ဆောင်ရွက်ခြင်းသည် ပြည်သူ့စာကြည့်တိုက်သို့ လာရောက်ရန်ခက်ခဲပြီး နေရာဒေသအလှမ်းဝေးသည့် ရပ်ကွက်၊ ကျေးလက်နေပြည်သူများ လွယ်လင့်တကူ စာအုပ်စာစောင်ဖတ်ရှုလေ့လာငှားရမ်းနိုင်စေရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ရာ အဆိုပါ နယ်လှည့်စာအုပ်ပြပွဲကို ပထမရက် ၁၀၀ စီမံချက်အတွင်း ငါးကြိမ် ဆောင်ရွက်သွားရန် စီစဉ်လျာထားကြောင်း ပြန်/ဆက်ဦးစီးမှူး ဦးလာမ်ပက်လောမ်ထံမှ သိရသည်။

**ဓိုဟေဆာ**

in partnership with STRATEGY FIRST INSTITUTE




STAMFORD INTERNATIONAL UNIVERSITY

LAUREATE INTERNATIONAL UNIVERSITIES®

သင်ကြားမည့်ဘာသာရပ်များ

1. Managing Organization
2. Measuring Business Performance
3. Marketing
4. Managing Operations
5. Managing Corporate Finance
6. Data Driven Decision Making
7. Strategy for Business Success
8. International Business Management
9. Managing Innovation and Change
10. Human Resources Management
11. Logistics and Supply Chain Mgt
12. Entrepreneurship + Independent Study







# SIGNATURE M.B.A

Strategy First ၏ မိတ်ဖက်ဖြစ်သော Stamford International University (Thailand) မှ MBA program ကို စတင်သင်ကြားပေးမည်ဖြစ်ပါသည်။

Stamford International University သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး အဆင့်မြင့်ပညာ အဖွဲ့အစည်းကွန်ရက်ကြီးဖြစ်သော Laureate (http://laureate.net) တက္ကသိုလ်များထဲမှ တစ်ခုဖြစ်ပါသည်။ Laureate International University သည် အမေရိကန်အခြေစိုက် ကမ္ဘာ့အကြီးဆုံး ပုဂ္ဂလိကတက္ကသိုလ်အဖွဲ့ကြီးတစ်ခုဖြစ်ပြီး ကမ္ဘာအနှံ့ တက္ကသိုလ်ပေါင်း (၈၀) ကျော်ကို ပိုင်ဆိုင်ပါသည်။ ထိုတက္ကသိုလ်များတွင် ကျောင်းသား၊ ကျောင်းသူ (၁) သန်းခန့် တက်ရောက်နေပါသည်။

ဘန်ကောက် Stamford International University တွင် သင်ကြားပေးနေသည့် နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ၊ ဆရာမများမှအင်္ဂလိပ်ဘာသာဖြင့်သင်ကြားပေးမည်ဖြစ်ပါသည်။ မအားလပ်သောအလုပ်ခွင်မှ အရာရှိများအတွက် အဆင်ပြေစေရန် အတန်းချိန်များသည် ရုံးပိတ်ရက်များနှင့် ရုံးချိန်လွတ်(တစ်ပတ်ခြား) သင်တန်းချိန်များဖြစ်ပါသည်။ (၁၈) လကြာမြင့်ပါမည်။

- သင်တန်းများကို ဇွန်လ (၄) တွင် စတင်ပါမည်။
  သင်တန်းအပ်လက်ခံမည့် နောက်ဆုံးရက် - ဇွန်လ (၂) ရက်
- သင်တန်းအတွက်သင်တန်းကြေးကို (၁၅) ကြိမ်အထိအရစ်ကျပေးသွင်းနိုင်ပါသည်။ Installment plan ဖြင့်ပေးသွင်းရန် လျှောက်ထားနိုင်ပါသည်။

#8, Ground Floor, Panchan Tower,
Myaynigone, Sanchaung Tsp.

**Apply now: (09) 450177770**

Please Note: STRATEGY FIRST does not render its services to tobacco, alcohol and MLM enterprises and their employees.

**Congratulations for**
**Factory Opening of**
**Kansai Paint Myanmar Co., Ltd.**

H.J UNKEL (M) SDN.BHD

လှိုင်မင်းလတ်
စာရင်းကိုင်သင်တန်း November Series / 2016
LCCI Diploma in IFR
Computerised Accounting

| Level I+II | | သင်တန်းချိန် | စမည့်ရက် |
|---|---|---|---|
| Sec(A) | Sat+Sun | 7-9 (am) | 18.June |
| Sec(B) | Sat+Sun | 9-11 (am) | 25.June |
| Sec(C) | Sun | 11-3 (pm) | 26.June |
| Sec(D) | Mon+Tue | 6-8 (pm) | 4.July |
| Sec(E) | Sat | 11-3 (pm) | 2.July |
| Sec(F) | Fri | 12-4 (pm) | 8.July |
| Sec(G) | Tue to Fri | 12-3(pm) | 1.July |

| Level III | | သင်တန်းချိန် | စမည့်ရက် |
|---|---|---|---|
| Sec(A) | Sat+Sun | 3- 8 (pm) | 25.June |
| Sec(B) | Wed to Sun | 6- 8 (pm) | 29.June |
| Sec(C) | Tue to Fri | 8-12 (am) | 7.July |

June တန်းခွဲသစ်စည် နံနံပါတ်ယူ ကျောင်းအပ်နိုင်ပြီ။
Ph: 09 510 9922
အမှတ် ၃၄၊ ၄လွှာ၊ အင်းစိန်လမ်းမ၊ ကမာရွတ်။ လည်းတန်းမှတ်တိုင်အနီး၊ရန်ကုန်

## AUNG KAN BO Trading ကုမ္ပဏီလီမိတက်၏ KENBO SMARTPHONE လုပ်ငန်းအကြောင်းအရာ




Kenbo Smartphone လုပ်ငန်းသည်မြန်မာနိုင်ငံတွင် ၂၀၀၄ ခုနှစ်ကတည်းကစတင်တည်ထောင်ခဲ့သောAUNG KAN BO Trading ကုမ္ပဏီလီမိတက်၏ အဖွဲ့ဝင်လုပ်ငန်းတစ်ခုဖြစ်သည်။AUNG KAN BO Trading Company သည် မိုဘိုင်းဖုန်း , မော်တော်ယာဉ်နှင့် လုပ်ငန်းသုံးစက်ယန္တရားကြီးများ, မော်တော်ဆိုင်ကယ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို အဓိကထားလုပ်ဆောင်လျက်ရှိပြီး မြန်မာနိုင်ငံတွင် ကျော်ကြားသော ကုမ္ပဏီတစ်ခုဖြစ်သည် ။ ယနေ့အချိန်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ KENBO အမှတ်တံဆိပ်သည် လူသိများသော ထုတ်ကုန်အမှတ်တံဆိပ် တစ်ခုဖြစ်နေပြီဖြစ်သည်။ မြန်မာနိုင်ငံသားများ တိုးတက်ပြောင်းလဲလာသည့် အဆင့်မြင့် မိုဘိုင်းနည်းပညာများ ထိတွေ့ခံစားနိုင်စေရန်နှင့် လူသားများ၏ နေ့စဉ်ဘဝတွင် ဆက်သွယ်ရေးနှင့် ဖြေဖျော်ရေး ကဏ္ဍများ၌ လိုအပ်လျက်ရှိသည်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် Kenbo Smartphone လုပ်ငန်းကို ဇူလိုင်လ ၂၀၁၃ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး Kenbo Smartphone များကို မိုဘိုင်းဈေးကွက်အတွင်းသို့ ၂၀၁၄ခုနှစ် ဇန်နဝါရီလတွင် စတင်ရောင်းချနိုင်ခဲ့သည်။

## ဝန်ဆောင်မှု (Services)

မိုဘိုင်းဖုန်းအသစ် တစ်ခုထွက်တိုင်း KENBO Smartphone လုပ်ငန်း၏ Training Department မှTraining Teacher များဖြင့်ဖုန်းနှင့် သက်ဆိုင်သောဗဟုသုတများ၊ ဖုန်းရောင်းချရာတွင် လိုအပ်သည့် အရောင်းပိုင်းဆိုင်ရာနည်းဗျူဟာများ နှင့် Customer များကို ဆက်ဆံရာတွင်လိုအပ်သည့် အသိပညာများအား အရောင်းဝန်ထမ်းများကို သင်ကြားပို့ချပေးလျက်ရှိသည်။Training Teacherများကိုလည်းအသစ်အသစ်သော နည်းပညာများကိုအဆက်မပြတ်စေရန် တရုတ်ပြည်ရှိ မိုဘိုင်းဖုန်းစက်ရုံမှ နည်းပညာကျွမ်းကျင်သော Trainging Teacher များလာရောက်၍ မိုဘိုင်းဖုန်းဆိုင်ရာနည်းပညာများပို့ချပေးလျက်ရှိသည်။KENBO Smartphone သည်အရည်အသွေးမြင့်မားသော ထုတ်ကုန်များထုတ်လုပ်ရန်နှင့် သုံးစွဲသူများ၏အသုံးပြုမှုခံစားချက်ကိုအလေးထားဆောင်ရွက်ထားကာ မြန်မာနိုင်ငံသားများအတွက် အရည်အသွေးမြင့်မားပြီး ဈေးနှုန်းသင့်သည့် ထုတ်ကုန်များကို မိတ်ဆက်ပေးနိုင်ခဲ့သည် ။ ထို့အပြင် ဖုန်းဝယ်ယူပြီးနောက်ပိုင်း Factory fault ရှိခဲ့လျှင် Hardware နှင့် Software ကို တစ်နှစ်အာမခံချက် ပေးကာ အခမဲ့ပြုပြင် ဆောင်ရွက်ပေးလျက်ရှိသည်။

## ကြီးမားကျယ်ပြန့်သော အဖွဲ့အစည်း

မိုဘိုင်းဈေးကွက်အတွင်းသို့ KENBO Smartphone များကို ပိုမိုထိရောက်မြန်ဆန်စွာဖြန့်ဖြူးနိုင်ရန်အတွက် Sale and Marketing အဖွဲ့များနှင့် သက်ဆိုင်ရာဒေသအလိုက် Area Sale Manager များခန့်အပ်ကာမြန်မာနိုင်ငံ၏ မြို့ကြီးများဖြစ်သော ရန်ကုန် ၊ မန္တလေး ၊ နေပြည်တော်၊တောင်ကြီး၊ လားရှိုး ၊ မြစ်ကြီးနား၊ ပုသိမ်၊ မိတ္ထီလာ၊ မြိတ်၊ မကွေး ၊ မော်လမြိုင်၊ ပဲခူး၊ မုံရွာ၊ ပြည် တို့တွင်ရုံးခွဲများဖွင့်လှစ်ကာကောင်းမွန်သောဝန်ဆောင်မှုများဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ထိုသို့အားကြိုးမာန်တက် လုပ်ကိုင်ဆောင်ရွက်ကြခြင်းကြောင့် ဖုန်းလုပ်ငန်းစတင်လုပ်ကိုင်သည့် ၂ နှစ်ကျော်ကာလ အတွင်းမှာပင် KENBO Smartphone သည် မြန်မာနိုင်ငံအနှံ့အပြားတွင် နည်းပညာကောင်းမွန်သည့် ဖုန်း Brandတစ်ခုအဖြစ် လူသိများကျော်ကြားလာသည့်အပြင် လစဉ်ရောင်းရသည့် ပမာဏမှာလည်း နိုင်ငံတကာသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသော နာမည်ကြီးမိုဘိုင်း Brand များနှင့်ပင် ယှဉ်ပြိုင်နိုင်သည့်အခြေအနေသို့ရောက်ရှိနေပြီဖြစ်သည်။ KENBO Smartphone အမည်ဖြင့် အောင်မြင်လာခဲ့ရခြင်းမှာ ယုံကြည်စွာဖြင့် လက်တွဲဆောင်ရွက်ခဲ့သည့် မိုဘိုင်းဖုန်းဆိုင်များ ၊ ဝယ်ယူအားပေးခဲ့ကြသည့် Customer များ၏ ကျေးဇူးပင်ဖြစ်ကြောင်း KENBO မိသားစုမှ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။ယခုအခါ မြန်မာနိုင်ငံအနှံ့ အပြားတွင် KENBO Smartphone နှင့်အတူတွဲဖက်လုပ်ကိုင်ဆောင်ရွက်နေသည့်အရောင်းဆိုင်ပေါင်း (၃,၀၀၀)ကျော်ရှိပြီး ဝန်ထမ်းအင်အားထောင်ချီနှင့်လုပ်ငန်းများဆက်လက်ဆောင်ရွက်နေပါသည်။


Open Tomorrow
The 3rd International Exhibition for Food & Drink, Hotel, Restaurant, Bakery & Food Service Equipment, Supplies & Services
FOOD & HOTEL 2016
Myanmar
1-3 JUNE
Myanmar Event Park (MEP)
Yangon 10.00 -18.00 Hrs.
Including:
MCAC 2016
Myanmar Culinary Arts Competition
MNBC 2016
Myanmar National Barista Championship
Myanmar's Largest & Most International Food & Hospitality Trade Event in Myanmar
250 Exhibitors
7 International Pavilions
1,000 Products
Industry Events
Visitor Pre-Registration at
Find us on Facebook
www.foodandhotelmyanmar.com
The Industry's Choice
Supported by:
Organised by:
• Open to trade visitors only • Minor aged below 18 will not be allowed admission • All visitors must be in proper attire
Information Hotline:
Tel: +95-1 513 515-519
Email: marketing@informationmatrix.com
Contact: U Htet Wai Zaw


မြန်မာ့အမြန်ဆုံးကွန်ရက်
အူရီဒူး 4G PLUS
တောက်ပကောင်းမွန်တဲ့ အနာဂတ်ဆီသို့
ooredoo
4G PLUS
ရန်ကုန်၊ မန္တလေး၊
နေပြည်တော်တွင် ရပြီ။
အခြားမြို့များတွင်လည်း
လာတော့မည်။
အသေးစိတ်သိရှိလိုပါက ooredoo.com.mm မှာ ဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။



# အငှားအိမ်ရာစီမံကိန်းမှ တိုက်ခန်း ၃၉၃ ခန်း မဲစနစ်ဖြင့်အငှားချ

## မန်းစည်ပင်မှ ငွေကျပ်သန်းပေါင်း ၁၁၀၀၀ အကုန်အကျခံတည်ဆောက်ထားခြင်းဖြစ်

အောင်ရဲသွင်

**မန္တလေး မေ ၃၀**

မန္တလေးမြို့ရှိ ဧရာဝတီမြစ်ကမ်းတစ်လျှောက်တွင် ယာယီတဲများဖြင့် နေထိုင်သည့် ကာယလုပ်သားများအတွက် တည်ဆောက်ပေးထားသည့် အငှားအိမ်ရာတိုက်ခန်း ၁၅၈၄ ခန်းအနက် ကျန်ရှိနေသော တိုက်ခန်းပေါင်း ၃၉၃ ခန်းကို ယနေ့နံနက် ၈ နာရီက အောင်မြေသာစံမြို့နယ် ကမ်းနားလမ်းရှိ အဆိုပါအငှားအိမ်ရာတိုက်ခန်းဝင်း အတွင်း၌ မဲနှိုက်ချထားပေးခဲ့ကြောင်း သိရသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ကမ်းနားလမ်းတစ်လျှောက် (၁၄)လမ်းမှ (၂၁)လမ်းအထိ တာဝန်ယူတည်ဆောက်ထားသည့် အငှားအိမ်ရာတိုက်ခန်း ၁၅၈၄ ခန်းအနက် ၁၁၈၁ ခန်းအား မတ် ၇ ရက်တွင် မဲစနစ်ဖြင့် အခန်းနေရာများ အငှားချထားပေးခဲ့ပြီး ယခုကျန်ရှိနေသည့် အခန်းပေါင်း ၃၉၃ ခန်းကို အငှားနေထိုင်ခွင့်လျှောက်ထားသူ ၄၃၈ ဦးအတွက် ဒုတိယအသုတ်အနေဖြင့် ထပ်မံအငှားချထားပေးခြင်းဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"တိုက်ခန်းအတွက် မဲပေါက်လို့ ဝမ်းသာပါတယ်။ အငှားအိမ်ရာတွေမှာ တိုက်ခန်းတွေ ပြန်ရောင်းစားတာတွေမရှိပါဘူး။ အချို့သူတွေက မပြေလည်ကျတော့ အခန်းချင်းအလိုက်ပေးပြီး လဲလှယ်တာတွေရှိပါတယ်"ဟု ပထမအသုတ်တွင် မဲပေါက်၍ အငှားအိမ်ရာတွင် နေထိုင်သူ မအေးအေးခိုင်က ပြောကြားသည်။

**စာမျက်နှာ ၉ ကော်လံ ၅ သို့ ✱**

# AYA Bank Cup 2016

## အိမ်ရှင်မြန်မာ၊ ဗီယက်နမ်၊ ဟောင်ကောင်နှင့်စင်ကာပူတို့ ယှဉ်ပြိုင်မည်

ရှိုင်းထက်ဇော်

**ရန်ကုန် မေ ၃၀**

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၆ အာဆီယံဆုဖလားပြိုင်ပွဲကို ဖိလစ်ပိုင်နိုင်ငံနှင့်အတူ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး အောင်မြင်မှုများရယူနိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်အသင်းမှာ ပြင်ဆင်မှုများ စတင်ပြုလုပ်နေပြီဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်း၏ ဆုဖလားပြိုင်ပွဲအကြိုပြင်ဆင်မှုများထဲမှ တစ်ခုအပါအဝင်ဖြစ်သည့် AYA Bank Cup 2016 လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲကို ဇွန် ၃ ရက်မှ စတင်ကျင်းပတော့မည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို အိမ်ရှင်မြန်မာအသင်းနှင့်အတူ အာဆီယံထိပ်သီးအသင်းများဖြစ်သည့် ဗီယက်နမ်အသင်းနှင့် စင်ကာပူအသင်း၊ အာရှတွင် နာမည်ရလာသည့် ဟောင်ကောင်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

**စာမျက်နှာ ၉ ကော်လံ ၅ သို့ ○**



မြန်မာ့လက်ရွေးစင်အသင်း၏ လူငယ်ကစားသမား မောင်မောင်လွင်

# ရန်ကုန်မြို့ ယာဉ်ကြောပိတ်ဆို့မှုဖြေရှင်းမည့် မီးပွိုင့်ထိန်းချုပ်မှုစင်တာ ဩဂုတ်လကုန်တွင် တည်ဆောက်ပြီးစီးရန် လျာထား

ဆုနှင်းလဲ့

**ရန်ကုန် မေ ၃၀**

ရန်ကုန်မြို့တော်အတွင်း ယာဉ်ကြောပိတ်ဆို့မှုများ ဖြေရှင်းဆောင်ရွက်နိုင်မည့် အချက်ပြမီးပွိုင့်စနစ်များဖြင့် စနစ်တကျထိန်းချုပ်ဆောင်ရွက်မည့်စင်တာ(Control Centre) ကို တည်ဆောက်လျက်ရှိရာ ယခုနှစ် ဩဂုတ်လကုန်တွင်ပြီးစီးရန် လျာထားကြောင်း သိရသည်။

"Control Centre တည်ဆောက်မှုအတွက် ယခုနှစ် ဇန်နဝါရီ ၁ ရက်က စတင်ခဲ့တာဖြစ်ပြီး လုပ်ငန်းပြီးစီးဖို့ လျာထားမှုက ဩဂုတ် ၃၁ ရက်ဖြစ်ပါတယ်။ လက်ရှိပြီးစီးမှုက ၆၀ ရာခိုင်နှုန်းရှိနေပါပြီ။ ရင်းနှီးမြှုပ်နှံမှုက ၁၈ ဒသမ ၉၃ ဘီလီယံဖြစ်ပြီး တပ်ဆင်မယ့် မီးပွိုင့်အရေအတွက်က ၁၅၄ ခုဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်းက ပြောသည်။

ယခုကဲ့သို့ အချက်ပြမီးပွိုင့်စနစ် အကောင်အထည်ဖော်နိုင်ပါက မြို့တော်အတွင်း ယာဉ်ကြောပိတ်ဆို့သည့် နေရာများကို ဖြေရှင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ပြီး အဆိုပါ မီးပွိုင့်ဧရိယာများအတွင်းရှိ ယာဉ်သွားလာမှုများကို ထိန်းချုပ်ကွပ်ကဲနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါစနစ်ကို ကမ်းနားလမ်း၊ ဘုရင့်နောင်လမ်း၊ ပြည်လမ်း၊ ကမ္ဘာအေးစေတီလမ်း၊ ပါရမီလမ်း၊ ခရေပင်လမ်း၊ သံသုမာလမ်း၊ ဗားကရာလမ်းတို့တွင် ဦးစားပေးတပ်ဆင်သွားမည်ဖြစ်ပြီး ၎င်းဧရိယာအတွင်းမှာရှိသည့် ယာဉ်များအားလုံးကို Control Centre မှ ထိန်းချုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ■

